# ဗုဒ္ဓပွင့်တော်မူရာ

## မဇ္ဈိမဒေသ



ဗာရာဏသီ အရှင်ဂန္ဓိရဗုဒ္ဓိ

# ဗုဒ္ဓပွင့်တော်မူရာ
# မဇ္ဈိမဒေသ

## ဗာရာဏသီအရှင် ဂမ္ဘီရဗုဒ္ဓိ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ဘုရားဖူးသွားသည့်အခါ ကလကတ္တားမြို့မှတဆင့် အောက်ပါအစီအစဉ်အတိုင်း သွားပါက ခရီးတွင်ပါသည်။ သို့ကြောင့် ဤစာအုပ်ကို ယင်းခရီးသွားအစီအစဉ်အတိုင်း ရေးသားပါသည်။

(၁) ဗုဒ္ဓဂယာ
(၂) မိဂဒါဝုန် (ဗာရာဏသီ)
(၃) သာဝတ္ထိ
(၄) လုံမ္ဗိနီ
(၅) ကုသိနာရုံ
(၆) နာလန္ဒာ
(၇) ရာဇဂြိုဟ်

၂၉၄ . ၃၅

၈ ဘ ၇

# ဗုဒ္ဓပွင့်တော်မူရာမဇ္ဈိမဒေသ

၂၄၅၅၃


စာမူခွင့်ပြုအမှတ် ၃၈၃/၉၁ (၈)

မျက်နှာဖုံးခွင့်ပြုအမှတ် ၄၄၁/၉၁ (၈)

စာအုပ်ပုံနှိပ်အရေအတွက် ၁၀၀၀

စာအုပ်တန်ဖိုး ၃၀၀ ကျပ်

ပထမအကြိမ်

မျက်နှာဖုံးပန်းချီ ကြည်မြင့်(ဆေးသုတေသန)

ထုတ်ဝေသူ ဦးမြင့်ဦး၊ မင်းလှစာပေ (၀၈၁၇)
အမှတ်(၃၀၂/၃)၊ ၂၅ ရပ်ကွက်
သက်န်းကျွန်း

ဖြန့်ချိသူ တင်ရွှေစာပေ
၃၉ ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင် ရန်ကုန်
ဖုံး ၃၁၈၅၁

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ် ဒေါ်အေးသန့် (၀၄၅၉၃)
တင်ရွှေပုံနှိပ်လုပ်ငန်း
၃၉ ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင်ရန်ကုန်

၁၉၉၁ ခု အောက်တိုဘာလ

မျက်နှာဖုံးဓါတ်ပုံများ
- ရှေ့ဖုံး ဗုဒ္ဓခြေတော်ရာ (ဗုဒ္ဓဂယာ)
- နောက်ကျောဖုံး မိဂဒါဝုန်မြင်ကွင်း

# စာပြုသူ၏အမှာစာ

မြန်မာပြည်တွင် ဗုဒ္ဓသာသနာတော် ထွန်းလင်းမှုအရှိန်အဟုန်သည် မြန်မာ့အုပ်ချုပ်မှုနယ်ပယ်အောက်၌ အစဉ်တစိုက် ထွန်းတောက်ခဲ့လေသည်။ လွတ်လပ်ရေးရပြီးခေတ်တွင် ယနေ့မျက်မှောက်ခေတ်သည် အရှိန်အဟုန် အမြင့်မားဆုံးဟု ထင်မိသည်။ တိုင်းပြည်အဝန်း "မြို့တော်မှသည် ကျေးရွာအထိ" နေရာအနှံ့အပြား ဘုရားစေတီမှန်သမျှ ထုံးရောင်တဖွေးဖွေး နေခြည်မှာ ရွှေရည် တဝင်းဝင်းဖြင့် ထွန်းလင်းတောက်ပ သပ္ပါယ်နေကြသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများသည် နိုင်ငံအဝန်း၊ ရပ်ကွက်ကျေးရွာမကျန် ဖွင့်လှစ်သင်ကြားပို့ချနေကြသည်။ နေ့စဉ် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည်များတွင်လည်း ဘာသာရေးဆိုင်ရာ လုပ်ငန်းများ နေ့စဉ်ပါနေသည်။ ဗုဒ္ဓဘာသာရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တွေ့မြင်နေရ၍ "ဗုဒ္ဓဘာသာ-မြန်မာလူမျိုး" ဟူသောစကား ပိုမိုပေါ်လွင်လာသည့်ခေတ်ဟု ဆိုရပေမည်။

ဤသို့လူထုလှုပ်ရှားမှုအသွင်ဖြင့် ဗုဒ္ဓဘာသာထွန်းကားနေချိန်၊ ဗုဒ္ဓဖြစ်စဉ် ဗုဒ္ဓဝင်ကို ကလေးလူကြီးမကျန် သင်ကြားနေချိန်တွင် "ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ မဇ္ဈိမဒေသအကြောင်း"သိကောင်းစရာ အချက်အလက်များ သိရှိကြလျှင်မူ "အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား"ဆိုသကဲ့သို့ ဖြစ်ရေမည်။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသသို့ ရောက်ချင်ကြသည်။ တစ်သက်တစ်ခေါက်ရောက်ရပါမူ အပါယ်တံခါးကြီး "ဂျိန်း"ကနဲပိတ်သည်ဟု ခံယူကြသူလူမျိုးဖြစ်ပေသည်။ အကြောင်းအမျိုးမျိုး အခြေအနေအရပ်ရပ်ကြောင့် မရောက်နိုင်သူများကလည်း ရောက်ဖူးကြသူများ၏ ပြောစကားအရ "သူတို့တော့ကံကောင်းလေစွ"ဟု သဒ္ဓါပီတိတဖွားဖွားဖြင့် အားရကျေနပ်စွာ "သာဓု" ခေါ်ကြပေသည်။ ဤသည်မှာ ကောင်းမြတ်သည့် မြန်မာဗုဒ္ဓဘာသာ ဓလေ့တစ်ခုပင်ဖြစ်ပေသည်။

မဈေးမဒေသရောက်ဖူးသူများကလည်း နောင်အခေါက်ပေါင်းများစွာ ရောက်လိုကြသကဲ့သို့ မရောက်ဖူးသူများကလည်း တစ်သက်တစ်ခေါက်လောက်တော့ ရောက်လိုကြဖူးလိုကြပေအံ့သည်။ မှန်ပါသည်။ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်ကလည်း ရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူခဲ့ဘူးလေသည်။

"ချစ်သား အာနန္ဒာ အကြင်သူသည်

ငါဘုရား ဖွားဖွားရာ 'လုမ္ဗိနီ'

ငါဘုရား သဗ္ဗညုတဉာဏ်တော်ရရာ 'ဗုဒ္ဓဂယာ' (ဗောဓိမဏ္ဍိုင်)

ငါဘုရား တရားဦးဟောရာ 'မိဂဒါဝုန်' (ဗာရာဏသီ)

ငါဘုရား ပရိ နိဗ္ဗာန်စံတော်မူရာ 'ကုသိနာရုံ' တို့ကို ဖူးမြင်ကြည်ညိုသဒ္ဓါပိုကာ သံဝေဂဉာဏ် ရင့်သန်စွာဖြင့် သေလွန်ခဲ့သည်ဆိုအံ့" ထိုသူသည် နတ်ရွာသုဂတိရောက်ရှိမည်သာဖြစ်၏။

ဤတရားသံကို နားဝတွင်မကာ နှလုံးသားပါ ပေါက်ထွက်မတတ် ကြားဘူးနာဘူးမှတ်ဘူးကြသူ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် "ဗုဒ္ဓဂယာ"ဟုဆိုလိုက်လျှင်ပင် သဒ္ဓါရွှင်ရွှင်နားဆင်လိုကြသူများဖြစ်ကြသည်။ ထို့ကြောင့် ဗုဒ္ဓဂယာအကြောင်းနှင့်ပတ်သက်၍ သုတေသီအသီးသီးက မိမိတို့အမြင်အသီးသီးဖြင့် စာအုပ်-စာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေခဲ့ကြသည်ကိုလည်း သိပြီးဖြစ်ပါသည်။ စာရေးသူလည်း မိမိအမြင် မိမိခံယူချက်ဖြင့် ဗုဒ္ဓဂယာအကြောင်း လက်လှမ်းမှီသမျှ ရှာဖွေစုဆောင်းကာ "ဗုဒ္ဓလမ်းညွှန်မြေပုံများ" အမည်ဖြင့် စာအုပ်အဖြစ် ရိုက်နှိပ်ခဲ့ပါသည်။ ကိုစာအုပ်ကိုဖတ်ရှုရသူများအနက် စာရေးဆရာဆရာဝန်တင်ရွှေသည် မိမိထံရောက်လာခဲ့ပါသည်။ ဆရာဝန်တင်ရွှေက "ဗုဒ္ဓဗွာနုလမ်းညွှန်မြေပုံများ"စာအုပ်သည် ဗုဒ္ဓဂယာဘုရားဖူးများနှင့် သုတေသီများအတွက် သက်သက်လိုဖြစ်နေကြောင်း ထိုစာအုပ်မှ အချို့ဆောင်းပါးများ ကျောက်စာများ

လမ်းညွှန်များစသည်များကို ဖြုတ်ပယ်ပြီး ဓာတ်ပုံများ ထပ်မံဖြည့်စွက်ကာ ထုတ်ဝေရပါမူ အလယ်တန်းအဆင့်ရှိကျောင်းသူကျောင်းသားများအထိ အများပြည်သူ ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း စသည်တင်ပြလာပါသည်။ မိမိအနေဖြင့် မိမိပြုစုသည့် စာတစ်ခု ပြည်သူလူထုအများစုဖတ်ရှုရပါမူ အထူးသဖြင့် အနာဂါတ်သာသနာကို ဆက်လက်ခံယူထိန်းသိမ်းကြမည့် ဗုဒ္ဓဘာသာဝင်လူငယ်လူရွယ် "ရတနာညွှန့်" ကလေးများပါဖတ်ရှုလေ့လာနိုင်ပါမူ မိမိဆန္ဒပို၍ပြည့်ဝခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဆရာဝန်တင်ရွှေ၏တင်ပြချက်အရ ကျောက်စာဆောင်းပါး လမ်းညွှန်စသည့် အကျိုးရှိသော်လည်း စာအုပ်ထူစေမည့်အရာများကို ဖြုတ်ပယ်၍ ဓါတ်ပုံများရနိုင်သမျှဖြည့်စွက်ကာ **ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ** အမည်ဖြင့် ထုတ်ဝေရန် ခွင့်ပြုလိုက်ပါသည်။

ဤသို့ခွင့်ပြုခြင်းဖြင့် ဆရာဝန်တင်ရွှေတင်ပြသလို ကျောင်းသားသူငယ်အထိ ပြည်သူအများစုဖတ်ရှုလေ့လာနိုင်ပါမူ မိမိအပင်ပန်းခံကာ သုတေသနပြုထားရကျိုးနပ်ရုံမျှမက "ဗုဒ္ဓဘာသာမြန်မာပြည်သူများ၏ နှလုံးသားတွင် သုတေသနအကျိုးများ တိုးပွားကာ "ဗုဒ္ဓနှင့်ဗုဒ္ဓဘာသာသည် ယုံတမ်းစကား ပြောနေကြခြင်းမဟုတ် ၊ တချိန်က ကမ္ဘာ့မြေပြင် အိန္ဒိယပြည် မဇ္ဈိမဒေသ (ဗာရာဏသီဝန်းကျင်) တွင် အမှန်တကယ် - ဖွား+ပွင့်+ဟော+ထွန်း+စ- ခဲ့သည်မှာ သမိုင်းအထောက်ထား၊ ပထဝီအထောက်ထားမားအရ မှန်ကန်ကြောင်း မျက်မြင်ကိုယ်တွေ့ရောက်သကဲ့သို့ ခံစားကာ ပီတိဆော်ဖြာနိုင်ကြပါစေ" ဟု မေတ္တာပြုလျက်-

**ဗာရာဏသီအရှင်ဂမ္ဘီရဗုဒ္ဓိ**
**ဒေါက်တာ အမိမြန်မာပြည်**
၂၁-၆-၉၁

## ထုတ်ဝေသူ၏ ပဏာမ

ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်ပြုခါနီးအချိန်တွင် နောင်လာနောက်သားတို့ ဗုဒ္ဓကိုကြည်ညိုလိုသူများအတွက် စိတ်ပျက်အားငယ်ခြင်းမရှိစေရန်

သံဝေဇနီယလေးဌာနကို ဘုရားကိုယ်စား အဖူးမျှော်သွားကြရန်မှာကြားသွားသည်ဟု မှတ်သားမိပါသည်။

သံဝေဂရဖွယ်ရာ သံဝေဇနီယလေးဌာနဆိုသည်မှာ –

၁။ လုံမ္ဗိနီ – ဗုဒ္ဓဖွားမြင်တော်မူရာ

၂။ ဗုဒ္ဓဂယာ – ဗုဒ္ဓအဖြစ်ရောက်တော်မူရာ

၃။ မိဂဒါဝုန် – ဓမ္မစကြာတရားဟောရာ

၄။ ကု သိနာရုံ – ပရိနိဗ္ဗာန်ပြုရာ

နေရာတို့ဖြစ်ကြပါသည်။

ထို့ကြောင့် အဆိုပါဌာနတို့ကို မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ အမြဲဘုရားဖူး ထွက်ခဲ့ကြပါသည်။ ထွက်နေဆဲရှိကြပါသည်။

သို့သော် အဆိုပါဌာနတို့မှာ အိန္ဒိယနိုင်ငံတွင် တည်ရှိသဖြင့် လူတိုင်းသွားရောက်ကြဖို့ မဖြစ်နိုင်ပါ။

ထို့ကြောင့် ကိုယ်တိုင်ဘုရားဖူးသွားနိုင်ကြခြင်း မရှိသေးသောသူများ အာရုံပြုနိုင်ရန် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးကော်ပိုရေးရှင်းမှ ဗွီဒီယိုအခွေ ရိုက်ကူးဖြန့်ချီပေးထားပါသည်။ မောင်အံ့ (မဟာဝိဇ္ဇာ)၏ ဗုဒ္ဓဂယာစသည့် စာအုပ်များလည်းရှိကြပါသည်။ သို့သော် ခေတ်လူငယ်များအတွက် ဓါတ်ပုံရုပ်ပုံများများ စာနည်းနည်းဖြင့် တန်ဆာဆင်ထားသော စာအုပ်မျိုး လိုအပ်နေသေးသည်ဟု ကျွန်တော်တို့ထင်ပါသည်။

ဤသို့လိုအပ်နေသော ကွက်လပ်ကိုဖြည့်ရန် ဗုဒ္ဓဂယာဒေသ၌ သာသနာပြုနေရာမှ ခေတ္တ မြန်မာပြည်သို့ ပြန်ကြွလာတော်မူသော ဗာရာဏသီဆရာတော် အရှင်ဂန္ဓာရဗုဒ္ဓိ၏ အိန္ဒိယနိုင်ငံ ဘုရားဖူး များအတွက် ရည်ညွှန်းပြုစုထားသော **ဗုဒ္ဓဌာနများလမ်းညွှန်မြေပုံများ** စာအုပ်ထူးကို သတိပြုမိပါသည်။ စာအုပ်မှာ ဆေးရောင်စုံပုံတော်များဖြင့် တန်ဆာဆင်ထားပြီး ဗုဒ္ဓဂယာ၌ အချိန်အများဆုံး နေထိုင်လျက်ရှိသော ကျမ်းတတ်ပုဂ္ဂိုလ်၏ မူရင်းလက်ရာဖြစ်သဖြင့် လက်ရာမှာ စေ့စပ်သည်။ တိကျသည်။

ထို့ကြောင့် ဆရာတော်ကို ပန်ကြားပြီး ဓမ္မဒါနအဖြစ် ထုတ်ဝေလျက်ရှိသော မူရင်းကျမ်းစာမှ စာလေးမည်ထင်ရသော အပုဒ်များကို ဖယ်ရှား၍ အခြားလိုအပ်သော ရုပ်ပုံဓါတ်ပုံများဖြင့် ဖြည့်စွက်ပြီး အများပြည်သူနှင့် ကျောင်းသူကျောင်းသားများအကျိုးအတွက် စာအုပ်အမည်အသစ်ဖြင့် ထုတ်ဝေပါသည်။

လေးစားစွာဖြင့်

ဆရာဝန်တင်ဆွေ+ဒေါ်အေးသန်း(တင်ဆွေစာပေ)


အိန္ဒိယပြည် - ဗုဒ္ဓဘာသာဒေသများ
တရုတ်
လာဒက်
ပါကစ္စတန်
တရုတ်
တိဗက်
နီပေါ
ဆစ်ကင်း
ဘူတန်
ဒေလီ
လုမ္ဗိနီ
သာဝတ္ထိ
ကုသိနာရုံ
ဝေသာလီ
သင်္ကဿ
နာလန္ဒာ
ဂယာ
ရာဇဂြိုဟ်
ဗုဒ္ဓဂယာ
ကလကတ္တား
မြန်မာ
ဆန်ချီ
အဇန္တာ
အယ်လိုရာ
ကန်ဟေရီ
ဘုံဘေ
ကာလာ
ဘင်္ဂလားပင်လယ်အော်
နာဂဇ္ဇုနကုဏ္ဍ
အမရာဝတီ
မဒရပ်
အာရပ်ပင်လယ်
သီဟိုဠ်
အိန္ဒိယသမုဒ္ဒရာ







မြေပုံအညွှန်း

နိုင်ငံ နယ်နိမိတ် —·—·—·—
ပြည်နယ် နယ်နိမိတ် – – – – –
ညအိပ်စခန်းမှာ ဘုရားဖူးရာနေရာ
မြစ်
မော်တော်ကားလမ်း ————
ဘေးတွေ့ရာကိုဖူးမြော်ရာနေရာ ▲

| မှ | သို့ | မိုင် | နားရသောနေ | ည | ရက် |
| --- | --- | --- | --- | --- | --- |
| ကာလကတ္တာ | ဗုဒ္ဓဂယာ | ၃၀၀ | ကာလကတ္တား | ၃ | ၄ |
| ဗုဒ္ဓဂယာ | မိဂဒါဝုန် | ၁၅၇ | ဗုဒ္ဓဂယာ | ၄ | ၄ |
| မိဂဒါဝုန် | သာဝတ္ထိ | ၂၁၇ | မိဂဒါဝုန် | ၄ | ၄ |
| သာဝတ္ထိ | လုမ္ဗိနီ | ၁၃၇ | သာဝတ္ထိ | ၁ | ၁ |
| လုမ္ဗိနီ | ကုသိနာရုံ | ၀၇ | လုမ္ဗိနီ | ၁ | ၁ |
| ကုသိနာရုံ | ပဋ္ဌာနာ | ၁၄၅ | ကုသိနာရုံ | ၃ | ၃ |
| ပဋ္ဌာနာ | ရာဇဂြိုဟ် | ၆၂ | ပဋ္ဌာနား | ၁ | ၁ |
| ရာဇဂြိုဟ် | ကာလကတ္တာ | ၃၃၉ | ရာဇဂြိုဟ် | ၄ | ၄ |
| | ၉ ၉ ၀ မိ င်း | ၁၄၄၄ | ၉ ၇ ၀ ဝ ငး | ၂၁ | ၂၂ |

လုမ္ဗိနီ။ ဗုဒ္ဓဖွားမြင်တော်မူရာ။

ကပိလဝတ္ထု။ ကလေးဘဝမှ ၂၉ နှစ်ထိအိမ်ရှေ့စံဘဝ။

ဗုဒ္ဓဂယာ။ ဗုဒ္ဓဂါယာ ဗုဒ္ဓအဖြစ် ရောက်တော်မူ၍ သတ္တာ ဌာနစံရာ။

ရာဇဂြိုဟ် တောထွက်ခါစ၊ပထမဆုံးရောက်ရာ။

ဒုတိယစသည့်ဝါဆိုခြင်း၊ပထမသံဃသန္နိပါတစသည်။

ဥရုဝေဠတောတန်း။ ဒုံဂေစရီတောင်၊ဒုက္ကရစရိယာကျင့်ရာ။

ဥရုဝေဠကုန်းရသေ့ညီနောင်ရှင်တစ်ထောင်ချွတ်ရာ

မိဂဒါဝုန်(ဗာရာဏသီ)။ ဓမ္မစကြာတရားဦးဟောရာ၊ပထမဝါဆိုရာ။ ရဟန္တာ ၆၀ ဖြစ်ရာ၊သာသနာပြုစတင်ရာ။

ကောသမ္ဗီ(အလာဟာဗာဒ်)။ဝါဆိုရာ၊ ရဟန်းများကြောင့် တစ်ကိုယ်တော် သီတင်းသုံးခဲ့ရာ။

ဗုဒ္ဓဌာန လမ်းညွှန်မြေပုံများ (သံဃာအား ဘုရားမဆန်သာ ဇကားဖြစ်ပေါ်ရာ နေရာ)

သာဝတ္ထိ(ဆာဟဲက်မဟက်)ဇေတဝန်ကျောင်းတော်စသည်။ ၂၄ ဝါ-ဝါဆို ရာစသည်။

ဝေသာလီ။ (ပတ္တနာတစ်ဘက်ကမ်း)ပရိနိဗ္ဗာန် ပြုခါနီး၊ နောက်ဆုံးကြည့်ရာ။

ကုသိနာရုံ။ (ကုသိုနဂရ်) ပရိနိဗ္ဗာန်ပြုရာ။

မှတ်ချက်။ ။သက်ဿနကိုရ်သည်....မြေပုံအတွက် ဝေးလွန်း၍ မထွဲတော့ပါ။ (ဦးဆက်ရှည်၏ ဝါဆိုစဉ်မြေပုံတွင် ကြည့်နိုင်သည်)။ဗုဒ္ဓမြတ်စွာ အမြဲတစေ သီတင်းသုံး လှည့်လည်ရာနေရာသည် ခေတ်အခေါ်အားဖြင့် နီပေါလ်နယ်စပ်နှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ဗီဟာရ် နယ်တို့သာဖြစ်ပါသည်။ သက်ဿနကိုရ်သည်လည်း....ယူပီ(ဥတ္တရာဒေ့ရှ်)အထက်ပိုင်း ဒေလီနှင့် လက္ခနောင်း တို့၏ကြားတွင် ရှိပါသည်။ အသွားအလာ ခက်ခဲသဖြင့် ရောက်သူ နည်းပါးသေးသည်။



# ဗုဒ္ဓမြတ်စွာ၏-ဝါဆိုစဉ်နှင့် ခုနှစ်သက္ကရာဇ်များ

| ဝါစဉ် | နေ ရာ | ခုနှစ်များ(ဘီစီ) |
|---|---|---|
| | မွေးဖွား........လုမ္မိနီ........နီပေါလ် | ၅၆၃(သို့)၆၂၃ |
| | ဗုဒ္ဓအဖြစ်သို့ရောက် ဗုဒ္ဓဂါယာ ဗီဟာရ်ပြည်နယ်,အိန္ဒိယ | ၅၂၈ ။ ၅၅၈ |
| ၁။ | ဣသိပတန မိဂဒါဝုန် (ဆာရ်နာထ်) ဗာရာဏသီ ယူပီပြည်နယ် | ၅၂၈ ။ ၅၅၈ |
| ၂။ | ဝေဠုဝန် ရာဇဂြိုဟ် ဗီဟာရ်ပြည်နယ် | ၅၂၇ ။ ၅၅၇ |
| ၃–၄။ | ။ | ၅၂၆–၅၂၅ ။ ၅၅၆– ၅၅၅ |

၅။ ဝေသာလီ ဗိဟာရ် ၅၂၄ ။ ၅၅၄
၆။ မကုလတောင် ချယား‌တော-ရာဇဂြိုဟ် ၅၂၃ ။ ၅၅၃
၇။ တာဝတိံသာ–ဒေဝလောက ၅၂၂ ။ ၅၅၂
၈။ ပဲစင်းငုံတော–သံသုမာရဂိရိ(ကျူနာရ်) ၅၂၁ ။ ၅၅၁
၉။ ကောသမ္ဗီ(အလာဟ်ဟာဗာဒ်)ဃောသိတာရုံ ၅၂၀ ။ ၅၅၀
၁၀။ ပါလိလေယျက(မိဂျာပူရ်)ကောသမ္ဗီအနီး ၅၁၉ ။ ၅၄၉
၁၁။ နာလာရွာ ဗိဟာရ်–(နာလိကာရုံ) ၅၁၈ ။ ၅၄၈
၁၂။ ဝေရဉ္စာပြည် (ဝနပ္ပတိတော) (ကန်နက်ချ်နှင့်မထုရာ
ကြား) ၅၁၇ ။ ၅၄၇

၁၃။ စာလိလတောင် (ငန္တုရွာ) (ဗိဟာရ်) ၅၁၆ ။ ၅၄၆
၁၄။ ဇေတဝန် သာဝတ္ထိ(ဂွန်ဒါ)(ဆာဟဲက်မဟဲက်) ၅၁၅ ။ ၅၄၅
၁၅။ နိဂြောဓာရုံ ကပိလဝတ်(ယခု နိပေါလ်) ၅၁၄ ။ ၅၄၄
၁၆။ အာဠဝီ(အာရ်ဝလ်) ၅၁၃ ။ ၅၄၃
၁၇။ ရာဇဂြိုဟ် ဗိဟာရ် ၅၁၂ ။ ၅၄၂
၁၈။ စာလိယတော ၅၁၁ ။ ၅၄၁
၁၉။ ။ ၅၁၀ ။ ၅၄၀
၂၀။ ရာဇဂြိုဟ်(ရာဂျ်ဂိရိ) ၅၀၉ ။ ၅၃၉

၂၁–မှ- ၄၄။ သာဝတ္ထိ (ဆာဗ်ဝဇတီး) ၅၀၄–၄၀၄ ။ ၅၃၈– ၅၁၈
၄၅။ ဗေလုဝရွာ၊ ဝေသာလိ(ဝေသျာလိ)–ဗိဟာရ် ၄၀၃ ။ ၅၁၇
၊ ရှိနိဗ္ဗာန်ပြုခြင်း–ကုသိနာရုံ (ကုသျိနဂရ်) ။ ။

* မှတ်ချက်၊ ဗုဒ္ဓ၏ မွေးသက္ကရာဇ်ကို အချို့က–ဘီစီ–၆၂၃ ဟုဆိုကြသည်။ ဘီစီ-၆၂၃ ယူလျှင်–ဗုဒ္ဓဖြစ်သည့် သက္ကရာဇ်မှာ ၅၅၈-ဖြစ်၍–ဝါဆိုစဉ်ကိုလည်း၊ ၅၅၈–မှ စရေပါမည်။ သို့ဖြင့် ဂဏန်းနှစ်ထပ်ပေါ်ပြလိုက်ပါသည်။




ဗုဒ္ဓမြတ်စွာ၏
ဘဝခရီးစဉ်ပြမြေပုံ


ဝါတော်စဉ်မြေပုံ
ဦးသက်ရှေ
မြေပုံရေးဆွဲသူ
ကပိလဝတ်
ကာလိယတောင်
မှတ်ချက်။

## ဘုရားဖူးခရီးစဉ်ကြောင်း
## ဗုဒ္ဓဂူသို့ခရီးစဉ်သဘာဝမြေပုံ




မဇ္ဈိမဒေသ-တိုင်းကြီး
မြေပုံ

# ဗုဒ္ဓဂ ယာ

## တည်နေရာ

ဗီဟာပြည်နယ်၊ ဂယာခရိုင်၊ ဂယာမြို့မှာ ၁၇ ကီလိုမီတာဝေးသော နေရာ၌ တည်ရှိသည်။ ကာလကတ္တားမှ မီးရထားလမ်း ၄၅၉၊ ကားလမ်း ၄၇၀ ကီလိုမီတာဝေးသည်။

## ယခင်နှင့် ယခုအမည်

ဗုဒ္ဓလက်ထက်တွင် ဥရုဝေလတောတန်းတွင်ပါဝင်သည်။ လီလာဂျန် ခေါ်နေရဉ္စရာမြစ်၏ အနောက်ဘက်၌တည်ရှိသော တောရွာပင်ဖြစ်၏။ ယခုမူ ဗုဒ္ဓပွင့်ခြင်းကို အကြောင်းပြု၍ လည်းကောင်း ဂယာမြို့အနီးတွင် တည်ရှိသဖြင့် လည်းကောင်း ဗုဒ္ဓဂါယာ ဟုပင်ခေါ်၏။

## မြင်ကွင်း

ဗုဒ္ဓဂ ယာ ပတ်ဝန်းကျင်သို့ရောက်သည်နှင့် မဟာဗောဓိစေတီတော်ကြီး ကို ထင်ရှားစွာမြင်ရ၏။ ဤစေတီကြီးတည်ရှိရာ ဝင်းအတွင်း၌ ဗုဒ္ဓမြတ်စွာဘုရား ရှင်တိုင်း ပွင့်ပေါ်အောင်မြင်တော်မူရာဖြစ်သည့် ဗောဓိပင်နှင့် ပလ္လင်တော် အပါအဝင် သတ္တသတ္တာဟ(၄၉)ရက် စံတော်မူရာ (သတ္တဋ္ဌာန)နေရာများရှိ ကြသည်။ ဘုရားဖူးများမှတ်ရလွယ်ကူစေရန် အဝင်ဝမှစ၍ မြင်ရသည်များကို မြေပုံပါအတိုင်း ဖော်ပြသွားမည်။ ဂဏန်းနှစ်ထပ်ပြထားရာ အပေါ်ရှိ မြန်မာ ဂဏန်းမှာ နေရာစဉ်ပြ ဂဏန်းဖြစ်ပြီး အောက်မှအင်္ဂလိပ်ဂဏန်းမှာ သတ္တဋ္ဌာန အစဉ်ပြဂဏန်းဖြစ်သည်။

### ၁။ ပဥ္စမသတ္တာဟ အဇပါလဆိတ်ကျောင်းညောင်ပင်

မဟာဗောဓိစေတီတော်ကြီးကို အဝင်မုခ်ဝမှ ကြည့်လျှင်အပေါ်မှစီး၍ မြင်ရပြီး အနိမ့်မြေ၌တည်ရှိနေ၏။ အဝင်ဝနှင့် ပတ်လည်၌ မြေမြင့်နေခြင်းမှာ နေရဉ္စရာမြစ်ရေကြီးသောအခါ မြစ်ရေများ ဘုရားသို့မဝင်နိုင်စေရန် ကာကွယ်

# ဗုဒ္ဓဋ္ဌာနလမ်းညွှန်

## မြေပုံများ

ဗာရာဏသီ အရှင်ဂမ္ဘိရဗုဒ္ဓိ







တတိယသတ္တာဟ–ရတန၁ စင်္ကြံတော်



ပဉ္စမသတ္တာဟ—အဇပါလ နိဂြောဓကျောက်တိုင်



သုဇာတာ—ဃနာနို့ဆွမ်း ကပ်လှူရာနေရာ

သောအားဖြင့် တာတမံဖို့ထားခြင်းဖြစ်သည်။ လှေကားမှဆင်းလျှင် ဆင်းခြင်း လှေကားခြေရင်းရောက်သည်နှင့် လမ်း၏အလည်ခန့်တွင်ပင် ၁၂ ပေခန့်ရှိ ကျောက်တိုင်ငုတ်တစ်ခုကို တွေ့ရ၏။ ထိုကျောက်တိုင်ငုတ်နှင့်ကပ်လျက် တိုင်ဖြင့်ချိတ်ဆွဲထားသော မြန်မာခေါင်းလောင်းကြီးတစ်ခုလည်းရှိသည်။ ယင်းကျောက်တိုင်ငုတ်နေရာသည် ဗုဒ္ဓမြတ်စွာ ဗောဓိပင်နှင့်ပလ္လင်တော်ကို အောင်မြင်ပြီးနောက် ၅ ခုမြောက် ရက်သတ္တပတ်အဖြစ် စံတော်မူခဲ့ရာ အဇပါလဆိတ်ကျောင်း ညောင်ပင်နေရာဖြစ်၏။ ၎င်းကျောက်တိုင်ကို ဘီစီ (၂၄၉)ခုနှစ်က အသောကမင်းကြီး ဘုရားဖူးထွက်စဉ် ခေတ်က စိုက်ထူခဲ့သည်ဆို၏။ ကျောက်တိုင်မှာ ၁၂ ပေမြင့်ပြီး ကျိုးပဲ့နေကြောင်း တွေ့ရ၏။ အချို့ကလည်း နေရဉ္စရာမြစ်တစ်ဘက်ကမ်းရှိ ဟိန္ဒူကျောင်းဝိုင်းနေရာကို အဇပါလဟု ဆိုကြသေး၏။

## ၂။ မြန်မာခေါင်းလောင်းနှင့် ကျောက်စာငယ်

၎င်း ကျောက်တိုင်၏အနောက်ဘက်ကပ်လျက်ပင် တိုင်ဖြင့်ချိတ်ဆွဲထားသော ခေါင်းလောင်းကြီးကို မြန်မာပြည်မှ လှူဒါန်းထား၍ မြန်မာစာတို့ဖြင့် ရေးသားထားသောအကြောင်းအရာများကို ဖတ်နိုင်၏။ ဗောဓိပင်အရှေ့ဘက်တွင် အခြားခေါင်းလောင်းတစ်ခုရှိသေး၏။ ၎င်းခေါင်းလောင်း၏ ယာ(မြောက်)ဘက်ကုန်း မြင့်ထက် (လမ်းဘေး)တွင်ပင် ၁ ပေခွဲခန့်ရှိ မြန်မာတို့၏ ကျောက်စာငယ်တစ်ခုကိုလည်း ဖတ်နိုင်ကြ၏။ မြန်မာတို့အတွက် မှတ်သားရန်ပင်။

## ၃။ ဒုတိယသတ္တာဟ အနိမိသစေတနသတ္တာဟ

အဇပါလကျောက်တိုင်နှင့် ခေါင်းလောင်းတို့သည် မြေနိမ့်မှာရှိကြပြီး ၎င်းတို့၏ယာ(မြောက်)ဘက် ကုန်းမြင့်ပေါ်တွင် ၅၅ ပေခန့်မြင့်သော စေတီတစ်ဆူရှိ၏။ ယင်းသည်ဘုရားရှင် ဒုတိယမြောက် ရက်သတ္တပတ်အဖြစ် စံတော်မူ၍ ဗောဓိပင်နှင့်ပလ္လင်တော်ကို မျက်တောင်မခတ် ၇ ရက်ပတ်လုံးကြည့်တော်မူရာဖြစ်၏။ အလှူရှင်ကိုမသိရ။ ၅၅ ပေမြင့်ပြီး ၁၆ ပေပတ်လည်ကျယ်ဝန်းသည့်ကုလားကျောင်းခံပုံစံဖြစ်၏။ (၁၉၇၄၊ ဩဂုတ်လတွင် မိုးသည်းထန်၍ ယင်းစေတီပြိုကျသဖြင့် ပြန်လည်ပြင်ဆင်နေသည်)

## ၄။ ဟိန္ဒူသင်္ချိုင်း (သမ္မာဓိ) ငယ်လော၊

အနိမိသစေတီနှင့် မဟာဗောဓိစေတီကြီးကြား (ခပ်စောင်းစောင်း) နေရာတွင် စေတီယောင်ယောင် ဂူယောင်ယောင် ပေ ၂၀ ခန့်မြင့်သော



အဆောက်အအုံတစ်ခုရှိသေး၏။ ယင်းသည်ဟိန္ဒူဘုန်းကြီးတို့၏ သင်္ချိုင်းငယ် (သမာဓိ)ဖြစ်၏။ (သိရသည်မှာ ဒု-မဟန့်၏ တပည့်တစ်ဦး၏ သမာဓိပင် ဖြစ်၏)

## ၅။ ပဉ္စပဏ္ဍဝနှင့် မဟန့်သင်္ချိုင်း။

စေတီကြီး၏ အဝင်လမ်းဝဲဘက်ကပ်လျက်(အဇပါလနှင့်ခေါင်းလောင်းကိုဖြတ်ကျော်ပြီးလျှင်)အဆောက်အအုံနှစ်ခုတွဲလျက်တည်ရှိ၏။ကုလားများက မယ်တော်မာယာ ဗုဒ္ဓအမေ လာကြည့်ပါ ဟုခေါ်နေသည့် အဆောက်အအုံဖြစ်၏။ မယ်တော်မာယာ ဟု ကုလားခေါ်သောနေရာသည် ပဉ္စပဏ္ဍဝတန်ဆောင်းဖြစ်၏။ ဘုရားလောင်းရုပ်တုနှင့် မယ်တော်မာယာရုပ်တုရှိ၏။ တစ်ခုမှာ(ဘုရားကြီးဘက်ကပ်လျက်)မှာ ဟိန္ဒူဘုန်းကြီး မဟန့်တစ်ပါး၏ မသေမီတည်းက အရှင်လတ်လတ်ဂူအောင်းပြီး (သမာဓိ)ဝင်၍ အသေခံရာသင်္ချိုင်းဖြစ်၏။(ယင်း၏အဝင်နှစ်ဘက်တိုင်ဘေးတွင်မြန်မာလက်ရာဆံပင်ကိုင်ထားသောကျောက်ဆစ်ရုပ်နှစ်ခုရှိ၏)

## ၆။ စေတီတော်ကြီး၏ အတွင်းပိုင်း

ထိုအဆောက်အအုံများကိုကျော်လျှင်စေတီတော်ကြီး၏အဝင်ရောက်ပြီဖြစ်၏။ အတွင်းပိုင်းတွင် ခန်းမတစ်ခုကိုဖြတ်ကျော်ပြီးနောက် ရွှေရောင်ဝင်း၍ ယောကျ်ားမြတ်လက္ခဏာနှင့် ပြည့်သည့်သပ္ပာယ်လှသော ဆင်းတုတော်ကြီးသည် ဘုရားဖူးသူ၏ ရင်နှလုံးကိုအေးမြစေကာ အတိုင်းမသိပီတိကို ဖြစ်ပေါ်စေရန် ဆွဲဆောင်နေ၏။ ဆင်းတုတော်ကြီး၏ အရှေ့ရောက်လျှင် (အထူးသတိထားရန်မှာ) ဘုရားရှေ့အလယ်တည့်တည့် ကြမ်းပြင်တွင် လေးထောင့်ပျဉ်ကွပ်ထားပြီး အလယ်၌ ကျောက်ပြားတွင် စက်ဝိုင်းရှိလျက် ပန်းတို့ဖြင့်ပူဇော်ထားရာနေရာသည် ဟိန္ဒူတို့၏ သျှိဝလိင်(ဟိန္ဒူဘုရား သျှိဝ၏ အင်္ဂါဇာတ်)နေရာဖြစ်၏။ ဗုဒ္ဓဘာသာနှင့်မဆိုင်ပေ။ သို့သော် ယခင် ဟိန္ဒူမဟန့်များကြီးစိုးစဉ်က သျှိဝလိင်ကျောက်တိုင်ထား၍ ကိုးကွယ်ခဲ့ပြီး အစိုးရက ရွှေ့ပြောင်းခဲ့သော်လည်း လက်ကျန်နေရာလေးကိုပင် သဲသဲမဲမဲ လာရောက်ကြည်ညိုကြသော ဟိန္ဒူတို့၏ဇွဲကိုလည်း မှတ်ဖွယ်ကောင်း၏။

၇။ အဝင်ဝ၏ ဝဲနှင့်ယာလှေကားမှ တစ်ဆင့် အပေါ်ထပ်သို့ တက်ရောက်လှည့်ပတ် ကြည်ညိုနိုင်၏။ အပေါ်ထပ်အလယ်တွင် လိုဏ်ဂူရှိပြီး ဘုရားလောင်းရုပ်တုနှင့် တရားထိုင်ရန်ခန်းမရှိ၏။ အောက်ထပ်ရှိ တာဝန်ကျ ရဟန်းထံတွင် ယင်းအခန်းသော့ကို တောင်းယူ၍ တရားထိုင်နိုင်၏။

## ၈။ ကျောက်လက်ရန်းများ

စေတီကြီးမှ ထွက်၍ ဝဲဘက်သို့သွားလျှင် ကျောက်သားအတိ ပြီး၍ ထွင်းဖောက်တပ်ဆင်ထားသော ကျောက်တံတိုင်းလက်ရန်းကို လေ့လာနိုင်၏။ ယင်းကို အသောကမင်းကလုပ်ခဲ့၍ သုင်ခေတ်တွင် ကုရန်ဂိမ်ဖုရားက ပြန်လည်ပြင်ဆင်ခဲ့သည်ဆို၏။ ၈ ပေမြင့်သည်။

## ၉။ ဗောဓိပင်နှင့်ပလ္လင်

ကျောက်လက်ရန်းဘေး ပတ်လမ်းအတိုင်း စေတီကြီး၏နောက်သို့သွားလျှင် ထီးထီးမားမား ဗောဓိပင်ကြီးကိုတွေ့ရ၏။

ဗောဓိပင်နှင့် စေတီတော်ကြီးကြားတွင် ပလ္လင်တစ်ခုရှိ၏။ ဘုရားရှင်သည် ဤပလ္လင်နေရာ၌ စေတီဘက်သို့ မျက်နှာမူကာ (စေတီအတွင်းရှိ ဆင်းတုတော်ပုံစံအတိုင်း) ထိုင်လျက် မဟာသက္ကရာဇ် ၁၀၃၊ ဘီစီ-၅၈၈(သို့)၅၂၈ ကဆုန်လပြည့်နေ့ညနေတွင် မာရ်နတ်ရန်ကို အောင်မြင်တော်မူပြီး ညတွင် ဘုရားအဖြစ်ရောက်တော်မူ၍ ပထမဆုံး ရက်သတ္တပတ်အဖြစ် စံတော်မူရာနေရာဖြစ်၏။ ပလ္လင်ကို မဟာယာနများက ဝဇိရာသန(စိန်ပလ္လင်)ဟု ခေါ်သည်။ အလျား ၇ ပေ၊ ၇ လက်မ၊ အနံ ၄ ပေ ၁၀ လက်မ၊ အမြင့် ၃ ပေရှိ၏။ ဘုရားရှင်ထိုင်သည့် မူလပလ္လင်မဟုတ်။ နောက်မှ အထိမ်းအမှတ်လုပ်ထားခြင်း ဖြစ်၏။ ဗောဓိပင်ကြီးမှာလည်း မူလအပင်မဟုတ်ပေ။ မူလအပင်မှာ အသောကမင်း၏ မိဖုရားက ခုတ်လှဲပစ်၍ အသောကသည် ထပ်စိုက်ခဲ့၏။ အေဒီ ၆ ရာစုတွင် ဘင်္ဂါဘုရင် သသင်္ကသည် တစ်ဖန်လှဲပြန်၏။ အငုတ်မှ တစ်ဖန်ပြန်ပေါက်၏။ ၁၈၇၀ အေဒီတွင် ကျောက်စာဌာနမှ ဤနေရာကို သုတေသနလုပ်ရာ အပင်အိုကြီးလဲသွား၍ မစ္စတာ ကာနင်ဂန်က တစ်ဖန်ပြန်စိုက်ထားသောအပင်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဗောဓိပင်မကြီး၏ မျိုးဆက်ပင်ဖြစ်၍ ထပ်တူမျှကြည်ညိုရာ၏။

## ၁၀။ ခြေတော်ရာ

ဗောဓိပင်အောက် (ဗောဓိပင်နှင့်ပလ္လင်သို့တက်ရာ ဘောင်ဘက်လှေကား၏)ခြေရင်းတွင် ကျောက်တုံးနှစ်ခုပေါ်၌ ထင်ရှားသော ခြေတော်ရာနှစ်စုံကို တွေ့ရ၏။ တစ်ခုမှာ အနည်းငယ်အက်နေ၍ ရှေးဟောင်းဖြစ်ပုံရပြီး တူးဖော်စဉ်က ရခဲ့ဟန်တူ၏။ (၎င်းသည် ဗုဒ္ဓခြေတော်ရာဖြစ်ပြီး အသစ် (ပုံကောင်းကောင်း)မှာ ဟိန္ဒူနတ်ဘုရား ကရိရှနား၏ ခြေတော်ရာဖြစ်၏)

## ၁၁။ တတိယ သတ္တာဟ ရတနာစင်္ကြံလမ်း

3

ဗောဓိပင်မှ စေတီကြီး၏မြောက်ဘက်သို့ ကွေ့လျှောက်သွားသောအခါ အရှေ့အနောက် တန်းနေသော ကြွပွင့်ရာများသည် ဘုရားရှင် တတိယ ရက်သတ္တပတ် အဖြစ် စင်္ကြံသွားကာ စံတော်မူရာဖြစ်၏။ ဘုရားရှင်သည် ဗောဓိပင်ရင်း၌ ၇ ရက်၊ အနိမိသ မျက်တောင်မခတ်ဘဲ ၇ ရက်၊ ဗောဓိပင်ကို ကြည့်နေခဲ့ရာ နတ်များက ကိလေသာမကုန်ဟု သံသယဝင်သဖြင့် သံသယ ပျောက်စေရန် ကောင်းကင်၌ ရတနာစင်္ကြံပန်ဆင်းပြီး ဗောဓိပင်နှင့် အနိမိသ ကြားတွင် ၇ ရက်လမ်းလျှောက်ကာ စံတော်မူရာ အထိမ်းအမှတ်ဖြစ်၏။ ယင်း ခြေတော်ရာကြွပွင့်များကို ဘီစီ—၁ ရာစု(ကောသိကီပုတ္တရ၊ အန္ဒရာဂနိမိတြ ဘုရင်၏ မိဖုရားကြီး)ကုရန်ဂီမိဖုရား ဆောက်လုပ်လှူဒါန်းခဲ့သည်ဟုဆို၏။ (ဘီစီ— ၁ ရာစုတွင် ၁၈၅ မှ ၇၃ ထိ သုန်ဂမင်းဆက်ဖြစ်၍ ဟိန္ဒူဘာသာဝင်ဘုရင်များ ဖြစ်ပြီး ဗုဒ္ဓဘာသာအား အပြင်းအထန် နှိပ်ကွပ်သော ဘုရင်များဖြစ်၏။ ဘီစီ— ၂၈ တွင် သုန်ဂမင်းဆက်ပြုတ်၍ အန္ဒရာမင်းဆက် အာဏာ ပျံ့နှံ့လာရာ ဗုဒ္ဓဘာသာမင်းဆက်ဖြစ်၍ ၎င်းမင်းဆက်မှဟုထင်ရ၏)ကြွပွင့်များသည် ၃ ပေ မြင့်၍ ပေ ၆၀ ရှည်လျား၏။ ဘေး၌ ကျောက်တိုင်ငုတ်များ တွေ့ရ၍ မူလက အမိုးရှိကောင်းသည်ဟု ယူဆကြ၏။ ခုံပေါ်မှကြွပွင့်များမှာ နောက်မှ လုပ်ထားခြင်းဖြစ်ဟန်တူ၏။

## ၁၂။ ဟိန္ဒူညောင်ပင်ကြီး

၎င်း တတိယသတ္တာဟ စင်္ကြံနေရာမှ တံတိုင်းကျောက်တိုင်ငုတ်များကို ဖြတ်ကျော်လျှင် ညောင်ပင်ကြီးတစ်ပင်နှင့် အုတ်ခုံရင်ပြင်တွင် နတ်ရုပ်များရှိ၏။ ၎င်းသည် ဟိန္ဒူတို့၏ သေလွန်သောမိဘများ၊ ဘိုးဘွားများကို (တစ်နှစ် တစ်ကြိမ်) ထမင်းကျွေးရာညောင်ပင် ဖြစ်၏။ ၎င်းညောင်ပင်ကိုလည်း မစ္စတာ ကာနင်ဂန်ပင် ဗောဓိပင်နှင့်အတူတူ ဟိန္ဒူဘာသာဝင်တို့အတွက် စိုက်ထူပေးခဲ့ ခြင်းဖြစ်၏။ ၎င်းကို ဟိန္ဒူဘာသာဖြင့် ဘိုဒ်၊ မြန်မာ(ဘုတ်—တစ္ဆေ)ဟုခေါ်ရာ မှာ ဘိုဒ်ဂါယာဟု ခေါ်တွင်ကြောင်းလည်း အချို့ကဆိုကြ၏။ ယင်းညောင်ပင် ပတ်လည်တွင် စေတီရာနှင့် အဆောက်အအုံပျက်ရာများ ပြည့်နေ၏။

## ၁၃။ စတုတ္ထသတ္တာဟ၊ ရတနာဃရ ရွှေအိမ်နေရာ

၎င်းဟိန္ဒူညောင်ပင်ကြီး၏ ဝဲဘက်အနောက်ယွန်းသွန်းတွင် အုတ်တိုက် ငယ်တစ်ခုရှိ၏။ အတွင်း၌ ဘုရားဆင်းတုတော်ငယ်ရှိ၏။ ၎င်းသည် ဘုရားရှင်

စတုတ္ထမြောက် ရက်သတ္တပတ်စံတော်မူ၍ ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်ရာ ကိုယ်တော်မှ ရောင်ခြည်တော် ၆ သွယ် ကွန့်မြူးတော်မူရာဖြစ်၏။ ၎င်းနေရာသည် ပဋ္ဌာန်းဒေသနာတော်၏ လေးနက်မှုကြောင့် ရောင်ခြည်တော်ပေါ်ထွန်းရာဖြစ်ကြောင်း အထူးမှတ်သားအပ်၏။ အုတ်တိုက်သည် ၁၄ ပေ ၁၂ ပေကျယ်၏။ ဒကာ မသိ။ စေတီတော်ပတ်လည် အတွင်းပိုင်းနှင့် မြောက်ဘက်ရှိ သိစရာများကုန်ပြီဖြစ်၍- ယာ(တောင်)ဘက်သို့ စေတီကြီးရှေ့မှပတ်၍ သွားရမည်။

## ၁၄။ ဆဋ္ဌမသတ္တာဟ မုစလိန္ဒာအိုင်နေရာ

စေတီကြီးရှေ့မှပတ်ကာ လမ်းငယ်အတိုင်း တောင်ဘက်သို့ သွားလျှင် အရှေ့အနောက်တာလမ်းကို ဖြတ်ကူးသည့်တံတားကိုကျော်ပြီးနောက် ကျောက်တိုင်တစ်ခုနှင့် မုခ်ဝဖြင့် ခမ်းနားသော ရေကန်ကြီးတစ်ခုရှိ၏။ ယခုအခါ ၎င်းကို ဘုရားရှင် ဆဋ္ဌမရက်သတ္တပတ်အဖြစ် မုစလိန္ဒာနဂါးမင်း ပါးပျဉ်းအောက်တွင် စံတော်မူရာ မုစလိန္ဒ (ကျည်းပင်)အိုင်ဟု ဆိုကြ၏။ အချို့က ယင်းကန်မှာ ယခင်က ဘုရားဖူးများအသုံးပြုရန် ရေကန်ဖြစ်သည်ဆို၏။ မုစလိန္ဒာအိုင်နေရာမှာ ဤနေရာမှ တစ်မိုင်ခန့်ဝေးသော နေရာ၌ မုစလိန်ခေါ်သော အိုင်ရှိကြောင်း ၎င်းသာ မုစလိန္ဒဖြစ်ကြောင်း ဆိုကြ၏။ အတိအကျ မသိရသေးပေ။ မည်သို့ဖြစ်စေ မြန်မာပြည်၌ တည်ထားကြသော နဂါးရုံဘုရားများသည် မုစလိန္ဒအိုင်နှင့် ဆဋ္ဌမသတ္တာဟ စံတော်မူရာကို အကြောင်းပြု ဖြစ်ပေါ်လာသော ပုံစံပင်ဖြစ်၏။ ကျောက်တိုင်ကို သာသနာ ၂၅၀၀ အထိမ်းအမှတ်အဖြစ် ပြန်လည်စိုက်ထူခဲ့သည်။ (၁၉၈၄ ခု၊ မေ ၁၄၊ ကဆုန်လပြည့်)တွင် မြန်မာနိုင်ငံမှ ဤနေရာတွင် အိုင်မင်းနန္ဒာ၊ မုစလိန္ဒာ ဘွဲ့မည်ရှိသော နဂါးရုံဘုရား ခေတ်မီလက်ရာ ရုပ်ပွားတော်တစ်ဆူ တည်ထား ပူဇော်ခဲ့သည်။ ယင်းအကြောင်းကို ဆောင်းပါးဖြင့် သီးခြားဖော်ပြထားသည်။

## ၁၅။ သတ္တမသတ္တာဟ၊ ရာဇာယတန လင်းလွန်းပင်နေရာ

လာလမ်းဖြစ်သည့် တံတားကိုဖြတ်ကျော်ပြီးလျှင် စေတီကြီး၏တောင်ဘက် မြက်ခင်းပြင်နှင့် အဆောက်အအုံနေရာကို ဖြတ်ကျော်သောအခါ အမိုးမရှိသော အုတ်တိုက်ငယ်တစ်ခုရှိ၏။ အတွင်း၌ ဗောဓိသတ္တရုပ်တုရှိ၏။ ၎င်းသည် ဘုရားရှင် သတ္တမရက်သတ္တပတ်အဖြစ် စံတော်မူသည့် လင်းလွန်းပင်နေရာ ဖြစ်၏။ ၎င်းနေရာတွင် ၄၉ ရက်ပြည့်မြောက်သဖြင့် မြန်မာနိုင်ငံမှ ဥက္ကလာသား

၂၄၅၅၇

(အချို့က ဩရိသပြည်နယ်ဟုဆို၏) တပုဿနှင့်ဘလ္လိကတို့ ပေါက်ပေါက်ဆုပ်စသည်များ ဆက်ကပ်လှူဒါန်း၍ ဒွေဝါစိကသရဏဂုံ တည်သည့်နေရာ ဖြစ်၏။ ဘုရားရှင်က ဆံတော်-၈-ဆူပေးသနား၍ ရွှေတိဂုံစေတီတွင် ဌာပနာတည်ထားခဲ့၏။ ဤနေရာသည် သုဇာတာ၏ ဆွမ်းဦးကို ဘုဉ်းပေးပြီးနောက် ၄၉ ရက်လုံး ဘာမျှ မဘုဉ်းပေးခဲ့ရသေးဘဲ အစိဋ္ဌာန်မှ ထမြောက်တော်မူသော ဘုရားရှင်အား (သို့)ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ပထမဦးဆုံး ဆွမ်းကပ်ရာနေရာ ပထမဦးဆုံး သရဏဂုံတည်သူ ဥပါသကာအဖြစ် ရောက်ရာနေရာ၊ဆံတော် ၈ ဆူ ပေးသနားတော်မူ၍ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ စတင် ပြန့်ပွားရာနေရာဟု ဆိုကလည်း မှားအံ့မထင်ပေ။

## ၁၆။ မေဃာဝဏ္ဏကျောင်းနေရာ

ဗောဓိပင်ပရိဝုဏ်၏ အနောက်မြောက်ဘက် (ယခုမဟာဗောဓိအဆောက်အအုံနေရာ)တွင် ကျောင်းနေရာတစ်ခုရှိခဲ့၏။ ၎င်းသည် သီဟိုဠ်ဘုရင် မေဃာဝဏ္ဏ၏ ကျောင်းနေရာဖြစ်၏။ သီဟိုဠ်ဘုရင် မေဃာဝဏ္ဏသည် အေဒီ – ၃၅၂ – ၃၇၉ ဖြစ်၍ – အိန္ဒိယ ပါဋလိပုတ် ဝေသာလီဆက် မာဂဓနိုင်ငံတွင် ဂုပတမင်းဆက် သမုဒ္ဒဂုပတမင်း(ဟိန္ဒူ)အေဒီ ၃၃၀–၃၈၀ နှင့် ခေတ်ပြိုင်ဖြစ်၏။ ၃၆၀ အေဒီတွင် မင်းနှစ်ပါး ဆက်သွယ်မိ၏။ ထို့နောက် သီဟိုဠ် ရဟန်းနှစ်ပါးအား လွှတ်၍ ဗုဒ္ဓဂါယာအကြောင်း လေ့လာစေရာ ရဟန်းများမချမ်းသာကြောင်းသိရ၍ သမုဒ္ဒဂုပတထံ ခွင့်ပန်ပြီး ကျောင်းဆောက်ခဲ့ခြင်းဖြစ်၏။ မူလက ၃ ထပ်၊ ၆ ခန်း၊၊ ပြာသာဒ် ၃ ဆောင်ဖြစ်သည် ဆို၏။

## ၁၇။ မြန်မာဇရပ်နေရာ

စေတီကြီး၏ အနောက်ဘက်တွင် သီပေါမင်း၏ မြန်မာဇရပ်နေရာဟု ဆို၏။ မင်းတုန်းမင်းကြီးကလည်း ဗောဓိပင်နှင့် ကိုက် ၈၀ ကွာ အနောက်ဘက်၌ ကျောင်းတစ်ခုဆောက်လုပ်ခဲ့သည်ဟုသိရ၏။ (ယခု မဟာဗောဓိဝိုင်း၏ အနောက်ဘက်လမ်းခြားနေသော ဥယျာဉ်နေရာတွင်ဖြစ်ကြောင်းသိရ၏)

## ၁၈။ စေတီအပြင်ဘက်မှ မဟာန္ဒသင်္ချိုင်းများ။

မဟာဗောဓိစေတီတော်ကြီး၏အရှေ့ဘက်အဝင် လှေကားမှ ပြန်ထွက်လျှင် ကွက်လပ်၏တစ်ဘက်ရှိ စေတီယောင်ယောင်တို့ဖြင့် ပြည့်နေသောနေရာသည် ဟိန္ဒူသင်္ချိုင်းဖြစ်၏။၎င်းအထဲတွင် ဘျိဝလိင်အရွယ်စုံနှင့် သင်္ချိုင်းနေရာ

များအပြင် ဗုဒ္ဓဘာသာ ရှေးဟောင်းရုပ်တုအချို့ရှိ၏။ မဟာယာနသုံးဟု ထင်ရသော မဏ္ဍလခေါ် စက်ဝိုင်းကြီးတစ်ခုရှိ၏။

## ၁၉။ မဟန့်နန်းတော်နှင့် မြန်မာကျောက်စာတိုက်။

စေတီကြီးမှ အရှေ့တောင် (မြန်မာဘုန်းကြီးကျောင်းသို့ သွားရာလမ်း)ဘက် လမ်းကွေ့အလွန်တွင် မဟန့်နန်းတော်၏ မုခ်ဝကြီးကို ခမ်းနားစွာတွေ့ရ၏။ အတွင်းသို့ ဝင်လျှင် အလယ်တွင် မဟန့်နန်းတော်ကြီးရှိ၏။ ၎င်းယာဘက် ဂိတ်တံခါးကြီးသို့ဝင်ပြီး ဟင်းရွက်ခင်းကို ကျော်ဖြတ်လိုက်လျှင် စေတီယောင်ယောင် ပြာသာဒ်နှင့် မြန်မာ့လက်ရာ အဆောက်အအုံနှစ်ခုရှိ၏။ ၎င်းသည် မြန်မာဘုရင်ဘကြီးတော် ဘုရားနှင့် မင်းတုန်းမင်းတို့၏ ကျောက်စာတိုက်ဖြစ်ပြီး ဘကြီးတော် ကျောက်စာမှာမရှိတော့ပေ။ ၎င်းတို့နှင့် မနီးမဝေးရှိ နီနီအဆောက်အအုံမှာ မူလက မင်းတုန်းမင်း၏ ပရိဘောဂဆောင်ဖြစ်၏။ ယခုမူဖျက်ဆီး၍ ဟိန္ဒူဘုရားကျောင်းအဖြစ်သို့ ပြောင်းလဲနေပြီဖြစ်၏။ ယင်းဂိတ်မှပြန်ထွက်ပြီး မဟန့်နန်းတော်ကိုကျော်လျှင် ဟိန္ဒူဘုရားကျောင်းများနှင့် ဿျှိလိုင်အဆောက်အအုံငယ်များနှင့် ရှေးဟောင်း ဗုဒ္ဓရုပ်တုများကိုတွေ့ရသည်။ (ဤတွင် ဗုဒ္ဓဂါယာ ပတ်ဝန်းကျင်ရှိ သိစရာများကုန်ပြီဖြစ်၏) အခြားလေ့လာစရာ တိဘက်ကျောင်း တရုတ်ကျောင်း ယိုးဒယားကျောင်း ဂျပန်ကျောင်း ပြတိုက်မဟာ ဗောဓိအသင်း တိုက်စသည်တို့မှာ ထင်ရှား၍ လျှောက်ကြည့်ရန်ပင်ဖြစ်၏။

### ဗုဒ္ဓဂါယာဖြစ်ရပ်နှင့် သက္ကရာဇ်များ

| | |
|---|---|
| ဘီစီ ၅၀၀ (သို့) ၅၂၀ | ဗုဒ္ဓအဖြစ်သို့ရောက်တော်မူ။ |
| ဘီစီ ၂၅၀ (သို့) ၂၄၉ | သီရိဓမ္မာသောကမင်းကြီး စေတီတော်တည်။ ကျောက်တိုင်စိုက်။ ၎င်း၏ မိဖုရားကြီးက ဗောဓိပင်အား ခုတ်လှဲပစ်၍ အသစ်ထပ်မံစိုက်။ |
| ဘီစီ ၁၂၀–၁၀၀ (အတွင်း) | ကောသိကီပုတ္တ အန်ဒရာဂနိမိတြ၏ မိဖုရားကြီး ကုရန်ဂီစေတီပြင်။ တံတိုင်းပြင်။ ပရိဝုဏ်တိုးချဲ့။ တတိယသတ္တာဟ ရတနာဃရစင်္ကြံအထိမ်းအမှတ်ဆောက်။ ကျောင်းများဆောက်သည်။ |
| ခေအဒီ ၁၂၀–၁၆၀ (အတွင်း) | ဝဇီရာသနပလ္လင်တည်ဆောက်။ |



ဘကြီးတော်နှင့်မင်းတုန်းမင်းတို့၏ကျောက်စာတိုက်



ခြောက်နှစ်ကြာ—ဒုက္က စရိယာ ကျင့်ရာလိုဏ်ဂူ



ဗုဒ္ဓဂယာရှိ "မင်းတုန်းမင်းကြီးကျောက်စာ" (မဟာန့်ဝင်း)



မသေမီထဲက နတ်ပြည်၌ ဘုံဗိမာန် ပေါ်ပေါက်နေသော

နန္ဒိယသူဌေး၏ မူလဂန္ဓကုဋိကျောင်းတော်

| | |
|---|---|
| အေဒီ ၁၅၂ | ဟုဝိသျှက ခေတ် စေတီတွင်းမှ ဆင်းတုရုပ်ပွားတော်တည်ထား (မထူရာလက်ရာ) |
| အေဒီ ၃၆၀ | သီဟိုဠ် ဘုရင် မေဃဝဏ္ဏရဟန်းနှစ်ပါးလွှတ်၍ ကျောင်းဆောက်။ |
| အေဒီ ၄၁၉ | တရုပ်ရဟန်း ဖာဟီယန်ရောက် ကျောင်းတိုက် ၃ ခုတွေ့။ |
| အေဒီ ၆ ရာစု | ဘဂေါ်ဘုရင်သသက် ဗောဓိပင်အားလှဲပစ်၍ အသစ်ပြန်ပေါက်။ |
| အေဒီ ၆၀၀—၆၂၀ | ပူရနဝဏ္ဏဘုရင် ဗောဓိပင်ပျိုထပ်စိုက်။ |
| အေဒီ ၆၃၇ | ဝှင်ဆန် (ဟူယင်ဆန်) ရောက်။ |
| အေဒီ ၆၇၁—၆၅၉ (အတွင်း) ယိကျင်လ:ရောက်။ | |
| အေဒီ ၇ ရာစုနောက်ပိုင်း | ဗုဒ္ဓဂါယာအခြေအနေဆုတ်ယုတ်ခဲ့။ |
| အေဒီ ၁၀၃၅ | သတိုးမင်းလက်ထက် မမ္မရာဇဂုရုဦးစီး၍ ယနာနို့ဆွမ်းကပ်သော နေရာကို ပြင်ဆင်ပြီးစီးရေစက်ချ။ |
| အေဒီ ၁၉၀၅ | ကျန်စစ်မင်းပြုပြင်ရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့။ |
| အေဒီ ၁၁၀၀-၁၂၀၀ (အတွင်း) မမ္မရက္ခိတရဟန်းကစောင့်ရှောက်။ | |
| အေဒီ ၁၁၁၄—၆၇ (အတွင်း) | ၁၁၀၁ ခုတွင် အလောင်းစည်သူ မင်းသားဘဝ ပြုတသိန်းခေါ် လက်ယာမင်းနန်အားနန်းတင်ပေးခဲ့၍ ကျေးဇူးဆပ်သောအားဖြင့် ၎င်းက အလောင်းစည်သူကိုယ်စား စေတီကြီးပြင်ပေး။ |
| အေဒီ ၁၂၀၂ | ဝဇီရာသနပလ္လင်အတွက် မဂ်လာသာမိဂ္ဂထေရ်သို့ ကျေးရွာတစ်ရွာလှူ။ |

| | |
|---|---|
| အေဒီ ၁၂၁၁- ၃၄(အတွင်း) | ထီးလိုမင်းလိုမင်း ဗောဓိစေတီပုံစံယူ၍ ပုဂံ၌ ပုံတူ မဟာဗောဓိစေတီတည်ဆောက်။ |
| အေဒီ ၁၂၈၉ | ကျော်စွာမင်း နန်းတက်ပြီးနောက် ကြေးထီး တင်လှူ။ |
| အေဒီ ၁၂၉၈ | ရေစက်ချ(ပုဂံခေတ်ပျက်ချိန်) |
| အေဒီ ၁၂၉၆–၉၈ | မင်းဒိကြီး စေတီကြီးအားပြုပြင်။ |
| အေဒီ ၁၂၉၈ (ပတ်ဝန်းကျင်) | မူဆလင်လက်အောက်သို့ အိန္ဒိယ အားလုံးကျ ရောက်သွားရ စေတီကြီး အပါအဝင် ကျောင်းကန် ဘုရားများ ဖျက်ဆီးခံရ။ |
| အေဒီ ၃ ရာစုမှ ၁၂ ရာစု | ဤအချိန်ထိ ဗုဒ္ဓဘာသာများလက်တွင်းရှိခဲ့ရာ မှ ဆုံးရှုံးခဲ့ရ။ |
| အေဒီ ၁၄၇၂-၁၄၉၈ | ဟံသာဝတီပဲခူး မဟာစေတီမင်း အဖွဲ့စေလွှတ်၍ ဗောဓိပင်ပျိုးများယူခဲ့။ |
| အေဒီ ၁၅၉၀ | ဟိန္ဒူဘုန်းကြီး ဂိုစိန်ထောမဏ္ဍာဂီးရ်ဗုဒ္ဓဂါယာ သို့ရောက်။ |
| အေဒီ ၁၈၁၀-၁၁ | ဘိုးတော်ဘုရား သံတမန်စေလွှတ်၍ သတ္တဌာန ရှာဖွေခိုင်း။ |
| အေဒီ ၁၈၁၂ | ဗိသုကာ ဒေါက်တာ ဘူချနင်ဟာမိလ်တန်က ပျက်စီးနေသော စေတီကြီးကို တွေ့ကြောင်း မှတ်တမ်းတင်။ |
| အေဒီ ၁၈၁၉ | ဘိုးတော်ဘုရား ထပ်မံ၍ သံအဖွဲ့လွှတ်၍ ပြုပြင် ဆင်။ |
| အေဒီ ၁၈၃၀ | အင်းဝခေတ် ဘကြီးတော်လက်ထက် မင်းကြီး မဟာစည်သူအဖွဲ့ ဘုရားဖူးရောက်၊ကျောက်စာ ထိုး၊ အင်းပနေကက်ပတိန်ဘာနီရောက်။ |
| အေဒီ ၁၈၇၀ | ကျောက်စာဌာန သုတေသီ မစ္စတာ အေ ကာ နင်ဂန်က ဗောဓိပင်အိုကြီးလဲသွား၍ အသစ် ပြန်စိုက်။ ဟိန္ဒူညောင်ပင်ကိုလည်း စိုက်ပေးခဲ့။ |

| | |
|---|---|
| အေဒီ ၁၈၇၄ | မင်းတုန်းမင်းက အိန္ဒိယဘုရင်ခံထံ လက်ဆောင်ပေး၍ ဘုရားဖူးများ နှစ်စဉ်လာနိုင်ရန်စာပို့။ |
| အေဒီ ၁၈၇၅–၇၇ | မင်းတုန်းမင်း စေတီကြီးပြင်၊ ညောင်ထောက်စသည်များလုပ် (အင်္ဂလိပ်မြန်မာစစ်ပွဲကြောင့်မပြီးသေး ပြုပြင်ရေးအဖွဲ့ပြန်ရ၏) |
| အေဒီ ၁၈၈၅ | မင်းတုန်းမင်း ဆက်လက်ပြုပြင်ကာ ပရိဘောဂဆောင်နှင့်တကွ ကျောက်စာပါရေးထို့။ |
| အေဒီ ၁၈၈၉ | မစ္စတာမက်ဒေါက်စ်ကို ဂါယာခရိုင် တရားသူကြီးက ဂေါပကအဖြစ် ခန့်အပ်။ |
| အေဒီ ၁၈၉၁ | ပြည်သူ့လုပ်ငန်းဌာနသို့ အပ်ချုပ်ရေးလွှဲအပ်။ |
| အေဒီ ၁၈၉၁ | ဆာအက်ဒွင်အာနိုလ်း၏ နိုးဆော်မှုနှင့် အနာဂါရိကဓမ္မပါလတို့ရောက်ရှိ၍စတင်လှုံ့ဆော် အရေးဆိုမှုစတင်။သီဟိုဠ်၌မဟာဗောဓိအသင်းဖွဲ့။ |
| အေဒီ ၁၈၉၃ | ဂျပန်မှဆင်းတုတစ်ဆူ လက်ဆောင်ပေး၊ ယင်းဆင်းတုအား မဟန့်များက ဖယ်ထုတ်ခဲ့။ |
| အေဒီ ၁၉၀၂ | ဂျပန်ဘုန်းကြီးက ကျောင်း ဆောက် ခွင့်တောင်း မရ။ |
| အေဒီ ၁၉၀၆ | တရားရုံးသူ ဓမ္မပါလအား မြန်မာဇရပ်မှမဟန့်က မောင်းထုတ်။ |
| အေဒီ ၁၉၂၂ | အိန္ဒိယအမျိုးသားကွန်ဂရက်တွင် မဟာဗောဓိအား ဗုဒ္ဓဘာသာများ အုပ်ချုပ်ခွင့် ရရေးတင်ပြဆွေးနွေး။ |
| အေဒီ ၁၉၂၄ | ဗုဒ္ဓဂါယာ စေတီကော်မီတီဖွဲ့စည်း (မြန်မာဗုဒ္ဓဘာသာအဖွဲ့ချုပ်ကိုယ်စားလှယ်ပါဝင်) |
| အေဒီ ၁၉၅၁ | အုပ်ချုပ်မှု ကော်မတီအသစ်ပြန်ဖွဲ့၍ လွှဲအပ် (မြန်မာအပါအဝင်) ဗုဒ္ဓဇယန္တိပွဲတော် စတင်ကျင်းပ။ |

| | |
|---|---|
| မအေဒီ ၁၉၅၆ | ၂၅၀၀ ပြည့်အထိမ်းအမှတ် ဗုဒ္ဓဇယန္တီပွဲကြီး ကျင်းပ။ ကန်ဆယ်ခြင်း။ နံရံခတ်ခြင်း။ မီးဆင်ခြင်း။ စေတီတံခါးသစ် တတ်ဆင်ခြင်း။ အသောက ကျောက်စာတိုင် ပြန်လည်ထူခြင်း စသည်လုပ်။ |
| အေဒီ ၁၉၇၁ | စေတီအကြံပေးဘုတ်( ၃ ဦး)အဖွဲ့ဖွဲ့(မြန်မာပါဝင်) |
| အေဒီ ၁၉၇၃ | ယင်းအဖွဲ့ ပြန်လည်ဖွဲ့စည်း (မြန်မာပါဝင်) |
| အေဒီ ၁၉၈၄ | မေလ မြန်မာပြည်မှ စေတနာရှင် များက ဦးဟန်တင်အား လွှဲအပ်၍ မူစလိန္ဒာအိုင်၌ "အိုင်မင်းနန္ဒာ မုစလိန္ဒာ"နဂါးရုံ ဘုရားတည် ဆောက်ပြီးစီး။ |
| အေဒီ ၁၉၈၄ ဩဂုတ်လ | မိုးရွာ သွန်းချိန်များ၍ အနိမိသ စေတီ ပျက်စီး။ |
| အေဒီ ၁၉၈၅ ဇန်နဝါရီ | ၎င်းစေတီအား ပြန်လည်ပြုပြင်ဆဲ။ |



# ဗုဒ္ဓဂယာရှိ မြန်မာ့အလှူနှင့်မှတ်တမ်းများ

(မြေပုံတွင် အမှတ် ၂ ဖြင့် ညွှန်ပြသည့် နေရာများသည် သီးခြာ မြန်မာ့အလှူများဖြစ်သည်။)

## အဝင်ဝမှ ခေါင်းလောင်းကြီး

(အဇပါလကျောက်တိုင်၏ နောက်ဘက်) ရန်ကုန်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗားကရာတိုက်၊ ဦးသူရိယ၊ ဦးမုနိန္ဒ၊ ဦးကဝိဓဇတို့ဦးဆောင်သော ဒကာ – ဒကာမများက ၁၂၅၀ ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် ပန်းတဉ်းဆရာကြီး ဦးသာမောင်၊ ဦးလူးတို့က ငွေ၊ ကြေး၊ သလဲ၊ ရဇာ၊ တိပုလောဟာ စပ်သွင်းသွန်းလောင်းပြီး ကြေးချိန် ၃၃၃ါ–၃၃ °သားရှိ ဤခေါင်းလောင်းကို လှူဒါန်းသည်။

## ကျောက်စာငယ်

(ခေါင်းလောင်း၏ မြောက်ဘက် ကမူပေါ်တွင်) ၁၂၅၇(ဂ)ခု၊ နတ္တော်လ၊ ပြည်မြို့ ပွင့်လှသိမ်ကုန်းဆရာဘုန်းတော်ကြီး ဦးနာရဒနှင့် နောက်ပါ တပည့် ဒကာ – ဒကာမများနှင့် တကွ မဟာဗောဓိသို့ ကြွတော်မူ၍ ရွှေထီး၊ ထီးဖြူ၊ ကနက္ကဒဏ်၊ ပြတန်၊ ကြာယပ် စသော အထူးထူးသော ဝတ္ထုတို့ကို မဟာဗောဓိသို့ တင်လှူသည်။

## ဗောဓိပင် အနောက်ဘက်ရှိ ခေါင်းလောင်းကြီး

(ဗောဓိပင်၏ အနောက်ဘက်မုခ်ဦးသို့အသွား လမ်းငယ်၏ ဝဲဘက်ဘေးတွင်)၁၂၉၄ ခု၊ ကြတ္တိကာမာသ လဆန်း ၁၄ နံနက် ၁ ချက်တီးကျော် ၄ နီ ဃဋီ ၁ ဗိဇနာ ၂ ပြန် ၁ ခြာ အချိန်၌ ပုဇွန်မြောင်း မဟာနိဂုံးတပ်မြေ ပြာသာဒ် ဒကာ-ဒကာမ ကိုတုတ်ဖြိုး-မမဲ။ (ခေါင်းလောင်း၏ အချင်း ၅၃ လက်မ၊ အမြင့် ၅၇ လက်မ)

## မဟာနန္ဒသမာဓိရွှေ့မှ ကျောက်ဆစ်ရုပ်

အမှတ် ၅ မဟာနန္ဒသမာဓိ၏ ရှေ့တိုင်ဘေး အတွင်းဘက်တွင် မြန်မာ့လက်ရာ ကျောက်ဆစ်ရုပ်တုနှစ်ခုရှိ၏၊ ယင်းသည် ဆံပင်ကို ကိုင်ထားသော ပုံများဖြစ်၍ ဝသုန္ဒြေဆံရေညှစ်နေပုံလောဟု စဉ်းစားရန်ဖြစ်၏။ သို့သော် ဝသုန္ဒြေဆံရေညှစ်ပုံဆိုလျှင်လည်း တစ်ခုသာဖြစ်သင့်သည်။ ယခုမူ နှစ်ရုပ်ဖြစ်နေသည့်ပြင် တစ်ခုမှာ အမျိုးသမီးချိတ်၊ တစ်ခုမှာ အမျိုးသား ချိတ်ဝတ်စုံဟု ခန့်မှန်းရသဖြင့် ကျော်စွာမင်းကျောက်စာပါ သား—သမီးဟု မှတ်ရွယ်သူငယ်နှစ်ယောက် ဆိုသည်များလားဟု စဉ်းစားသင့်သည်။ အဆိုပါ ကျောက်စာပါ အတိုင်း ရုပ်တုနှစ်ခုများလားဟု ထင်မိသည်။

## လင်းလွန်းပင်ငယ်

သတ္တမသတ္တာဟ လင်းလွန်းပင်မနေရာ၌ လင်းလွန်းပင်ငယ်ကို အိန္ဒိယ၊ မြန်မာနယ်နိမိတ် သတ်မှတ်စဉ်က လာရောက်သော ဗိုလ်မှူးကြီး လှအောင်က စိုက်ပျိုးခဲ့သည်။

## အိုင်မင်းနန္ဒာ မုစလိန္ဒာ

ဆဋ္ဌမသတ္တာဟ မုစလိန္ဒာဟု သတ်မှတ်ထားသည့် အိုင်အတွင်းဝယ် အလွန်သပ္ပာယ်သော ဆင်းတု ခေတ်မီလက်ရာတင်ဆူကို မြန်မာပြည်မှ တည်ထားသည်။

## မင်းတုန်းမင်းဇရပ်နေရာ

ဗောဓိပင်၏အနောက်ဘက် မုခ်ဝ၏အပြင်ဘက်တွင် လမ်းခြားနေသော ပန်းခြံနေရာရှိသည်။ ယင်းပန်းခြံရှိ ဗောဓိပင်နှင့် အရှေ့အနောက်တည့်တည့်နေရာတွင် မင်းတုန်းမင်းကြီးသည် ၁၈၇၄ ခုတွင် ဇရပ်တစ်ဆောင် ဆောက်ခဲ့သည်၊ ယခုမူ ပန်းခြံလုပ်သဖြင့် အဆောက်အအုံမရှိတော့ဘဲ နေရာကိုပင်မှန်းရန် မလွယ်တော့ချေ။

## ကျောက်စာတိုက်များ

မဟာနန္ဒနန်းတော်ဝင်းအတွင်းသို့ ဝင်သွားလျှင် ယာဘက်တံခါးကြီးမှ သွားရောက်သောအခါ ဂူကျောင်းပုံစံ စေတီငယ်ယောင် နှစ်ခုရှိ၏၊ ယင်းသည် မြန်မာဘုရင်များ၏ ကျောက်စာတိုက်ပင်ဖြစ်၏။ တစ်ခုမှာ ကျောက်စာ မရှိတော့ဘဲ မင်းတုန်းမင်း၏ ကျောက်စာသာ ရှိတော့၏။ ယင်းသည်လည်း

တပြည်းပြည်း စာသားများ ပျက်စီးနေပြီဖြစ်၏။ (မြန်မာများ အနေဖြင့် ရှေးဟောင်းဌာနသို့ မေတ္တာရပ်ခံတောင်းဆို၍ ထိန်းသိမ်းရန် စိစဉ်သင့်ကြ၏။) ကျောက်စာတိုက်၏ တောင်ဘက်တွင် မင်းတုန်းမင်း၏ ပရိဘောဂ ဆောင်ဖြစ်၏။ ယခုမူ ဟိန္ဒူဘုရားကျောင်းအဖြစ်သို့ ရောက်နေပေပြီ။ (ဤသည်မှာ ဆန်းသည် မဟုတ်သကဲ့သို့ ဆိုးသည်လည်း မဟုတ်ပေ။ နိုင်ငံရပ်ခြားရှိ နိုင်ငံခြားသား များ၏ ပစ္စည်းများသည် တစ်ချိန်ချိန်တွင် ဤသို့သာ တိုင်းရင်းသား ဘာသာ လက်သို့ ကျရောက်ရမည်သာဖြစ်သည်။ သတိပြု၍ လှူဒါန်းသင့်၏။)

**အခြားသောအလှူများ**

အခြားသော သပိတ်၊ ထီး၊ ယပ်၊ ကြာခြည်စသည်တို့မှာ ဘုရားအတွင်း တွင် တစ်ချိန်ကတွေ့၊ နောက်ပျောက်၊ အသစ်တွေ့၊ အဟောင်းပျောက်ဖြင့် သံသရာလည်နေသဖြင့် ဖော်ပြရန်မလွယ်သောကြောင့် မဖော်ပြနိုင်တော့ပေ။

# မိဂဒါဝုန်ခေါ် ဆာရ်နာတ်

## တည်နေရာ

ဥတ္တရပရာဒေ့ရှ် (ယူ–ပီ) ပြည်နယ် ဗာရာဏသီခရိုင် ဗာရာဏသီမြို့၏မြောက်ဘက် ၆ မိုင်ကွာဝေးသောနေရာ၌ တည်ရှိသည်။ ဗာရာဏသီသည် ဗုဒ္ဓဂယာ၏ အနောက်ဘက် သာဝတ္ထိ၏ အရှေ့ဘက်၌ တည်ရှိသဖြင့် ဗုဒ္ဓပွင့်တော်မူရာဌာနများ၏ အလယ်(ခန့်)တွင် တည်ရှိသည်။ ကာလကတ္တားမှ တိုက်ရိုက် မီးရထားစီးနိုင်သည်။

## ယခင်နှင့်ယခုအမည်

ဗာရာဏသီကို ကာသိတိုင်း ဗာရာဏသီပြည်ဟု ရှေးကထင်ရှားသည်။ ယခုလည်း ဟိန္ဒူဘာသာဖြင့် ကာရှီ ကာသိဟုခေါ်၍ အင်္ဂလိပ်ခေတ်တွင် ဗားနားရပ်စ်ဟုခေါ်ပြီး ယခုအခေါ်အတိုင်း ဗာရာဏသီ ဝါရာဏဆီ ဟုပင် ခေါ်သည်။ ဗာရာဏသီသည် ဂင်္ဂါမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပြီး ဂင်္ဂါမြစ်တွင်းသို့ အနောက်ဘက်မှစီးဝင်သော ဝရုဏာမြစ်နှင့် အဆိမြစ်ငယ်နှစ်ခု တို့၏ အကြား၌တည်ရှိကာ ဂင်္ဂါမြစ်ကို ရှိခိုးကြ ရေချိုးကြသော ဟိန္ဒူတို့၏ မြို့တော်ဖြစ်၏။ နှစ်ပေါင်း ၃ ထောင်ကျော်က မြို့တော်ဖြစ်၍ ရှေးဟောင်း မြို့တော်အဖြစ် နာမည်ကြီး၏။

## မိဂဒါဝုန်ခေါ် ဆာရနာတ်

မိဂဒါဝုန်ဟူသည် ဗုဒ္ဓဘာသာ မြန်မာတို့၏ အခေါ်အဝေါ် ဖြစ်ပြီး၊ ပါဠိဘာသာ မိဂဒါယ+ဝနမှ မိဂဒါဝုန် ဟူ၍ ဖြစ်လာ၏။ ယခုအခေါ်မှာ ဆာရ်နာတ် ဟုခေါ်၏။ ကေနိပါတ် နိဂြောဓမိဂဇာတ်နှင့် ဆက်နွယ်ကာ ၎င်း ဇာတ်တော်လာ ကိုယ်ဝန်ဆောင်သမင်မအလှည့်တွင် ဘုရားလောင်း သမင်မင်း၏ ကိုယ့်အသက်စွန့်ကာ ကယ်တင်ရာမှ သမင်အားလုံး ဘေးမဲ့ဖြင့် ကိုးကွယ် ရာခဲ့ဖူးသည်ကို အကြောင်းပြု၍ (ဆာရင်္ဂနာထ)မှ (ဆာရ်နာတ်) သို့ ပြောင်းလဲလာကြောင်း သိရ၏။ (သမင်များ၏ မှီခိုအားထားရာ အရှင်သခင်) ဟု အဓိပ္ပာယ်ရကာ မိဂဒါဝုန် ဟူသောစကားနှင့် အဓိပ္ပာယ်ခြင်းတူ၏။

## ၁။ ပဉ္စဝဂ္ဂီတို့ခရီးဦးကြိုဆိုရာ ချောက်ခန္ဒီစေတီ

ဗာရာဏသီမှ ဆာရာနတ်ခေါ် မိဂဒါဝုန်သို့သွားသောအခါ မိဂဒါဝုန်သို့မရောက်မီ ကြက်လျှာသဏ္ဍာန် လမ်းခွဆုံသို့ ရောက်၏။ ၎င်းတွင် လာလမ်းကြီးကို အသောကလမ်းမကြီးဟုခေါ်ကာ ယင်းလမ်းကြီးအတိုင်း (အကယ်၍ သုံးဘီးဖြင့်သွားလျှင် မြူစီယံဟုပြောရပြီး၊ အခြား ယာဘက်လမ်းကို မဟာဗောဓိ ဟု ပြောရ၏) သွားလျှင် လမ်း၏ဝဲဘက်တွင် ဘုရားကုန်းပျက်ကြီးသဏ္ဌာန် ကုန်းမြင့်ကြီးတစ်ခုပေါ်တွင် ရှစ်မြောင့်မျှော်စင်ယောင် အဆောက်အအုံတစ်ခုရှိ၏။ ယင်းသည် ချောက်ကန္ဒီခေါ်သော အဆောက်အအုံပင် ဖြစ်၏။ ဘာကြောင့် ဤအမည်ခေါ်မှန်း မသိသေးပေ။ ဤနေရာသည် ဗုဒ္ဓမြတ်စွာ ဂါယာမှ ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောရန် ကြွလာရာတွင် ဂုဏ်ခံမှာန်တင်း၍ ခရီးဦးမကြို စကားမပြောတမ်း ဟု ကတိထားကြသော ပဉ္စဝဂ္ဂီတို့သည် ဗုဒ္ဓကိုမြင်သော် မနေနိုင်သဖြင့် ဤနေရာမှ လာရောက်ကာ သူ့ထက်ငါ ခရီးဦးကြိုရာ နေရာဖြစ်သည်။ ဗုဒ္ဓ၏ ဣဒ္ဓိဿအနန္တမေတ္တာတော်သည် ပဉ္စဝဂ္ဂီတို့၏ အံတုစိတ်ကို အရည်ပျော်စေသည့် အနန္တမေတ္တာ ဂုဏ်ပြနေရာဟု တင်စားသင့်၏။

အောက်မှစေတီပျက်ကြီးမှာ ဘီ-စီ ၂၅၀ ခန့်က အသောကမင်းကြီးသည် အထိမ်းအမှတ်အဖြစ် စေတီတည်ဆောက်ခဲ့၏။ ပေ ၃၀၀ ခန့်မြင့်သည်ကို မြင်ခဲ့ဖူးကြောင်း ၇–ရာစုဘုရားဖူး ဟူယင်ဆန်က မှတ်တမ်းတင်ခဲ့၏။ အပေါ်မှ ရှစ်မြောင့်မျှော်စင်မှာ ၁၅၈၈ ခုနှစ်တွင် အက္ကဘာဘုရင်က သူ့ဖခင် ဟွန်မယွန်ဘုရင် စစ်ရှုံး၍ထွက်ပြေးရင်း ပုန်းခဲ့စဉ် ဤနေရာသို့ရောက်ခဲ့သည်ဆိုကာ အထိမ်းအမှတ်အဖြစ် ဆောက်ခဲ့သည်။ မျှော်စင်ထိပ်မှ စေတီပျက်အောက်ခြေထိ ၈၄ ပေမြင့်၏။ (စေတီကိုဖြို၍ မျှော်စင်ကို ထပ်ဆောက်ထားပုံရ၏) ဟိန္ဒူတို့ကလည်း သီတာထမင်းချက်သည့်နေရာဟု ဆိုသေး၏။

## ၂။ ပြတိုက်

ရှေ့သို့ဆက်သွားလျှင် မိဂဒါဝုန်အဝင်ဝရောက်ခါနီး လမ်းထောင့် (လမ်း၏ယာဘက်) တွင် ရှေးဟောင်းသုတေသန (ကျောက်စာ) ဌာန၏ ပြတိုက်ရှိသည်။ ပြတိုက်ထဲတွင် မိဂဒါဝုန်မှ တူးဖော်ရရှိသည့် ပစ္စည်းများနှင့် အခြား ဗဟုသုတရဖွယ် လေ့လာဖွယ်ရုပ်တုဟောင်းများ ရှိသည်။

## ခြင်္သေ့ဦးခေါင်းပုံ

ပြတိုက်သို့ဝင်လျှင်ဝင်ခြင်း အသောကမင်း၏ (မိဂဒါဝုန်အတွင်းရှိ) ကျောက်တိုင်အကျိုးများ၏ထိပ်မှ ခြင်္သေ့ ၄-စီး ဟောက်နေသောပုံသည် အသက်ဝင်စွာ ဆီးကြိုနေသည်။ (ယင်းခြင်္သေ့များသည် အိန္ဒိယနိုင်ငံ၏ တံဆိပ်ဖြစ်ခဲ့ပြီး အိန္ဒိယသုံး ရူပီးငွေများ၌ပါရှိနေသော အမှတ်အသားဖြစ်သည်။) ခြင်္သေ့ ၄-စီးအထက်မှ ဓမ္မစကြာအဝိုင်းမှာ ကျိုးပဲ့ကြေမွသွားသဖြင့် မရှိတော့သော်လည်း တူးဖော်တွေ့ရှိသော အပိုင်းအစကို ဆက်စပ်ကာ ပုံစံပြအဖြစ် ဝဲဘက်ခန်းမတွင် ပြသထား၏။ ခြင်္သေ့ ၄-စီးမှာ အရပ်လေးမျက်နှာသို့ ခြင်္သေ့ဟောက်သံ (သီဟနာဒ) အဖြစ် ဗုဒ္ဓဓမ္မစကြာတရားတော် ဟောသံကို တင်စားထားဟန် တူသည်။ အောက်ခြေပတ်လည်တွင် ဆင်+နွား+မြင်း+ခြင်္သေ့ရုပ်များ ထုလုပ်ထား၏။ သန္ဓေရခန်း ဖွားမြင်ခန်း တောထွက်ခန်း တရားဟောခန်းတို့ကို (ဆိုင်ရာအမှတ်အသားအရုပ်များဖြင့်) သရုပ်ဖော်ထားသည်ဟုပြောကြသည်။ (မိမိ၏အယူအဆမှာ ယင်းသတ္တဝါများ၏ သဘာဝဂုဏ်သတ္တိများကို တင်စားထားဟန်တူကြောင်း ထင်သည်။ ဆင်သည် ကြံ့ခိုင်၏။ နွားသည် သည်းခံ၏။ မြင်းသည် လျင်မြန်၏။ ခြင်္သေ့သည် ရဲရင့်၏။ ယင်းဂုဏ်သတ္တိတို့သည် ဗုဒ္ဓဘာသာတရား၌ ရှိကြောင်း တင်စားလေသလားဟု ယူဆသည်။ အဘယ့်ကြောင့်ဆိုသော် လုမ္ဗိနီရှိ ကျောက်တိုင်ထိပ်တွင် ဖွားမြင်ရာဒေသဖြစ်သော်လည်း နွားရုပ်ဖြင့်မသတ်မှတ်ဘဲ မြင်းရုပ်ရှိပုံရကြောင်းဖြင့် မှတ်တမ်းများကိုထောက်ဆ၍ ယူဆခြင်းဖြစ်သည်။) ဗုဒ္ဓ၏ ဘုရားဟောများတွင်လည်းကောင်း၊ ဇာတကထာများတွင်လည်းကောင်း ဗုဒ္ဓကို မြင့်မြတ်သော ခြင်္သေ့စသောသတ္တဝါတို့ဖြင့် တင်စားနှိုင်းခိုင်းထားသည်ကို အများအပြားတွေ့ရှိရသဖြင့် အသောကမင်းသည်လည်း ဗုဒ္ဓ၏တရားတော်ကို သင်ယူပြီးမှ စံနစ်တကျ သာသနာပြုသူဖြစ်၍ အတုယူခိုင်း နှိုင်းချက်များကို သဘာဝရုပ်လုံးဖြင့် ဖော်ခဲ့လေသလားဟု စဉ်းစားမိသည်။ အသောကခေတ်၏ ခြင်္သေ့ခေါင်းပုံများတွင် ဤရုပ်တုသည် မူရင်းအတိုင်း တူးဖော်ရရှိခြင်းဖြစ်သည်။

## ဝဲဘက်မှ ဘုရားလောင်းရုပ်တု

ဤရုပ်တုမှာဘုရားပုံမဟုတ်။ မဟာယာနများသုံးကြသော ဘုရားလောင်းရုပ်တုဖြစ်ကာ ကျောက်သားနီဖြင့်ထုလုပ်ထားသည်။ ဗာရာဏသီဒေသ၌ ဤကျောက်မျိုးမရှိဘဲ ဒေလီဝန်းကျင်၌ တွေ့ရ၏။ ဤရုပ်တုကို မုတ္တရ၌ ထုလုပ်ကာ ကနိသျှကနန်းတက်ပြီး ၃=နှစ်အကြာတွင် (ခေဒီ ၁၂၃)ဇလ

ဆိုသောရဟန်းတော်က မိဂဒါဝုန်ရှိ ဗုဒ္ဓစကြာလမ်းထိပ်၌ တည်ထားခဲ့ကြောင်း စာအရ သိရသည်။နံရံ၌ထောင်ထားသော ကျောက်ပြားအပိုင်းကြီးမှာလည်း ယင်းရုပ်တု၏နောက်ရှိ ကျောက်တိုင်ထိပ်တွင် ထီးအဖြစ်မိုးခဲ့သော (ကျောက်ထီးကြီး)ဖြစ်၏။ဤရုပ်တုကိုထောက်၍ မိဂဒါဝုန်တွင် ယင်းခေတ်၌ မဟာယာနများ ထွန်းကားခဲ့ကြောင်းသိရ၏။

### ယာဘက်မှ ဓမ္မစကြာဆင်းတုတော်

ခြင်္သေ့၏ယာဘက်နံရံတွင် (ခြင်္သေ့ဘက်လှည့်ထားသော) ဓမ္မစကြာဟောဟန် ရုပ်တုတော်မှာ လွန်စွာသပ္ပာယ်၏။အေဒီ ၄-ရာစု၊ ၅–ရာစုလက်ရာဖြစ်သည်။ နှာတော်နှင့်လက်ညှိုးတော်မှာ ကျိုးပဲ့နေကြောင်း တွေ့ရသည်။ (ယင်းဆင်းတုနှင့် ဘုရားလောင်းရုပ်တုနှစ်ခုကို ဓမ္မရာဇိကစေတီပတ်လည်မှ တူးဖော် ရရှိခဲ့သည်။)

### မိဂဒါဝုန်

(က) မိဂဒါဝုန်မြေကို အပိုင်းကြီး ၃–ပိုင်း ခွဲခြား အုပ်ချုပ်ကြသည်။ ပြတိုက်ဘက်မှဝင်လျှင် ကျောင်းတိုက်ဟောင်း နေရာများအဆုံး (တောင်ဘက်)သံဆူးကြိုးကာထားသည့် နေရာထိနှင့် ဓမ္မေခစေတီတော်ကြီး၏ စည်းရိုးထိမှာ ရှေးဟောင်းဌာနမှ ထိန်းသိမ်းထားသော နယ်မြေဖြစ်၏။

(ခ) ဒုတိယပိုင်းဖြစ်သော စေတီကြီး၏စည်းရိုးမှ ဗောဓိပင်အဆုံးထိ နယ်မြေမှာ မဟာဗောဓိအသင်း နယ်မြေဖြစ်သည်။

(ဂ) မြောက်ဘက်တောက်လျှောက်ဝင်းခြံ (သမင်ခြံ)မှာ သစ်တောဌာန နယ်မြေဖြစ်သည်။

### ၃။ ကျောင်းတော်ရာအမှတ် ၅– (သို့)မေဂျာဘစ်တိုး၏ကျောင်း

ပြတိုက်မှထွက်ပြီး ဂိတ်ငယ်မှဝင်လျှင် လမ်းငယ် နှစ်လမ်းအနက် ယာဘက်လမ်းမှသွားလျှင် ယာဘက် (ဂျိန်းဘုရားဝင်းနောက်)တွင် ကျောင်းနေရာအမှတ် ၅ ရှိသည်။ ယင်းကို ၁၈၃၁ တွင် မေဂျာဘစ်တိုးဆိုသူက တူးဖေါ်ခဲ့သဖြင့် ဘစ်တိုးကျောင်းဟုလည်း ခေါ်သည်။ အုတ်မြစ်များသာ

ရှိပြီး ပေ—၁၇၀-ကျယ်၍ အခန်း ၂၀ ခန်းရှိ၏။ အလယ်၌ ရေထွင်း ယောင်းရှိ၏။ တူးဖေါ်စဉ်က အခန်းနှစ်ခုထဲတွင် မြေအိုးကြီးများအတွင်း၌ မီးလောင်ထားသောမုံ့များ ထမင်းများတွေ့ရသည်။ ၁၂ ရာစုမီးလောင် ခံရစဉ် ပါဝင်ခဲ့သည် ဆွမ်းစားကျောင်းဖြစ်ဟန်တူသည်။

## ၄။ ကျောင်းရာအမှတ် ၇

၎င်းကျောင်းနှင့် လမ်းသာခြား၍ လမ်း၏အနောက်ဘက် (ဝဲ)တွင် ရှိသော ကျောင်းနေရာယောင်းဖြစ်၏။ အမှတ်—၅ နှင့် တစ်ဆက်တည်းဖြစ်ပုံ ရသည်။ သို့သော် ၎င်း၏နေရာသည်လည်း ကျယ်ဝန်းပေသည်။

## ၅။ မိဂဒါဝုန်မြေပုံ

ကျောင်းနေရာနှစ်ခုကို ကျော်ပြီးနောက် လမ်းအတိုင်းသွားလျှင် လမ်းဆုံတွင် မိဂဒါဝုန်အတွင်းရှိ တူးဖေါ်ထားသော အဆောက်အအုံနေရာ များကို လမ်းပြမြေပုံတစ်ခုဖြင့် စံနစ်တကျ ရေးဆွဲဖေါ်ပြထားသော အုတ် တိုင်တစ်ခုရှိသည်။

## ဓမ္မရာဇိကစေတီနေရာ

ထိုမြေပုံ၏အနောက် (ဝဲ)ဘက်တွင် ပတ်လည်၌ ချိုင့်ကျင်းတူးထား သော အုတ်မြစ်ရာ အပိုင်းကျယ်ကြီးတစ်ခုရှိ၏။ ၎င်းအပိုင်းနေရာ၏ အလယ် တွင် တိုင်ကလေးတစ်ခု၌ (ဓမ္မရာဇိက စတုပ)ဟု အင်္ဂလိပ်စာဖြင့် ရေးသား ထားသည်ကို တွေ့ရ၏။ ထိုနေရာသည် မိဂဒါဝုန်၏ အသည်းနှလုံးတစ်နေ ရာဖြစ်၏။ ယင်းနေရာကို ဓမ္မစကြာဟောတော်မူသည့်နေရာဟု မြန်မာဆရာ တော်များက ယူဆကြသည်။ ၇ ရာစု ဟူယင်ဆန်ကလည်း အသောက ကျောက်တိုင်ကြီးဘေးတွင် စေတီကြီးတစ်ဆူရှိသည်။ ထိုစေတီမှာ ပဉ္စဝဂ္ဂီ တို့က မြတ်စွာဘုရားကို မြတ်နိုးပူဇော်ရာဌာန ဖြစ်သည်ဟုဆို၏။ ဤစေတီ ကို တူးဖေါ်စဉ်ကလည်း (ပြဘိုက်တွင်းရှိ) ဓမ္မစကြာဟောဟန်ဆင်းတုကို ဤစေတီကြီး၏အနီးမှ ရရှိသည်ဆို၏။ ဤအချက်အလက်များအရ ဓမ္မစကြာ ဟောတော်မူသည့်နေရာဖြစ်သည်ဟု ယူဆခြင်းသည် မှန်ကန်နိုင်သည်။ ဤစေတီ ကို(ဘီစီ—၂၅၀—ခန့်)က အသောကမင်းစတင်တည်ခဲ့၏။ ၅ရာစု၊ ၆ရာစုအေဒီ တွင် ၁၆ ပေခန့်ရှိ ပတ်လမ်းတစ်ခုလုပ်ခဲ့ဟန်တူ၏။ ၇ ရာစုတွင်လည်းမုခ်လေး မုခ်ဖြင့်ထပ်မံပြင်ဆင်ထားပုံရသည်။ ဘေးဘက် (ကျင်း၏အပြင် နှုတ်ခမ်း)

တွင် ကျောက်လှေကားလေးခု ရှိသည်။ မူလက အရှေ့ဘက်ရှိ ဓမ္မခ စေတီလောက်ရှိသည်ဟု ဖာဟီယန်က ဆိုခဲ့သည်။ ၁၇၈၄ တွင် ဗာရာဏသီ မဟာရာဇာချက်ဆင်း၏ အမတ် ဂျဂတ်ဆင်းသည် ဗာရာဏသီမြို့တွင်း၌ ဂျဂတ်ဂျင်းရပ်ကွက် တည်ဆောက်ရန် ဤစေတီကြီးကိုဖြိုဖျက်၍ ကျောက် များ အုတ်များကို ယူငင်အသုံးပြုခဲ့သည်။ (ယခုလည်း ဆန်ဆကရစ် တက္ကသိုလ် အနီးရှိ ရပ်ကွက်ကို ဂျဂတ်ဂျင် ဟုပင် ခေါ်ဆဲဖြစ်သည်။) ယင်းစေတီကြီး နှင့် အခြားဘုရား စေတီများမှ ကျောက်များ ဆင်းတုများကို ဒွန်ကန် တံတားအ၌ လည်းကောင်း၊ ဘုရင်မ ကောလိပ်အဆောက်အအုံ၌ လည်းကောင်း အသုံးပြုခဲ့ကြသေးသည် ဆို၏။ ယင်း စေတီကြီးဖျက်စဉ်က ကျောက်သေတ္တာ တစ်ခုတွေ့ရာ အတွင်း၌ အစိမ်းရောင်း ကျောက်ကြုတ်တစ်ခုတွေ့ရပြီး ယင်း ၏အတွင်းမှာ ပြာများတွေ့ရသည်ဆို၏။ ထိုပြာများကို ဟိန္ဒူထုံးစံအတိုင်း ဂင်္ဂါမြစ်တွင်းသို့ မျှောလိုက်လေသည်။ ၎င်းပြာများမှာ ဘုရား ရဟန္တာတို့၏ ဓာတ်တော်များဖြစ်ပေမည်။ အထူးမှာ အသောကမင်းကြီးသည် အဇာ တသက်မင်းဝှက်ထားရာမှ တွေ့ရှိခဲ့၍ သာသနာပြုခဲ့သော ဘုရားရှင်၏ ဓာတ် တော်စစ်များ ဖြစ်တန်ရာသည်။

## ၇။ ပတ်ဝန်းကျင်မှ စေတီရာများ

ဓမ္မရာဇိက စေတီရာကြီး၏ ပတ်လည်တွင် စေတီရာ ကြီး သေးများ ပြည့်နေသည်။ အရှေ့ဘက်မှ ဝင်ဆူမှာ ပဉ္စကဗုဒ္ဓါ ၅၀၀ တစ်ပြိုင်နက် ပရိနိဗ္ဗာန်ပြုရာ အထိမ်းအမှတ် စေတီဖြစ်သည်။ အခြားသုံးဆူမှာ ရှေးဘုရား များ၏ ထိုင်တော်မူရာ စင်္ကြံ ကြွတော်မူရာ အထိမ်းအမှတ်များဖြစ်သည်ဟု ၇ ရာစု ဟူယင်ဆန်က မှတ်တမ်းတင်ခဲ့သည်။ ထိုသုံးဆူတွင် အဆုံးရှိ စေတီ မှာ အရိမေတ္တေယျဘုရားလောင်း ဗျာဒိတ်ခံရာ စေတီဖြစ်ပြီး အနောက်ဘက် ဆုံးတစ်ဆူမှာ ဂေါတမဘုရား ဗျာဒိတ်ခံရာအထိမ်းအမှတ်ဖြစ်သည်။

## ၈။ စင်္ကြံလမ်း

ထိုစေတီရာများ မြောက်ဘက်တွင် အုတ်စင်္ကြံတန်းကလေးတစ်ခုရှိ ၏။ ထိုနေရာသည် ဘုရားလေးဆူ စင်္ကြံ ကြွရာ အထိမ်းအမှတ်ဖြစ်သည်။ ပြတိုက်တွင်းရှိ ကျောက်နီဖြင့် ထုလုပ်ထားသော ဘုရားလောင်း၏ ရုပ်တုနှင့် ထီးကြီးမှာ ဤနေရာတွင် (၁၂၃–အေဒီ)က ဗလမည်သော ရဟန်း တည် ခဲ့ကြောင်းနှင့် ယင်းရုပ်တုပ စာနှင့် ဟူယင်ဆန် မှတ်တမ်းအရ သိရသည်။

## ၉။ နန္ဒိယကျောင်းတော်ရာ

မဟာဗောဓိကစေတီနေရာကြီး၏ မြောက်ဘက်စေတီရာ ကလေးများကို ကျော်လျှင် မြင့်မြင့်မောက်မောက် အဆောက်အအုံဟောင်းကြီး တစ်ခုရှိသည်။ ယင်းမှာ မသေမီထဲက နတ်ဘုံဗိမာန်ပေါက်နေသည်ဟု ကြားဖူး၍ နားရည်ဝ အားကျနေကြသော နန္ဒိယ သူဌေးဆောက်ခဲ့သည့် ကျောင်း တော်ရာဖြစ်၏။ ဘုရားရှင်သည် ပထမဝါကို မိဂဒါဝုန်၌ဆိုကာ တရား ဦးဟောပြီးသည့်နောက် ဆက်လက်၍ သိတင်းသုံးတော်မူစဉ် ယသသူဌေး သားနှင့် အပေါင်းပါများကို ရဟန္တာဖြစ်စေခဲ့သည်။ သာ၊ပျောက်ကိုရှာ သော အဖေကိုတရားဟောရင်း သားပါ တရားရခဲ့သည့်နေရာ ဖြစ်သည်။ ပထမဝါတွင်ပင်ရဟန္တာ(၆၀)ဖြစ်စေကာ ဝါကျွတ်သော် သာသနာပြု စတင် လွှတ်ရာ နေရာဖြစ်ခဲ့သည်။ ဘုရားရှင် သိတင်းသုံးတော်မူစဉ်က ဤနေရာ၌ သိတင်းသုံးတော်မူသည်ဖြစ်၍ (မူလဂန္ဓကုဋီ)ဟု ခေါ်သည်။ ဘုရားရှင် ဝေရဥ္စာ ပြည်၌ ၁၂ ဝါမြောက် ဝါဆိုပြီးနောက် ဗာရာဏသီမြို့သို့ ရောက်ခိုက်တွင် နန္ဒိယသူဌေးက ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဟူယင်ဆန်မှတ်တမ်း အရ ပေ ၂၀၀ ခန့်မြင့်ပြီး ၇ ထပ်ရှိ၍ လှပတင့်တယ်စွာ မြင်ခဲ့ရသည်ဆို၏။ အဆောက်အအုံနေရာမှာ ပေ ၆၀ ပတ်လည် ရှိသည်။ နံရံမှာ ၁၀ ပေခန့်ထူပြီး အတွင်း၌ ကျောက်တိုင် ၄ တိုင်ခန့်နှင့် မြောက်ဘက်ပိုင်းတွင် အထက်ထပ်သို့ လှေကားတွေ့ရသည်။ အဝင်ဝမှာ အရှေ့ဘက်မှာ တွေ့ရ၏။ (သာဝတ္ထိရှိ ဂန္ဓကုဋီအခင်မှာလည်း အဝင်ဝကို အရှေ့ဘက်မှာပင် တွေ့ရသည်။) နိုင်ငံ ရပ်ခြား ဘုရားဖူးများမှာ ဤကျောင်းနေရာတွင် ဂန္ဓကုဋီဖြစ်၍ ပူဇော် ကြသည်။

## ၁၀။ အခန်းတွင်းမှစေတီငယ်

နန္ဒိယကျောင်းတော်တွင် အနောက်ဘက်၌ အခန်းငယ်တစ်ခု၊ တောင် ဘက်၌ အခန်းငယ်တစ်ခုနှင့် မြောက်ဘက်တွင် အခန်းငယ် တစ်ခုစီ ရှိကြသည်။ ယင်းအနက် မြောက်ဘက်မှ အခန်းငယ်သည် နေရာနိမ့်လျက် ကျဉ်းယောင် ရှိပြီး စေတီငယ်တစ်ဆူရှိသည်။ စေတီကို ကျောက်လက်ရန်းဖြင့် ကာထား၍ အသောကလက်ရမ်းဟု စာတန်းရှိ၏။ စေတီကို အုတ်ဖြင့် ပြုလုပ်ထားပြီး အပေါ်တွင် ကျောက်တိုင်အကျိုးတစ်ခု တွေ့ရသည်။ ယင်းနေရာသည် ဗုဒ္ဓ မြတ်စွာ သိတင်းသုံးစဉ်က နေ့ခင်းတွင် တစ်ကိုယ်တော်တည်း ကိန်းအောင်း လျက် သမာပတ်ဝင်စားပြီး နေ့သန့်စင်ရာအခန်းဖြစ်ကြောင်း ဆိုကြသည်။ အခြားအခန်းများ၌ စေတီမရှိဘဲ ဤအခန်း၌သာ စေတီရှိသဖြင့် ဘုရားရှင်

အထိန်းအမှတ်အဖြစ် တည်ခဲ့ခြင်း ဖြစ်နိုင်သည်။ စေတီအပေါ်မှ ကျောက်တိုင်ငယ်မှာ နောက်မှ ဟိန္ဒူဘာသာဝင်များက သျှိဝလိင်အဖြစ် ပြောင်းလဲကိုးကွယ်ခဲ့ပုံ ရသည်။ လက်ရမ်းများမှာလည်း ဤနေရာမှမဟုတ်ဘဲ ကျောင်းအဆောက်အအုံ အပေါ်မှ ကျိုးပဲ့ပျက်စီးကျနေသည်ကို စုရုံး၍ ကာထားဟန်တူ၏။ ဤနေရာသည် ဗုဒ္ဓမြတ်စွာ နိရောဓသမာပတ် ခေတ်တို့ဖြင့်ပြည့်စုံသော နေရာ ဖြစ်နိုင်ပေသည်။

## ၁၁။ စေတီရာများ

ဧင်းအခန်းနှင့် ဓမ္မခစေတီရာအကြားတွင် စေတီရာ ကြီးငယ်များစွာ ရှိသည်။ အရှေ့ဘက်နှင့် အနောက်ဘက် (ဝဲနှင့်ယာ) နှစ်ဆူမှာ ကုလားကျောင်းခံစေတီများဖြစ်ပြီး အချို့မှာ ကျောက်သားဖြင့် မြေစိုက် ဂူငယ်များဖြင့် တည်ဆောက်ထား၏။ အချို့ စေတီငယ်ရာများမှာ အောက်ခြေအုတ်မြစ်၌ တစ်ဆူပေါ်တစ်ဆူဆင့်၍လည်းကောင်း၊ နှစ်ဆူသုံးဆူပေါ် တစ်ဆူဆင့်၍လည်းကောင်း စသည်များ တွေ့ရခြင်းဖြင့် ဗုဒ္ဓဘာသာထွန်းကားခဲ့သည့် ခေတ်အဆက်ဆက် အကြိမ်ကြိမ်အထပ်ထပ် ဆောက်လုပ်ခဲ့ကြောင်း ထင်ရှားသည်။

## ၁၂။ အသောကကျောက်တိုင်

စေတီငယ်အခန်းမှ အနောက်ဘက်(ဝဲဘက်)သို့ ချိုးလိုက်လျှင် နန္ဒိယကျောင်း၏ အနောက်ဘက်ကပ်လျက်၌ အမိုးငယ်အောက်တွင် သံတံတိုင်းကာရံထားသော ကျောက်တိုင်အကျိုးငါးခုကို တွေ့ရ၏။ ၎င်းသည် ဗုဒ္ဓသာသနာကို ရန်သူများက မည်မျှပင် ဖျက်ဆီးချေမှုန်းကြသော်လည်း အမှန်တရားအဖြစ် အံတုနိုင်ကာ ပြန်လည်ပေါ်ထွန်းလာသော အသောကမင်းကြီး၏ ကမ္ဘာကျော် ကျောက်တိုင်ကြီးများဖြစ်သည်။ ယင်းကျောက်တိုင်ကြီးများမှာ မူလက ပေ ၇၀ ခန့်မြင့်ခဲ့ပြီး (ပြတိုက်တွင်းရှိ) ခြင်္သေ့လေးစီးနှင့် ဓမ္မစကြာ ထိပ်အုပ်ပါကာ ၁၂ ရာစုမတိုင်မီထိ ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့သည့် ကျောက်တိုင်ကြီးများ ဖြစ်၏။ အိန္ဒိယသမိုင်းတွင် မောရိယ အင်ပါယာအကြောင်း ပြောလျှင် လည်းကောင်း၊ ဗုဒ္ဓသာသနာအကြောင်း ပြောလျှင်သော် လည်းကောင်း၊ ရှေးဟောင်း ယဉ်ကျေးမှု ကျောက်ဆစ်လက်ရာများ အကြောင်း ပြောလျှင်လည်းကောင်း မပါလျှင်မပြည့်စုံသည့် ကျောက်တိုင်ကြီးများဖြစ်၏။ ၁၂ ရာစု မူဆလင်များ အာဖဂန်ရလာသောအခါ အကြမ်းဘက်၍ ဖျက်



အနတ္တလက္ခဏာသုတ်ဟောကြားရာဓမ္မေခစေတီ



ဓမ္မစကြာဟောကြားတော် မူရာ  ဓမ္မရာဇိကစေတီနေရာတွင်
ဘုရာဖူးများပူဇော်နေပုံ။



မူလဂန္ဓကုဋီအတွင်းရှိ–ဗုဒ္ဓရွှေဆင်းတု



ပဉ္စဝဂ္ဂီငါးဦး ဓမ္မစကြာဟောတော်မူဟန် မြန်မာနိုင်ငံမှ လှူဒါန်းထားသည့် လက်ရာ



ယသ သူဌေးသားအား တရားဟောရာနေရာ အထိမ်းအမှတ်
ပလ္လင်ကြီး
မိဂဒါဝုန်

မိဂဒါဝုန်ရှိ အသောကမင်း၏ ကျောက်စာတိုင် အပိုင်းအစကြီးများ ၅၈



ဆီးမှုများတွင် ဤကျောင်းတိုက်ကြီးနှင့်အတူ ကျောက်တိုင်ကြီးလည်း အပိုင်းပိုင်း ကျိုးပဲ့ခဲ့ရသည်။ ယခုတွေ့ရသည်မှာ ၈ ပေခန့်မြင့်ကာ ထိပ်ဝအကျယ် ၂ ပေ၊ ၉ လက်မခန့်ရှိပြီး ဗြဟ္မီအက္ခရာဖြင့် ရေးသားထားသော စာပါသည့် အသောကလက်ရာဖြစ်ကြောင်းမှာ ကျောက်သားချောမွတ်၍ အရောင်ပြောင်လက်နေခြင်းကို မှတ်သားရသည်။ ဘီစီ ၂၅၀ ခန့်က ၎င်းကျောက်တိုင်ကို စိုက်ထူကာ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် စသည်ဖြင့် ကိုးတိုင်းကိုးဌာန သာသနာပြုရာတွင် အသောကသည် မိဂဒါဝုန်ကိုလည်း အထူးအာရုံစိုက်၍ ပြုပြင်ပြင်ဆင်ခဲ့ကြောင်း ကျောက်တိုင်နှင့် စေတီကြီးများက သက်သေခံနေသည်။

## ၁၃။ ဘုရားရှိခိုးကျောင်းငယ်

ကျောက်တိုင်၏ အနောက်ဘက်တွင် ကုလားကျောင်းပုံစံ စေတီအဆောက်အအုံပျက်တစ်ခုရှိသည်။ ၎င်းသည် မောရိယခေတ်မှ ဂုပတမင်းဆက်အတွင်း တည်ရှိခဲ့သော ကျောင်းငယ်ဖြစ်သည်။ ဘုရားရှိခိုးရာ ကျောင်းငယ် ဖြစ်သည်။ ၁၂ ရာစုမီးလောင်ဒဏ်ကို အခြားအဆောက်အအုံများနည်းတူ ခံခဲ့ရသည်။

## ၁၄။ စေတီရာများ

နန္ဒိယကျောင်းတော်ရာ၏ အနောက်ဘက် မြောက်ဘက် အရှေ့ဘက်တို့တွင် စေတီရာများ မြောက်မြားစွာရှိသည်။ အသေး အလတ် အရွယ်စုံ ပုံစံစုံပင်ဖြစ်သည်။ အချို့စေတီများသည် ရဟန္တာ ဓာတ်တော် ဌာပနာရာများဖြစ်နိုင်ပြီး အချို့စေတီများသည် ဗုဒ္ဓမြတ်စွာ ပထမ ဝါကပ်တော်မူရာ နေရာဖြစ်၍ နောက်ကာလတွင် စေတီတည်ထား ကိုးကွယ်လိုသူများ၏ ကောင်းမှုဖြစ်နိုင်၏။ ၇ ရာစုမှ ၁၁ ရာစုအတွင်း တည်ဆောက်ခဲ့ဟန်တူသည်။ အရှေ့ဘက် (ဓမ္မေခ စေတီသို့သွားရာ)လမ်းငယ်၏ ဝဲယာတွင် စေတီများရှိရာ ဝဲဘက်မှ စေတီတန်းငယ်ကို ၁၂ ရာစုကျောင်းတိုက်ကြီး မီးရှို့စဉ်က ပျံလွန်တော်မူသော ရဟန်းတော် ၁၅၀၀တို့၏ အထိမ်းအမှတ်ဟု အချို့ကဆိုကြ၏။ မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ၁၂ ရာစုနောက်ပိုင်းတွင် ဤနေရာသည် အားလုံးပြာကျပြီးသည့် နောက် တောဖုံးခဲ့ပေပြီ။ ပြုပြင်သူ ကိုးကွယ်သူမရှိတော့သလောက်ပင်ရှိ၍ ၁၈၁၅ ခုလောက်တွင်မှ ပြန်လည်တူးဖော်သဖြင့်သာ ပြန်လည်တွေ့ရှိရခြင်း ဖြစ်သောကြောင့်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ တိုးတက်သည့်ခေတ်များတွင် ဘုရား ကျောင်းတော်ရာဖြစ်သော ဤနေရာ

များတွင် ကြည်ညိုသူများ၏ ဆန္ဒအလိုက် ဘာသာရေးမခေါင်းဆောင်များ၏ ညွှန်ကြားမှုအလိုက် စေတီများကို မြန်မာဝေကာကြီးများ ပတ်ဝန်းကျင်ကဲ့သို့ တည်ထားခဲ့ခြင်း ဖြစ်နိုင်သည်ဟု ယူဆသည်။

## ၁၅။ ပလ္လင်ကြီး

ယင်းအုတ်လမ်းငယ်၏ အလယ်ခန့် ယာဘက် (ကုန်းဘေး)တွင် ကွန်ကရိအမိုး မိုးထားသည့်အောက်၌ ရှေးဟောင်း ပလ္လင်ကြီးတစ်ခုရှိ၏။ ယင်းမှာ ရှေးဟောင်းဌာနမှ ပြန်လည်တူးဖော်ပြီး တွေ့ရသမျှ ပလ္လင်ထဲတွင် ရှေးအကျဆုံး လက်ရာဖြစ်သည့် ပလ္လင်ကြီးဖြစ်သည်။ ဗုဒ္ဓလက်ထက်ထဲကဟု ယူဆကြသည်။ ပတ်ဝန်းကျင် စေတီရာများအလယ်တွင်ရှိ၍ မြန်မာပြည်အချို့စေတီများ၌ အာရုံခံတန်ဆောင်းကဲ့သို့ အလယ်တွင် ဆင်တုကြီးတင်၍ ကိုးကွယ်ခဲ့လေသလားဟု စဉ်းစားဖွယ်ပင်။ ဟူယင်ဆန်မှတ်တမ်းတွင်မူ 'ကျောင်းတိုက်ကြီး၏အလယ်၌ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ပမာဏအတိုင်း ကြေးရုပ်တုတော်ကြီး တစ်ဆူရှိသည်'–ဟုဆိုရာ ဤပလ္လင်ထက်တွင်လား နန္ဒီယကျောင်းတော် (မူလဂန္ဓကုဋီ)၏ အလယ်တွင်လားမသိပေ။ စကားဆက်အရမူ နန္ဒီယကျောင်းကို ပေ ၂၀၀ ခန့်မြင့်ကြောင်း ဖော်ပြသည့်စကားမှ ဆက်သဖြင့် နန္ဒီယကျောင်း၏ အလယ်တွင်ဖြစ်သည်ဟု လည်း ယူဆနိုင်သည်။ အချို့က ဤနေရာ၌ ဓမ္မစကြာ ဟောတော်မူခဲ့သည်ဟု ယူဆကြသေး၏။ မဖြစ်သင့်ပေ။ မည်သို့ပင်ဆိုစေ ပလ္လင်ကြီးသည် ရှေးအကျဆုံးလက်ရာဖြစ်၍ ဗုဒ္ဓလက်ထက် (သို့) အသောကလက်ထက်ကပင် ဖြစ်သည်ဟု ယူဆသင့်သည်။ ပလ္လင်နေရာ၌ ယသသူဌေးသား ဗုဒ္ဓမြတ်စွာနှင့် စတင်တွေ့ဆုံ၍ တရားဟောကာ အကျွတ်တရားရသည့်နေရာ အထိမ်းအမှတ်ဖြစ်သည်ဆို၏။

## ၁၅။ ကုမာရဒေဝီကျောင်း

နန္ဒီယကျောင်းတော်ရာမှ မြောက်ဘက်သို့ လမ်းငယ်မှသွားလျှင် ကုန်းမြင့်တစ်ခုသို့ တက်သည့်လမ်းမှာ နန္ဒီယကျောင်းတော်ရာနှင့် ကုမာရဒေဝီကျောင်းတော်ရာတို့ကို ပိုင်းခြားသည့် တံတိုင်းကြီးဖြစ်၏။ ယင်းတံတိုင်းမှာ ထုထည်ခိုင်မာသည့်ပြင် ကျောင်းတိုက်၏ အစအဆုံးထိ ပိုင်းခြားထားသည်။ ကုမာရဒေဝီကျောင်းတော်ရာသည် အရှေ့မှအနောက်သို့ပေ ၇၆၀ ရှည်လျား၏။ ဤကျောင်းတော်တွင်ကျောင်းနေရာအမှတ် ၂-၃-၄ တို့ရှိသည်။ ဤကျောင်းကို ကန်နော့ဂျ်ဘုရင်ဂေါဝိန္ဒစန္ဒရ၏မိဖုရား ကုမာရဒေဝီက ၁၁၃၆ အေဒီတွင် တည်ဆောက်ခဲ့သည်။ ၁၁၉၄ တွင် မူဆလင်များ၏ ဖျက်ဆီးမှုကိုခံရသဖြင့် ကျောင်း

သက် ၅၈ နှစ်ခန့်သာရှည်ခဲ့သည်။ သူမသည် လင်သားဖြစ်သူ ဘုရင်က ဟိန္ဒူဘာသာဝင်ဖြစ်သော်လည်း မိမိ၏ဗုဒ္ဓဘာသာကို ချီးမြှောက်နိုင်အောင် စွမ်းဆောင်နိုင်သဖြင့် ချီးမွမ်းဖွယ်ဖြစ်သည်။ သူမသည် ဗုဒ္ဓဘာသာကိုချီးမြှောက်သည့်မင်းဆက်တွင် နောက်ဆုံးပင်ဖြစ်သည်။

## ၁၇။ လိုဏ်ခေါင်းလမ်း

ကျောင်းနေရာ၏ အနောက်ဘက်ဖျားတွင် လိုဏ်ခေါင်းလမ်း တစ်ခုရှိသည်။ အရှည်ပေ ၁၈၀၊ အမြင့် ၆ ပေ၊ အကျယ် ၃ ပေခွဲခန့်ရှိပြီး အုတ်နံရံကျောက်အမိုးဖြင့် ရှိသည်။ အမိုးမှာ မူလအတိုင်း ဟုတ်ဟန်မတူ။ တူးဖော်ပြီးမှ ပြုပြင်ထားပုံရသည်။ ကျောက်တံခါးပေါက် ၂ ခုရှိရာ ပထမတံခါးမှာ အလွန်နိမ့်သည်။ ဤလမ်းကို ဘိက္ခုနီများ ရေချိုးဆင်းရာလမ်းဟု အချို့ကဆိုကြ၏။ လိုဏ်ခေါင်းထိပ် (ဝါးရုံပင်များ) လွန်လျှင် ချိုင့်ဝှမ်းရှိ၍ ရေကန် (သို့) ရေစီးမြစ် ဖြစ်ခဲ့ဟန်ရှိသည်။ မြန်မာကျောင်းပတ်ဝန်းကျင်သည် အနိမ့်ဝှမ်းဖြစ်ကာ မိဂဒါဝုန်ကုန်းမှကြည့်လျှင် အဝှမ်းကျယ်နေရာဖြစ်၏။ ထို့ကြောင့် ရေချိုးဆင်းရာလမ်းဆိုသည်မှာ ဖြစ်နိုင်စရာရှိပေသည်။

## ၁၈။ ဓမ္မေခစေတီတော်ကြီး

ဤကျောင်းတော်ရာများအားလုံး၏ အရှေ့ဘက် (ဓမ္မရာဇိကစေတီနှင့် တည့်တည့်) တွင် ကြီးမားသောကျောက်တိုင်ကြီးအလား ထင်ရှားစွာမြင်နေရသော စေတီကြီးသည် ဓမ္မေခစေတီကြီးပင် ဖြစ်သည်။ ဤစေတီကြီးမှာ မိဂဒါဝုန်၌ အကောင်းပကတိနီးပါးရှိနေသည့် တစ်ခုတည်းသော ရှေးဟောင်းစေတီကြီးဖြစ်သည်။ ဤစေတီကြီးသည် မိဂဒါဝုန်၏သမိုင်းကို ထီးမားကြွခိုင်စွာ ထိန်းသိမ်းထားသောစေတီကြီး ဖြစ်၏။ ၎င်းအား ရောင်စုံဘာသာခြားများကက ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ မည်သို့ပင်ဖျက်ဆီးကြသော်လည်း အဆုံးတိုင်မဖျက်ဆီးနိုင်ခဲ့ကြသဖြင့် ယနေ့တိုင် အထင်ရှားဆုံးနှင့် အဝေးမှပင် မြင်နိုင်သော ဗုဒ္ဓ၏ အောင်လံတံခွန်ပင်ဖြစ်သည်။ စေတီတော်ကြီးမှာ မြန်မာပြည်ကောင်းမှုတော်နှင့် ခပ်ဆင်ဆင်တူ၏။ အောက်ပိုင်းမှာ ကျောက်တုံးများဖြင့်တည်ဆောက်ထားပြီး အပေါ်ပိုင်းမှာ အုတ်ဖြင့်တည်ဆောက်ထားသည်။ ကျောက်တုံးများတွင်လှပသောစကြာပုံများ ခြူးပန်း၊ ခြူးနွယ်များတွင်းထုတန်ဆာဆင်ထား၏။ အချို့နေရာများ၌ဖျက်ဆီးခံထားရသည့်နေရာများကိုကျောက်တုံးသစ်များ အစားထိုးထားသဖြင့်ခြူးပန်းခြူးနွယ်များမရှိပေ။ အရှေ့တောင်ဘက်တွင်မူ ဖျက်ဆီးလက်စ ကျောက်တုံးအပဲ့များအတိုင်း ရှိနေ၏။ စေတီလေး

မျက်နှာ၌ ကြာဖူး(သို့)ညောင်ရွက်ဖူးသဏ္ဍာန် နံရံကပ် လိုဏ်မုခ်တစ်ခုစီ ရှိ၏။ ယင်းလိုဏ်များ၌ ရှေးက ဗုဒ္ဓဆင်းတုတစ်ဆူစီ ရှိခဲ့သည်ဆို၏။ စေတီကြီး၏အမြင့်မှာ ၁၀၄ ပေမြင့်၍ အသောကမင်းကြီး၏ ကောင်းမှုပင်ဖြစ်သည်။ အခြား (ဓမ္မရာဇိကစေတီ ချောက်ကန္ဒီစေတီ ကျောက်စာတို့နှင့်)တစ်ပြိုင်တည်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဓမ္မရာဇိကစေတီဖျက်စဉ်က ကျောက်သေတ္တာ၏ ကျောက်ကြုတ်တွင်း၌ ဓာတ်တော်များတွေ့သကဲ့သို့၊ ဤစေတီကြီးအတွင်း၌လည်း အသောကသည် ဓာတ်တော်စစ်များကို ဌာပနာခဲ့မည်သာ ဖြစ်သည်။ ဤစေတီကို ဓမ္မစကြာဟောရာဟုလည်းကောင်း၊ မေတ္တေယျဘုရား ဗျာဒိတ်ခံရာဟုလည်းကောင်း၊ အနတ္တလက္ခဏာသုတ် ဟောရာဟုလည်းကောင်း ဆိုကြသည်။ ဖြစ်နိုင်သည်မှာ ဤစေတီ၏ အနောက်ဘက်ရှိ ဓမ္မရာဇိကစေတီရာအနီးတွင် (ပြတိုက်တွင်းရှိ) ဓမ္မစကြာဟောဟန် ဆင်းတုရရှိခြင်းကို ထောက်၍လည်းကောင်း၊ ဟီယန်ဆိုင်မှတ်တမ်းပါ ဓမ္မရာဇိကစေတီသည် ပဉ္စဝဂ္ဂီတို့ မြတ်နိုးပူဇော်ရာ ဌာနဟုဆိုသည်ကို ထောက်၍လည်းကောင်း၊ ဓမ္မရာဇိကသည် ဓမ္မစကြာဟောရာနေရာ၊ ဤဓမ္မေခသည် အနတ္တလက္ခဏာ ဟောရာနေရာသာ ဖြစ်နိုင်ပေသည်။ ဗျာဒိတ်ခံရာနေရာများသည် ဓမ္မရာဇိကပတ်ဝန်းကျင်၌ ရှိခဲ့ကြောင်း မှတ်တမ်းအရသိခြင်းဖြင့် ဤနေရာမဟုတ်ကြောင်း ထင်ရှားသည်။

## ၁၉။ ဂျိန်းဘုရားကျောင်း

ဓမ္မေခစေတီကြီး၏ အနောက်တောင်ဘက်တွင် ဂျိန်းဘုရားကျောင်းရှိသည်။ ၎င်းကို အေဒီ ၁၈၂၄ ကဆောက်ခဲ့ပြီး ဤနေရာမှ တစ်မိုင်ခန့်ဝေးသော ဆန်ဃပူရ်ရွာ၌ တိတ္ထကရအဖြစ် ရောက်ခဲ့သော ဂျိန်းတို့၏ ၁၁ယောက်မြောက် ရှရိအန်ဆနာတ်၏ရုပ်တုကို ကိုးကွယ်ထားကြသည်။

## ၂၀။ မူလဂန္ဓကုဋိတိုက်သစ်

ဓမ္မေခစေတီကြီးမှ အရှေ့ဘက်သို့ မြေနီလမ်းအတိုင်းသွား၍ စည်းရိုးကိုကျော်လိုက်လျှင် မိဂဒါဝုန်နယ်မြေ အပိုင်း(ခ)မဟာဗောဓိအသင်းပိုင် နယ်မြေဖြစ်သည်။ လမ်း ယာဘက်တွင် မဟာဗောဓိအသင်း၏ မူလတန်းကျောင်း ဆေးပေးခန်းများ တွေ့ရ၏။ မြေနီလမ်းအဆုံးတွင် ခေါင်းလောင်းပုံများဖြင့် တန်ဆာဆင်ထားသော မြင့်မားသည့် အဆောက်အအုံကြီးသည် သီဟိုဠ်မဟာဗောဓိအသင်းမှ ဦးဆောင်တည်ဆောက်ထားသော မူလဂန္ဓကုဋိတိုက်သစ် ဖြစ်၏။ သီဟိုဠ်ဗုဒ္ဓဘာသာခေါင်းဆောင် အနာဂါရိကဓမ္မပါလက သူ့မိခင်အမွေဖြင့် မြေကိုဝယ်ယူခဲ့ပြီး ကမ္ဘာ့အရပ်ရပ်မှ အလှူငွေဖြင့် တည်ဆောက်ခဲ့၏။ ၁၉၂၂ ခုတွင် ယူပီဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက ပန္နက်အုတ်မြစ်ချ

ပေးခဲ့ပြီး၊ ၁၉၃၁ ခုတွင် ပြီးစီးခဲ့သည်။ အဆောက်အအုံ အမြင့်မှာ ပေ ၁၁၀ ရှိပြီး ခန်းမနှင့် ဆက်သွယ်ထား၏။ ပြာသာဒ်ဆောင်အောက်တွင် ဓမ္မစကြာ ဟောဟန် ဆင်းတုတစ်ဆူ သပ္ပာယ်စွာရှိသည်။ ၎င်း၏အောက် ပလ္လင်အတွင်း၌ ဓာတ်တော်များရှိသည်။ ၎င်းဓာတ်တော်များကို တက္ကသိုလ် နာဂရ်နိကောဏ္ဍ မိရ်ပူရ်ခါသ်တို့မှ တွေ့ရသော ဓာတ်တော်များကို အိန္ဒိယအစိုးရက ပေးလှူ ထားသည်ဆို၏။ ယခုမူ ဆန်ချီမှရသော ဓာတ်တော်တစ်ဆူ ထင်ရှားစွာ ပူး မျှော်ရ၏။ ဘန်ဆောင်မုန်းလပြည့်နေ့တိုင်း နှစ်စဉ် ဓာတ်တော်ဖွင့်ပွဲ ပြုလုပ် သည်။

## မြန်မာအလှူရှင်များ

ကျောင်းကြီး၏ အဝင်ဝ ကျောက်စာတွင် မြန်မာပြည်မှဦးသွင် ဦးသာညွှန်းစသူတို့ အလှူငွေကို ဖော်ပြထားသည်ကို တွေ့ရ၏။ ဓာတ်တော် ကြုတ်ကိုလည်း ဒေါ်ဂွမ်း ဒေါ်သောင်းညွန့်တို့က လှူဒါန်းထားကြောင်းတွေ့ရ သည်။

## ဂျပန်ခေါင်းလောင်းနှင့်ပန်းချီ

အဝင်ဝ စင်္ကြံအမိုးတွင် ခေါင်းလောင်းတစ်ခုရှိပြီး ဂျပန်မှလှူဒါန်း ထားသည်။ ခန်းမကြီး၏ နံရံပန်းချီများမှာ ဂျပန်က ပန်းချီကျော် မစ္စတာ ကိုဆိတိဆုနိုဆုက ရေးဆွဲပြီး၊ ဗြိတိသျှ မဟာဗောဓိအသင်း ဥက္ကဋ္ဌဟောင်း မစ္စတာ ဘီ အယ် ဘရောတန်က လှူဒါန်းထားသည်။

## ၂၁။ အနာဂါရိက ဓမ္မပါလရုပ်တု

၎င်းကျောင်း၏ရှေ့ (အထွက်လမ်း)၏ အရှေ့ဘက်တွင် ကျောက်ရုပ် တစ်ခုရှိတည်။ ယင်းမှာ အိန္ဒိယတွင် ဗုဒ္ဓဘာသာနေရာများကို ပေါ်ထွန်းအောင် ပြုလုပ်ခဲ့ပြီး ဤအဆောက်အအုံကို တည်ဆောက်ခဲ့သော အနာဂါရိက ဓမ္မပါလ ရုပ်တုဖြစ်၏။

## ၂၂။ ဗောဓိပင်

၎င်းကျောင်း၏အရှေ့ဘက်ရှိ ဗောဓိပင်မှာ သီဟိုဠ်မှယူ၍ စိုက်ပျိုးခဲ့ သော ဗောဓိပင်ဖြစ်သည်။

## ၂၃။ သမင်ခြံ(သို့မဟုတ်)မိဂဒါဝုန်

၎င်းကျောင်း၏ တောင်(ပြာသာဒ်)ဘက်မှ လမ်းအတိုင်းသွားလျှင် အင်္ဂလိပ်လို (သမင်ခြံ)ဟု ရေးထားသည့် သားသမင်တို့ကို ဘေးမဲ့ပေးရာခြံ အဖြစ် ပြုလုပ်ထားသော သစ်တောဌာနပိုင် နယ်မြေအပိုင်း (ဂ)သို့ရောက်၏။ သမင်များ မိကျောင်းများ ဒေါင်းများ ငှက်များကို မွေးမြူပြသထားသဖြင့် တိရစ္ဆာန်ရုံသဘောပင်ဖြစ်၏။ ၎င်းမှာ ဤနေရာ၏ ရှေးအခါမှ ယနေ့တိုင် မိဂဒါဝုန်ဖြစ်ခဲ့ကြောင်း သရုပ်ပြခြံပင်ဖြစ်သည်။

ဤတွင် မိဂဒါဝုန်၏ ကြည့်စရာ သိစရာများကုန်ပြီဖြစ်သည်။ အခြား ဘီရှလာကျောင်း တရုပ်ကျောင်း တိဗက်ကျောင်းများမှာ မူလဂန္ဓကုဋိတိုက် သစ်မှထွက်လျှင် ဝဲ ယာတို့သို့ လှည့်လည်ကြည့်ရှုလျှင် သိနိုင်ပေသည်)

### မိဂဒါဝုန်၏ သက္ကရာဇ်နှင့်ဖြစ်ရပ်များ

| | |
|---|---|
| ဘီစီ ၅၅၈(သို့)၅၂၈ | ဝါဆိုလပြည့်နေ့ ဗုဒ္ဓမြတ်စွာ ကြွရောက်တရားဦးဟော။ ထို့နောက် ပဥ္စဝဂ္ဂီများ ရဟန္တာဖြစ်။ သံဃာရတနာ စတင်ပေါ်ပေါက်။ ဗုဒ္ဓပထမဝါဆို။ ယသနှင့် ၅၅ ရဟန္တာဖြစ်။ စတင် သာသနာပြုလွှတ်။ နန္ဒိယသူဌေး ကျောင်းဆောက်။ |
| ဘီစီ ၂၅၀ | အသောကမင်း ကျောက်တိုင်စိုက် စေတီများတည်။ |
| အေဒီ ၁၂၃ | ဗလရဟန်း ဘုရားလောင်းရုပ်တုနှင့် ထီးလှူ။ |
| အေဒီ ၄-၅ ရာစု | စည်ကားတိုးတက်။ |
| အေဒီ ၅ ရာစု | ဖာဟီယန်ရောက်၊ စည်ကားနေကြောင်းမှတ်တမ်းတင်။ |
| အေဒီ ၆ ရာစု | ဟန်းလူမျိုး မိဟိရကုလာရောက်ရှိ ဖျက်ဆီးသည်။ သို့သော်ပြင်ဆင်နိုင်။ |
| အေဒီ ၇ ရာစု | ဟူယင်ဆန်ရောက်၊စည်ကားနေကြောင်းမှတ်တမ်းတင်။ |
| အေဒီ ၁၀၂၆ | ထိရပါလ ဝသန္တပါလ ညီအစ်ကိုနှစ်ယောက်ဓမ္မရာဇိက စေတီနှင့် အားလုံးပြင်ဆင်။ |

| | | |
|---|---|---|
| အေဒီ | ၁၁၃၆ | ကုမာရဒေဝီ ကျောင်းဆောက်။ |
| အေဒီ | ၁၁၉၄ | မာမွတ်ဂိုရီ၏ဗိုလ်ချုပ် ကုတပ်အုတ်ဒင်သည် အားလုံးမီးရှို့။ |
| အေဒီ | ၁၅၈၈ | အက္ကဘာဘုရင်က ချောက်ခန္ဓိဇေတီပေါ်၌ မျှော်စင်ထပ်ဆောက်။ |
| အေဒီ | ၁၇၉၄ | ခမ္မရာဇိကစေတီကို ဂျဂတ်ဆင်းဖျက်ဆီး၍ လုံးဝပျက်။ |
| အေဒီ | ၁၇၉၀ | ယင်းအကြောင်း စာအုပ်တွင်ပေါ်ပြူ၊ |
| အေဒီ | ၁၈၁၅ | ကာနယ်မက်ကင်ဇီ မိဂဒါဝုန်ကို တူးဖော်။ |
| အေဒီ | ၁၈၂၄ | ဂျိမ်းဘုရားကျောင်းဆောက်။ |
| အေဒီ | ၁၈၃၅-၃၆ | ဆာအလက်ဇန်ဒါ ကာနင်ဂန်က ဆက်လက်တူးဖော်။ |
| အေဒီ | ၁၈၅၁-၅၂ | မေဂျာဘစ်ဘိုး ဆက်လက်တူးဖော်။ |
| အေဒီ | ၁၉၂၂ | မဟာဗောဓိအသင်း၏ မူလဂန္ဓကုဋိတိုက်သင်ကို ဆာဟာကုတ်ဘတ္တလာ အုတ်မြစ်ချ။ |
| အေဒီ | ၁၉၃၁ | ယင်းအဆောက်အအုံကြီးပြီးစီး။ |
| အေဒီ | ၁၉၃၂-၃၆ | ဂျပန်ပန်းချီဆရာ ကိုဆုဟိုဆုနိုဆူက အဆောက်အအုံအတွင်း ဗုဒ္ဓဝင် နံရံပန်းချီများရေးဆွဲသည်။ |
| အေဒီ | ၁၉၅၆ | သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဤနေရာများကို အိန္ဒိယအစိုးရက ထိန်းသိမ်း စောင့်ရှောက်မွမ်းမံပြီး၊ ဘုန်းကြီးကျောင်းများတွင် လျှပ်စစ်မီးဆက်သွယ်ခြင်းနှင့် ပန်ကာများတပ်ဆင်ပေးသည်။ |

**မိဂဒါဝုန်မှမြန်မာ့အလှူမှတ်တမ်းများ**

မိဂဒါဝုန်ခေါ် ဆာရ်နာတ်တွင် သီးခြားအလှူမရှိပေ။ သို့သော် ပါဝင်ထားသော အလှူရှင်စာရင်းကို ဖော်ပြပါသည်။

မဟာဗောဓိမှ တည်ဆောက်ထားသော မူလဂန္ဓကုဋီစေါ် ဘုရားကျောင်းအဝင်အဝတွင် အလှူရှင်စာရင်းနှင့် တန်ဖိုးကို ဖော်ပြထားပါသည်။

ရန်ကုန်-ပျော်ဘွယ်ကြီး၊ ဒေါ်ဖြူ- မသောင်းညွန့်—ဒေါ်ပွင့်—မလှခိုင်။ ဦးဖိုးခင်—ဒေါ်ရတို့က (ဆင်းတုရုပ်ပွားတော်၏ အောက်ပလ္လင်အတွင်းတွင် ဌာပနာထား၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်း တစ်နှစ်လျှင်တစ်ကြိမ် အပူဇော်ခံသည့်) ဓာတ်တော်ကိန်းဝပ်ရာ ရွှေကြုတ်ကို လှူဒါန်းထားပါသည်။ တန်ဖိုး ၄၇၉၁ ရူပီး

ဂန္ဓကုဋ္ဌ်အဆောက်အအုံတွင် ဆာ ဦးသွင်-လေဒီသွင်-ဦးအုန်းဖေ-ဦးသာညွှင်းတို့ကရူပီး ၁၀၀၀ စီ အသီးသီးထည့်ဝင်လှူဒါန်းထားပါသည်။





ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှ လှမ်းမျှော်၍ ဗာရာဏသီမြို့ကို ရှုမြင်ရပုံ



ဗာရာဏသီမြို့ သက္ကရ တက္ကသိုလ်



# သာဝတ္ထိ

## တည်နေရာ

အိန္ဒိယနိုင်ငံ ဥတ္တရပရဒေ့ရှ်ပြည်နယ် ဂွန်ဒါဒိစတြိတ်အပိုင် (ဂွန်ဒါနှင့် ဘာရိုင့်ချ်ခရိုင်တို့၏နယ်စပ်)တွင် တည်ရှိပြီး ရာပတီခေါ်အစိရဝတီမြစ်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ရာပတီမြစ်သည် နီပေါလ်နိုင်ငံ (ဟိမာလယ တောင်ခြေ)မှ စကာ ဖူသန့်မြို့မှသည် နီပါလ်ဂန်ဂျ်မြို့အနီးထိ ကွေ့ကောက်ပြီး အိန္ဒိယ နိုင်ငံ ဥတ္တရပရဒေ့ရှ်ပြည်နယ် ဘာရိုင့်ချ်ခရိုင်သို့ စီးဝင်ပြီး ဘန်ဂတာနှင့် ဘဂေါ်မြို့များအတိုင်း ဂွန်ဒါခရိုင် သာဝတ္ထိနှင့် ဗာလ်ရာမ်ပူမြို့မှ ဘတ်စ်တီးခရိုင် ဘန်စီတို့မှ ဂိုရက္ခပူရ်သို့ စီးဝင်လာသည်။ (ဗုဒ္ဓ၏ ထေရီသမိုင်းတွင် အရေးပါ၍ မြန်မာများ အသိများသော ပဋာစာရီနှင့် သာကီဝင်တို့အား သတ်ရာမှအပြန်တွင် ဝိဋူဍူပအား ဒုက္ခပေးခဲ့သည့်မြစ်ဖြစ်သည်) သာဝတ္ထိနှင့် ယခုအခါ အနီးဆုံးမြို့မှာ ဘာလ်ရမ်ပူရ်မြို့ဖြစ်၍ ၁၇ ကီလိုမီတာ ကွာဝေးသည်။

## ရှေးအမည်နှင့် ယခုအမည်

သာဝတ္ထရသေ့၏ ကျောင်းနေရာ၌ တည်ထောင်သောကြောင့် သာဝတ္ထိဟု ခေါ်သည်။ ထို့ပြင် (သဗ္ဗံအတ္ထိ) အလုံးစုံ (ဘာမဆို)ရှိသောကြောင့်လည်း သာဝတ္ထိခေါ်ကြောင်း ပါဠိစာပေ၌လာသည်။ မဟာဘာရတကျမ်းအလိုအရလည်း သဝတ္ထ ရသေ့စတင်တည်ထောင်၍ သာဝတ္ထိခေါ်သည်ဟုဆိုသည်။ သက္ကတနှင့် ဟိန္ဒီဘာသာ အသံထွက်ဖြင့် ဆာရာဝပ်စ်တီ ဟု ခေါ်သည်။

ယခုမူဇေတဝန် ကျောင်းတော်ရာကို (SAHEK) ဆာဟက်ခေါ်၍ သာဝတ္ထိမြို့ဟောင်းကို (MAHE )မဟက်ခေါ်ကာ နှစ်ခုလုံးတွဲ၍ (SAHEK MAHEK) ဆာဟက်မဟက်ဟု ဒေသသုံး ခေါ်နေကြသည်။

ရှေးနှင့် ယခုအခြေအနေမှာ ဗုဒ္ဓမတိုင်မီလက်ထက်မှစ၍ အေဒီ ၄ ရာစု (သို့မဟုတ်) ၅ ရာစုအစပိုင်းထိ မြို့အဖြစ်တည်ရှိခဲ့ပုံရပြီး နောက်ပိုင်းတွင် တောအဖြစ် ပြောင်းလဲခဲ့ပုံရသည်။ ယခုလည်း တောအဖြစ်သာ တည်ရှိသည်။ ရှေးဟောင်းနန်းတော်ရာများ အဆောက်အအုံပျက်များမှလွဲ၍ အိုးအိမ်အိမ်ခြေများမရှိပေ။ တိုးရစ်စ်လည်း အရောက်နည်းပေသည်။

## မြေပုံပါသာဝတ္ထိ

သာဝတ္ထိသို့သွား သောအခါ ဗာလ်ရမ်ပူရ်မြို့မှသာ ဖြတ်သန်းသွားရသဖြင့် ၎င်းဘက်မှစ၍ (လမ်းအဝင်အဖြစ်) ဖော်ပြထားသည်။ ပထမပိုင်းအဖြစ် သာဝတ္ထိအနီး လမ်းခုလတ်တွင်ရှိနေသော သရက်ဖြူပင်နေရာ၊ ဒေဝဒတ်ရေကန်၊ စိဉ္စမာနအိုင်စသည်တို့ကို စတင်တွေ့ရှိ လေ့လာရမည်ဖြစ်သည်။ ထို့နောက် ဇေတဝန်ကျောင်းတော်ရာ သာဝတ္ထိမြို့ဟောင်းတို့ကို အစဉ်အတိုင်း ဖော်ပြထားပါသည်။

## လမ်းခရီးမှ သရက်ဖြူပင်နေရာ

ဗာလ်ရမ်ပူရ်မှ သာဝတ္ထိသို့သွားရာလမ်း (သာဝတ္ထိသို့မရောက်မီ ၃ ကီလိုမီတာခန့်)တွင် ကားလမ်း၏ ဝဲဘက်ဘေးတွင် တောင်ကုန်းယောင်မြင့်မောက်သော တောင်ပူစာတစ်ခုကို တွေ့ရမည်။ ယင်းတောင်ပူစာသည် (မြန်မာပြည်ရှိ) ဘုရားကုန်းပျက်နှင့်တူသည်။ ယင်းသည် ဗုဒ္ဓမြတ်စွာ (၇) ဝါမြောက်မဆိုမီ ငါဦးကာလတွင် တိတ္ထိများနှင့် တန်ခိုးပြိုင်ခဲ့ရသည်။ တိတ္ထိများက သရက်ပင်မှန်သမျှ ခုတ်ရှင်းထားသော်လည်း ကဏ္ဍအမည်ရှိ ဘုရင့်ဥယျာဉ်စောင့်၏ လှူဒါန်းသော အရက်သီးကို ဗုဒ္ဓမြတ်စွာ ဘုဉ်းပေးတော်မူပြီးနောက် သရက်စေ့ကို ဤနေရာတွင် မြေသို့ချစိုက်ပျိုးခဲ့ရာ ချက်ခြင်းအပင် ပေါက်လာတော့သည်။ ထို့ကြောင့် ကဏ္ဍကိုအကြောင်းပြု၍ (ကဏ္ဍ+အမ္ဗ)သရက်ဖြူပင်ဟု ခေါ်ခြင်းဖြစ်သည်။ ထိုသရက်ပင်ရင်းတွင် ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြကာ တာဝတိံသာသို့ ၂ လှမ်း၊ ၃ ဘဝါးဖြင့် ကြွလှမ်းပြီး မယ်တော်နတ်သားအား ကျေးဇူးဆပ်သောအားဖြင့် အဘိဓမ္မာတရား ဟောကြားရင်း (၇) ဝါမြောက် ဝါဆိုတော်မူခဲ့၏။ (အကျယ်ကို ဗုဒ္ဓဝင်ရှု) ထို့ကြောင့် ဤနေရာသည် ဗုဒ္ဓမြတ်စွာ၏ တန်ခိုးတော် အနန္တကို အာရုံပြုသင့်သောနေရာဖြစ်၏။

အသောကမင်းကြီးသည် ဤနေရာ၌ စေတီတည်ခဲ့၏။ ယခုမူ (မြင်ရသည့်အတိုင်း) အုတ်ပုံကြီးအဖြစ်သာမြင်ရသည်။ ဂျိန်းဘာသာကလည်း ဂျိန်းဘာသာ



ဝင် ဘုရင်တစ်ပါး နေ့စဉ် ရေကန်တင်ခုကျူတူး၍ တူးဖေါ်လှူဒါန်းရာမှ ပေါက်တူးတွင် ကပ်နေသော ရွှံ့များကို စုပုံထားရာဟု ဆိုသေး၏။

B–ဒေဝဒတ်မြေမျိုရာ ရေအိုင်

တန်ခိုးပြရာ စေတီနှင့်(ဒါးလွယ်ခုတ်ခန့်)ကားလမ်းမ၏ဒ ခြားတစ်ဘက် (ယာဘက်)ပေ ၂၀၀+၃၀၀ ခန့်အကွာတွင် ရေအိုင်ကြီးတစ်ခုရှိသည်။ ယင်း ရေအိုင်ကြီးမှာ ဒေဝဒတ်မြေမျိုရာ ရေကန်ဟုဆို၏။ သံဝေဂရလာသော ဒေဝဒတ်သည် ဂယာသီသမှ သာဝတ္တိသို့ ဗုဒ္ဓမြတ်စွာအား တောင်းပန် ကန်တော့ရန် လာခဲ့သော်လည်း ဤရေကန်ရောက်သော် ပူလွန်း၍မနေနိုင်သဖြင့် ရေသုံးရန် ထမ်းစဉ်ချစေရာတွင် မြေမျိုခံရသောနေရာဖြစ်၏။ ဗုဒ္ဓမြတ်စွာနှင့် နီးလာသော်လည်း အကုသိုလ်ကံကြီးသူအား ဘုရားပင်မကယ်နိုင်ပေ။

စိဉ္စမာနရေအိုင်

ဒေဝဒတ်ရေအိုင်မှ ဇေတဝန်ဘက်သို့အသွား ကားလမ်းဘေးတွင်ပင် ရေအိုင်တစ်ခုရှိသေး၏။ ၎င်းမှာ ကိုယ်ဝန်တုဖြင့် ပရိသတ်အလယ်တွင် ဘုရားရှင်အား အရှက်ခွဲလိုသူ စိဉ္စမာန၏ ရေအိုင်ဟုဆို၏။

ဒေါ်ဒွေးဇရပ်

ကားလမ်းမကြီးမှ ဇေတဝန်ဘက်သို့ ချိုးမဝင်မီ လမ်း၏ယာဘက်တွင် မြန်မာပြည်မှ ဒေါ်ဒွေးက လှူဒါန်း၍ (ပျံလွန်တော်မူသော ဇေတဝန်ကျောင်း ဆရာတော် ဦးမဟိန္ဒက တာဝန်ယူဆောက်လုပ်ခဲ့သည့် မရမ္မသျှလာခေါ် မြန်မာဇရပ်တစ်ခုရှိ၏။ (ယခုအခါ အိန္ဒိယသားများ နေထိုင်၍ သီဟိုဠ်ဘုန်းကြီးက အုပ်ချုပ်၏)

သီဟိုဠ်ကျောင်း

ဇေတဝန်ကျောင်းတော်သို့ မဝင်မီ ၎င်းနှင့် မျက်နှာချင်းဆိုင်တွင် သီဟိုဠ်ကျောင်း တစ်ခုရှိ၏။

ဇေတဝန်ကျောင်းတော်ရာ

ဒေါ်ဒွေးဇရပ်ကိုလွန်လျှင် သီဟိုဠ်ကျောင်းကို တွေ့ရပြီး လမ်း၏ ဝဲဘက်တွင် သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ခြံကျယ်ကြီးတစ်ခု အဖြစ် တွေ့ရသည်ကား အလွန်ထင်ရှား လူသိများ၍ ပါးစပ်ဖျားတွင် ရေးပန်းစား ခဲ့သော ဇေတဝန်ကျောင်းတော်ပင် ဖြစ်သည်။ ခြံ၏ဝင်ပေါက်(?)း ငယ်၏ယာဘက်သို့

ချိုးသော ဝဲဘက်ထိပ်တွင်ပင် ဂိတ်အဝင်ဝကိုမြင်ရသည်။ (များသောအားဖြင့် မြန်မာဘုရားဖူး(အဖွဲ့)များသည် ဤဂိတ်မှမဝင်ဘဲ သာဝတ္ထိ မြို့ဟောင်းသို့ဖြစ်စေ၊ မြန်မာကျောင်းသို့ဖြစ်စေ သွားရောက်လေ့ရှိကြသည်။)

## မြန်မာဇေတဝန်ကျောင်း

သာဝတ္ထိမြို့ဟောင်းသို့သွားရာ ကားလမ်း၏ယာဘက်(ဇေတဝန်ကျောင်း အရှေ့ဘက်)တွင် ခြံဝင်းတစ်ခု၏အဝင်ဝ၌ ဆရာတော် ဦးမဟိန္ဒ ဇေတဝန်ကျောင်း ဟူသော မုခ်ဦးနှင့် မြန်မာဘုန်းကြီးကျောင်း တစ်ခုကို တွေ့ရမည်။ (ဘုရားဖူးများ ခေတ္တဝင်ရောက်လေ့ ရှိကြသည်) ထို့မှဆက်၍ ကားလမ်းအတိုင်း မြောက်ဘက်သို့သွားလျှင် သာဝတ္ထိမြို့ဟောင်းနေရာသို့ ရောက်ရှိမည်။

## ကျောင်းတော်ရာအတွင်းဆီသို့

ဇေတဝန်ကျောင်းတော်ရာသည် ယခုတူးဖော်ပြီး စည်းရိုးခတ်ထားသည့်နေရာသည်ပင် ၂၈ ဧကကျော် ကျယ်ဝန်းသည်။ ထပ်မံ၍ ရှေးဟောင်းသုတေသနဌာနမှ မြန်မာကျောင်းနေရာအထိ တိုးချဲ့သတ်မှတ်ကာ မြန်မာကျောင်းနေရာသည်ပင် ဇေတဝန်ကျောင်းတော်၏ အရှေ့ဘက် (ဇေတမင်းသားလှူရာ)အဝင်ဝမုခ်ဦးဖြစ်ကြောင်း ဆိုကြသည်။(ဦးလှဒင်၏ ဇေတဝန်ကျောင်းတော်စာအုပ်တွင်မူ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်း နေရာဟု ခန့်မှန်းကြောင်းဆိုသည်)ကျောင်းတော်ရာထဲတွင်မူ အဆောက်အအုံပျက် နေရာများပြည့်နှက်လျက်ရှိပြီး ခေတ်အဆက်ဆက် ထပ်မံပြုပြင် ဆောက်လုပ်ခဲ့ကြောင်းထင်ရှားသည်။ မူလ ဂန္ဓကုဋိစသော နေရာများသည်ပင် အထပ်ထပ် ဆောက်လုပ်ခဲ့သဖြင့် ယခုတွေ့ရသော အဆောက်အအုံနေရာမှာ နောက်ဆုံးပြုပြင်ထားသည့် အဆောက်အအုံဖြစ်၍ ဗုဒ္ဓသိတင်းသုံးတော်မူစဉ်က အဆောက်အအုံ မဟုတ်ပေ။ နေရာအနေဖြင့်မူ မှန်ကန်ပေသည်။ ထို့ကြောင့် နေရာ အကျဉ်းအကျယ်စသည်ကြောင့် ဗုဒ္ဓ၏ အရပ်တော်စသည်တို့ကို လက်ရှိမျက်မြင် တွေ့ရသော အဆောက်အအုံနေရာ စသည်တို့ဖြင့် မှန်းဆတိုင်းထွာ၍ သံသယဝင်ရန်မသင့်ဟု ယူဆပေသည်။ ထို့ပြင်လည်း နဂိုမူလ သဒ္ဓါတရားကို ဤကဲ့သို့သော သံသယဖြင့် မပျက်စီးစေသင့်ကြောင်းလည်း သတိပေးအပ်ပါသည်။ ဇေတဝန်ကျောင်းတော်ရာ၏ လမ်းညွှန်မှုအတွက် ကျောင်းနံပါတ်များကို ရှေးဟောင်းအမှတ်အသားကို ဦးစားပေးထားပြီး အခြားနံပါတ် မရှိသည်ကိုသာ အစဉ်အတိုင်း မှတ်သားထားပါသည်။ ထို့ပြင် ကျောင်းတော်အတွင်းသို့လည်း မြန်မာဘုရားဖူးအဖွဲ့များ အဝင်များသည်မှာ မြို့ဟောင်းဘက်မှ ဖြစ်သော်

လည်း ဤစာစောင်တွင်ကား လမ်းအဝင် (တောင်ဘက်)မှစ၍ ဖော်ပြထား ပါသည်။

**ကျောင်းတော်ရာများ။ အမှတ်၁၁+၁၂**

မြောက်ဘက်သို့ မျက်နှာမူနေသော အမှတ်၁၁+၁၂ ကို တွေ့ရသည်။ အလယ်တည့်တည့်တွင် ၇ ပေပတ်လည်ရှိ ဗဟိုခန်းမတစ်ခုစီပါ၍ ၁၀ ပေ+၈ပေ ကျယ်သော ဘေးခန်းနှစ်ခုစီပါသည်။ ဘေးတွင် ပတ်လမ်းရှိသည်။ မူလက အခန်းတွင် ဆင်းတုတော်ရှိပုံရသည်။ ဤအဆောက်အအုံများမှာ တန်ဆောင်း များဖြစ်သည်ဟု ဆိုကြသည်။

**အမှတ် ၁၈**

ဇေတဝန်တွင် ဤအဆောက်အအုံမှာ အကြီးဆုံးဖြစ်၏။ အလယ်တွင်းနှင့် အခန်း(၂၁)ခန်းရှိသည်။ အေဒီ-၆ ရာစုတွင်လည်းကောင်း၊ ၁၀ရာစုတွင် လည်းကောင်း၊ ၁၁ ရာစုတွင်လည်းကောင်း ပြန်လည် ဆောက်လုပ်ခဲ့ကြောင်း အုတ်မြစ်များအရ သိရသည်။ ယင်းနှင့်ဆက်လျက်ပင် အခန်း (၂၄) ခန်း ပါဝင်သည့် ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းတစ်ခုလည်းရှိ၏။ အခန်းတိုင်းတွင် အုတ်ခုံများတွေ့ရခြင်းဖြင့် ရဟန်းတော်များနေရန် ခုတင် အဖြစ် ဆောက်လုပ်ခဲ့ပုံရ၏။ တူးဖော်စဉ်က မဟာယာနသုံး အဝလောကိတေရှုရ မိတေယျဘုရားလောင်း စသည်ပုံများနှင့် ၁၁၃၀ ခုနှစ်တွင် ကနောဇဘုရင် ဂေါဝိန္ဒစန္ဒရသည် သာဝတ္ထိပြည်အနီး ကျေးရွာများကို ဇေတဝန်ကျောင်းသို့ ဆွမ်း ကွမ်းအဘွက် လှူဒါန်းကြောင်း ဖော်ပြသော ကြေးနီပုရပိုဒ်ဘစ်ဆူ ရရှိခဲ့သည်။ (ဂေါဝိန္ဒစန္ဒရမှာ မိဂဒါဝုန် ဓမ္မစက္ကဝိဟာရ၏ ဒါယိကာမ ကုမာရဒေဝီ၏ ခင်ပွန်းဖြစ်သည်။ ဤကျောင်းနှင့် မိဂဒါဝုန်ကျောင်းမှာ မရှေးမနှောင်းပင်ဖြစ်သည်) အမှတ် ၁၈ မှာလည်း တန်ဆောင်းဖြစ်၍ တစ်ဆက်တည်း အဆောက်အအုံကျောင်းဖြစ်သည်။

**အမှတ် ၄**

စေတီငယ်ရှစ်ဆူ နေရာဖြစ်၏။ တစ်ဆူမှာ ထပ်မံငုံတည်ထားကြောင်း တွေ့ရ၏။ 'အေဒီ-၅ ရာစုက အသုံးပြုသော အက္ခရာမျိုးဖြင့် 'ဗုဒ္ဓဒေဝ' ဟူသော အမည်ပါသောစာ တွေ့ရသည်။

**အမှတ် ၁၀**

ရှစ်မြောင့်ရေတွင်းဖြစ်၏။ အမျိုးမျိုးပြောကြသော်လည်း အိန္ဒိယတွင် တွေ့မြင်နေကြ ရေတွင်းပုံစံမျိုးပင်ဖြစ်၏။ သို့သော် ရှေးခေတ်လက်ရာရေတွင်း

များတွင် ဤကဲ့သို့ရှစ်မြောင့်မျိုး တွေ့ရခဲ၏။ (ပုတိဂတ္တတိသရေဟန္တာ ရေတွင်း ဖြစ်သည်ဆိုကာ နူနာများပျောက်သည်ဟုလည်း ဆိုကြသည်။)

**အမှတ် ၆+၇**

ရှစ်မြောင့်ရေတွင်း၏ မြောက်ဘက်တွင် အဆောက်အအုံရာ နှစ်ခုသည် တန်ဆောင်းများပင် ဖြစ်၏။ ၁၂ ပေပတ်လည်ကျယ်သော ဘုရားခန်းနှင့် ၄ ပေ ၆ လက်မကျယ်သော အုတ်ခုံတစ်ခုရှိ၏(အမှတ် ၆ စေတီကို အင်္ဂုလိမာလ မထေရ်၏ ကျောင်းရာအရိုးအိုးစေတီဟု ဆိုကြ၏။)

**အမှတ် ၁၇+၁၈**

၁၇ အမှတ်စေတီမှာ အလျား ၂၁ ပေပတ်လည်ရှိ တံတိုင်းအတွင်း၌ ၁၉ ပေရှိ စေတီအုတ်မြစ်ရှိ၏။တူးစဉ်က အလယ်တွင် မြေအိုးတစ်လုံးနှင့် ထည့်ထားသော ရွှေနန်းကြိုးတစ်ချောင်း၊ပုတီးစေ့များနှင့် ကျောက်သံပတ္တမြား တွေ့ရ၏။

**အမှတ် ၁၈**

ယင်းမှာလည်းစေတီဖြစ်ပြီး ၁၄ ပေပတ်လည်ရှိ အရှေ့ဘက်မှာ ၂ ပေ ပိုထွက်နေ၏။တူးစဉ်က ဘန္ဒုဗုဒ္ဓဒေဝဟူသော ကုသျှံခေတ်အက္ခရာဖြင့် ရေးသားထားသည့် သပိတ်ထဲတွင် ပုတီးစေ့များ၊ပုလဲများတွေ့ရ၏။ (၁၇+၁၈ နှစ်ဆူပင် ကုသျှံခေတ်လက်ရာများဖြစ်၏။)

**အမှတ် ၅**

၂၅ ပေပတ်လည်ရှိ စေတီတစ်ဆူဖြစ်၏။ အမြင့်ပေ ၃၀ခန့်ရှိ မြေပုံကြီးကိုတူးဖော်ရာမှ တွေ့ရခြင်းဖြစ်၏။ ၎င်းအောက်တွင် ၈၃-၇၁-၄ပေရှိ အုတ်နံရံတစ်ခုရှိ၍ ၎င်းအပေါ်တွင်၅၈+၅၀ရှိ အုတ်နံရံတစ်ခု ဆင့်ထားသည်ကို တွေ့ရ၏၊၎င်းအောက်တွင် စေတီရာကိုတွေ့ရပြန်သည်။ကုသျှံခေတ် လက်ရာပင် ဖြစ်သည်။ပူတိဂတ္တတိဿ၏ ကျောင်းရာဟုဆိုကြ၏။)

**အမှတ် ၁၃(ခ)**

အာနန္ဒာ၁ဗောဓိပင်ဖြစ်၏။ ယင်းဗောဓိပင်ကြီးသည် ပြောင်းလဲစိုက်ခဲ့ကြောင်း အထောက်အထား မရသဖြင့်လည်းကောင်း၊ ဖင်သက်အရလည်း

ဗုဒ္ဓဌာနလမ်းညွှန်မြေပုံများ

အိုမင်းနေပြီဖြစ်၍ ဗုဒ္ဓလက်ထက်မှရှိခဲ့သော ဗောဓိပင်ဖြစ်နိုင်သည်။ ကိုးကွယ်ကြသော ဗောဓိပင်များအနက် ပင်သက်အရင့်ဆုံး ဗောဓိပင်တစ်ပင်ဖြစ်သည်။ (ထို့ကြောင့် ရောက်ကြလျှင် ညောင်ရေသွန်း လှူဒါန်းသင့်ကြသည်။)

**အမှတ် ၁၃(ခ)**

ဗောဓိပင်၏ဘေးတွင် စေတီငယ်နှစ်ဆူရှိ၏။ တူးစဉ်က မီးသွေးအပြည့်နှင့် လုံတစ်ခုအတွင်း၌ ရွှေတုံးတစ်တုံးတွေ့ရ၏။

**၃။ ကောသကမ္ဗကကုဋိကျောင်းတော်**

အနာထပိဏ္ဍိကသူဌေး၏ဒါနတွင် ဇေတဝန်နှင့်အတူ ပါဝင်ခဲ့သော ကျောင်းတော်ကြီးဖြစ်၏။ တူးစဉ်က အေဒီ ၁ ရာစုလက်ရာ ဘုရားလောင်းရုပ်တုတော်တွင် ကုသျှမင်းလက်ထက် ဗလအမည်ရှိသူက ကောသမ္ဗကကုဋိ၌ ဗုဒ္ဓစင်္ကြံလျှောက်ရာနေရာတွင် တည်ထားခဲ့သည်ဟု စာပါရှိသည်။ ဟီယန်ဆိုင်မှတ်တမ်းအရလည်း ၎င်းဆင်းတုတော်ကို အပျက်အစီးကြား နေရာတွင်ပင်တွေ့ရကြောင်းဆိုသည်။ နံရံအုတ်မြစ်မှာ အလျား ၁၉ပေ၊ အနံ ၁၈ ပေရှိ၍ ဘုရားခန်းသည် ၈ ပေပတ်လည်ရှိ၏။ မျက်နှာစာ၌ အုတ်လှေကားနှစ်စင်းရှိသည်။ အရှေ့တောင်ဘက်လှေကားမှာ ၁၀ ပေကျယ်၍၊ ၄ ပေမြင့်ပြီး အလျား ၁၅ ပေခန့်ရှိသည်။ အခြားလှေကားမှာ အလျား ၆၁ ပေ၊ အနံ ၅ပေကျယ်၏။ အဆောက်အအုံမှာ (ထုံးစံအတိုင်း)အကြိမ်ကြိမ် ပြုပြင်ဆောက်လုပ်ထားပုံရ၏။

**၁၅။ စင်္ကြံလမ်း**

အမှတ်(၃)၏ ရှေ့၌ အုတ်စင်္ကြံလမ်းနှစ်ခုမှာ မြတ်စွာဘုရားစင်္ကြံလျှောက်ရာဌာန အထိမ်းအမှတ်အဖြစ် နောက်လူတို့ ဆောက်ထားခြင်းဖြစ်သည်။ အေဒီ ၁ ရာစုတွင် ယင်းလမ်းထိပ်တွင် မတ်ရပ်ဘုရားလောင်းရုပ်တုရှိခဲ့ကြောင်း ဟီယန်ဆိုင်မှတ်တမ်းအရ သိရသည်။ (အချို့က ဤနေရာကို အသူရိန်နတ်မင်းအား ဘုရားရှင်က သူ့ထက်ကြီးမားအောင်ဖန်ဆင်းကာ ချေချွတ်သည့်နေရာဟုလည်းဆိုကြသည်။)

**အမှတ်အိပ်ခ၍**

အထိမ်းအမှတ် စေတီတစ်ဆူဖြစ်သည်။ (မည်သည့် အထိမ်းအမှတ်ဖြစ်ကြောင်း မကွဲပြား)ဂုပတခေတ်လက်ရာဖြစ်၍ ခေတ်အဆက်ဆက် ပြုပြင်ထားကြောင်း တွေ့ရသည်။



ကိုယ်တော်တိုင်စိုက်ပျိုးခဲ့ပြီး ယနေ့တိုင် ထင်ရှားရှိသည့် အာနန္ဒာဗောဓိ



ဘုရားမြတ်စွာ သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်နှင့်ဇေတဝန်ကျောင်း



တန်ခိုးပြရာ–သရက်ဖြူပင်ပေါက်သည့် စေတီ



ပက်ကိကုဋ္ဌိ–သာဝတ္ထိမြို့ဟောင်း



ဓေတဝန်ကျောင်းတွင်း ဂန္ဓကုဋိတိုက်ရှေ့ရှိ ဗုဒ္ဓသုံးတော်မူသည့်ရေတွင်း

သာဝတ္ထိ ဓေတဝန်ရှိ စိန္စမာန အမျိုးသမီးကို အောင်မြင်ရာ တရား ဟောပလ္လင် ၇၇



အမှတ် ၁၀

ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူစဉ်က အသုံးပြုခဲ့သော ရေတွင်းဖြစ်သည်။ ယခုတိုင် ဗုဒ္ဓရေတွင်းဟု အသိအမှတ်ပြုကြသည်။

**အမှတ် ၂၀**

ကျောင်းငယ်များနေရာဖြစ်သည်။

အမှတ် ၂-၃....

၏မြောက်ဘက်ပေ ၂၀၀ ခန့်အကွာတွင် ရှိသည်။ ၎င်း၏ရှေ့ဘက်စေတီငယ်ဟောင်းကလေး တစ်ခုရှိ၏။ မူလကမရှိ။ နောက်မှလုပ်ထားခြင်းဖြစ်သည်။ ယင်းအဆောက်အအုံနေရာသည် ဂန္ဓကုဋိဖြစ်၏။ အနာထပိဏ်၏ ကောင်းမှုဖြစ်၍ ဗုဒ္ဓမြတ်စွာ ဇေတဝန်ကျောင်းတော်တွင်နေစဉ် အမြဲသီတင်းသုံးတော်မူခဲ့၏။ (ညောင်စောင်းတော်ရာများသည် ဘုရားရှင်တိုင်းမစွန့်ရာ အဝိဇဟိတဌာန တစ်ခုတွင် ပါဝင်သည်။) မူလကဘုံနှစ်ဆင့်ရှိသော သစ်သားကျောင်းတော်ဖြစ်၏။ စန္ဒကူးသားဖြင့် ဆောက်ခြင်းသော်လည်းကောင်း၊ စန္ဒကူးနံ့သာတို့နှင့် ဘုရားရှင်အားပူဇော်ခြင်းသော်လည်းကောင်း၊ နောင်ကာလတွင် စန္ဒကူးသား ရုပ်ပွားဆင်းတုထည်ထားခြင်းသော်လည်းကောင်း ဖြစ်နိုင်ပေသည်။ ဖာဟီယန်ရောက်ချိန် (အေဒီ ၄၀၆) တွင် မီးလောင်ခံခဲ့ရပြီး အသစ်ပြန်လည်ဆောက်လုပ်ထားသော ဘုံနှစ်ဆင့်ရှိကျောင်းကို တွေ့ရကြောင်း မှတ်တမ်းတင်ခဲ့၏။ ဟီယန်ဆိုင်ရောက်သောအခါ (အေဒီ ၆၃၇) ကမူ နှစ်ထပ်အုတ်တိုက်ပျက်ကို တွေ့ရသည်ဆို၏။ အထပ်ထပ် ပြန်လည်ဆောက်လုပ်ခဲ့ရာ ဘုရားရှင်သီတင်းသုံးတော်မူခဲ့သည့် မူလပထမ ဂန္ဓကုဋိအစစ်မဟုတ်တော့ပေ။ သို့သော် မူလဂန္ဓကုဋိနေရာအစစ်တော့ မှန်ကန်ပေသည်။ အဆောက်အအုံအကြီးအသေး ကွာခြားနေပြီဖြစ်ကြောင်းကို အဆောက်အအုံ၏ အုတ်မြစ်အထပ်ထပ်ကသက်သေခနေပေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ အရပ်ပမာဏစသည်ကို လက်ရှိတွေ့မြင်ရသော အဆောက်အအုံအမြင့်ပိုင်းမျှဖြင့် မခန့်မှန်းသင့်ကြပေ။ အောက်ဘက်ပိုင်း အုတ်မြစ်များမှာ ပိုမိုကျယ်ပြန့်ကြောင်းတွေ့ရခြင်းဖြင့် မူလအဆောက်အအုံများမှာ ပိုမိုကြီးမားကြောင်း ခန့်မှန်းရ၍ ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူစဉ်က (စာပေအဆိုအတိုင်း) ကြီးကျယ်ခဲ့ကြောင်း ထင်ရှားပေသည်။ ယခုတွေ့ရသည် အနိမ့်ဆုံးအပိုင်းမှာ ဂုပ္ပခေတ် လက်ရာပင်ဖြစ်ကြောင်းဆိုကြ၏။ ယခုတွေ့ရှိသော အမြင့်ပိုင်းကိုပင် ညောင်စောင်းတော်ရာ

ဟု မြန်မာတို့က အသိအမှတ်ပြုကြ၏။ သို့သော် ထိပ်ပိုင်းမှာ ဆင်းတုထားခဲ့ ဟန်တူသော စင်မြင့်ရှိရာ ဘုရားကျောင်းအဖြစ် ပြောင်းလဲဆောက်ခဲ့ပုံရသည်။

**အမှတ်–ဂျိနှင့်အက်ဖ်**

ယင်းတို့သည် နှစ်ဆောင်တွဲဖြစ်၏။ ယင်းကို ကရေရိကုဋိဟု ဆိုကြ၏။ မြတ်စွာဘုရား တရားဟောရာ(ဓမ္မာရုံ)နေရာဖြစ်၏။ အမှတ် ဂျီတွင် အခန်းကြီး ၂၉ ခန်းရှိ၏။ တရားဟောရာ ပလ္လင်မြင့်ကြီးတစ်ခုလည်း တွေ့ရ၏။ တူးဖော်စဉ်က ဇေတဝန်ကျောင်းလမ်းမသည် ယင်းအဆောက်အအုံ လှေကားသို့ ဆက်သွယ်ထားသည်ကို တွေ့ရသည်ဆို၏။ ထို့ကြောင့် နေ့စဉ် တရားနာရန် လာသူများ လွယ်ကူစေရန် ဆက်သွယ်ထာသည်ကိုထောက်၍ တရားဟော မဏ္ဍပ် ဖြစ်ကြောင်း ထင်ရှားသည်။

အမှတ် အက်ဖ်တွင် အခန်း ၂၀ ရှိ၏။ တူးစဉ်က အခန်း နံပါတ် ၁၈ တွင် ကုသျှံဆက်တွင် ထင်ရှားသော ကနစ်သျှက+ဟုပိသျှက+ဝါသုဒေဝမင်းများ လက်ထက်သုံး ဒင်္ဂါးပြားရေ ၁၅၀ ကို အိုးတစ်လုံးဖြင့်ရရှိခဲ့၏။ နံပါတ် ရုပ်လုံးပြ အုတ်ချပ်များ အက္ခရာစာပါသော တံဆိပ်တုံးများ သာနိဒါသနှင့် မတ္တရိသယဟူသော စာပါသည့် တံဆိပ်တုံးနှစ်ခုလည်း ပါကြောင်း တွေ့ရသည်။

**အမှတ် ၈**

စေတီတစ်ဆူဖြစ်၏။ ထပ်ဆင့်တည်ထားကြောင်းတွေ့ရ၏။ အမြင့် ၆´ ပေ၊ ဘိနပ် ၁၆ ပေ ပတ်လည်ရှိ၏။ ထပ်ဆင့်တည်ထားကြောင်း တွေ့ရ၏။ အမြင့် ၆ ပေ၊ ဘိနပ် ၁၄ ပေ ပတ်လည်ရှိ၏။ ကုသျှံခေတ်သုံး အက္ခရာပါသော ဗောဓိသတ္တာရုပ်တုတစ်ဆူ၊ သီဝစာရ ညီနောင်နှစ်ယောက် လှူခဲ့သော ရုပ်တုတစ်ဆူ၊ မထုရာလက်ရာ ရုပ်တုတစ်ဆူ တွေ့ရကာ ယင်းရုပ်တု၏စာအရ အေဒီ ၉+၁၀ ရာစုလက်ရာများဖြစ်ကြောင်း သိရ၏။

**အမှတ်–၉**

စေတီပင်ဖြစ်၏။ အေဒီ ၂ ရာစု ကုသျှံခေတ် အက္ခရာဖြင့် သာကေတ (အယုဒ္ဓယပြည်သား သီဟဒေဝအမည်ရှိ ပရိဗိုဇ်ကောင်းမှုဟု ရေးထားသော အဘယမုဒြာပုံ ရုပ်ပွားတစ်ဆူ တူးဖော်စဉ်ကရခဲ့သည်။)

အမှတ်—၁၉

ကျောင်းငယ်များ နေရာဖြစ်၏။

အမှတ်—၂၀

ကျောင်းငယ်ကျောင်းရံများ နေရာပင်ဖြစ်သည်။

အမှတ်—၂၁

သလာကကုဋိဟုဆိုကြ၏။ (အချို့က ကရေရိကုဋိဟုဆို၏)အဆောက်အအုံမှာ ဒုတိယအကြီးဆုံးဖြစ်၍ အလျား ၁၇ ပေ၊ အနံ ၇ ပေခန့် မဏ္ဍာပ် ပါရှိ၏။ အချို့က ဆွမ်းစားကျောင်းအဖြစ် အသုံးပြုခဲ့ကြောင်းဆိုကြသည်။ ဗုဒ္ဓမြတ်စွာအား အနာထပိဏ် သူဌေးက စတင်လှူဒါန်းခဲ့သောကျောင်းတော် ဖြစ်တန်ရာသည်။ ခေတ်အဆက်ဆက် ပြန်လည်ဆောက်လုပ်ခဲ့သည်။



Head of the Buddha: refined physiognomy, sandstone, Gupta style, Arch. Mus., Mathurā

# သာဝတ္ထိမြို့ဟောင်း

ဇေတဝန်ကျောင်းတော်ရာမှ မြောက်ဘက်သို့ လမ်းအတိုင်းဆက်သွား လျှင် ကုန်းမြင့်တောတန်း ဝန်းရံနေသောနေရာသည် (သာဝတ္ထိမြို့ဟောင်း နေရာ)င် ဖြစ်သည်။မြင်တွေ့ရသည့်မြို့ဟောင်းနေရာမှာ ၃ မိုင်ခွဲခန့်ကျယ်၍ လ ခြမ်းပုံသဏ္ဌာန်တည်ရှိကာ အချိုင့်ဘက်မြို့ရိုးမှာ အရှေ့မြောက်ဘက်ရှိ ရာပတီ မြစ်ဘက်သို့ မျက်နှာမူနေသည်ကို တွေ့ရသည်။ရာပတီမြစ်သည် (ဖော်ပြခဲ့ သော)အစိရဝတီမြစ်ပင် ဖြစ်သည်။ယခုအဝင်တံခါးမှာ သောဘနတံခါးဖြစ် ပြီး အခြားတံခါးများကို မြေပုံပါအတိုင်း သိနိုင်သည်။ သောဘနတံခါး သည် ၂၆ ပေကျယ်၍ မြို့ထိပ်ရှိ မြို့ရိုးအမြင့်မှာ ၄၅ ပေခန့်ရှိသည်။

**အမှတ်-က**

ဂျိန်းဘုရားကျောင်းဟောင်းတစ်ခုဖြစ်သည်။ ဂျိန်းတို့၏ တတိယအကြီး ဆုံးဖြစ်သူ သမ္ဘဝ နာထအား မွေးဖွားရာနေရာဖြစ်သည်။ (ဗုဒ္ဓမတိုင်မီထဲက သာဝတ္ထိသည် ဂျိန်းဘာသာ ကိုးကွယ်ခဲ့လေသည်။

**အမှတ်-ခ**

သောဘနဟုခေါ်သော ဂျိန်းဘုရားကျောင်းပင်ဖြစ်သည်။

**အမှတ်-ဂ**

ဟိန္ဒူဘုရားကျောင်းဖြစ်၏။

**အမှတ်-ဃ**

ကတ်ကျိကုဋ္ဌိဟုခေါ်၏။ကောသလမင်း၏ နန်းပြာသာဒ်ဟုဆိုကြ၏။ အချို့ကလည်း အနာထပိဏ်သူဌေး အိမ်နေရာဟုလည်း ဆိုကြသည်။

အမှတ်—င

ကောသလမင်း၏ တရားနန်းတော်ဟု လည်းကောင်း၊ တရားနာကြား ရန် အဆောက်အအုံဟုလည်းကောင်း ဆိုကြသည်။

**အမှတ်—စ**

ပက်ကိကုဋိဟုခေါ်၏။ မလ္လိကာမိဖုရားအဆောင်ဟု လည်းကောင်း၊ အင်္ဂုလိမာလ မွေးဖွားရာဟု လည်းကောင်း ဆိုကြ၏။ တံခါးပေါက်စသည် မရှိခြင်းကြောင့် စေတီပျက်ဟုယူဆနိုင်ပြီး အင်္ဂုလိမာလစေတီဟုလည်းဆိုကြ၏။ လက်ရှိအဆောက်အအုံမှာ မူဆလင်လက်ရာဖြစ်သည်ဆို၏။

## ဇေတဝန်၏ ဖြစ်ရပ်နှင့်မှတ်သားဖွယ်ရာများ

| | |
|---|---|
| ဘီစီ ၅၅၇ (သို့)၅၂၇ | အနာထပိဏ္ဍိက (သုဒတ္တ) သူဌေးက စတင်ဆောင် လုပ်လှူဒါန်းခဲ့သည်။ ဗုဒ္ဓမြတ်စွာ ၂၄-၁ါတိုင် သီတင်းသုံးတော်မူ၍ ဗုဒ္ဓမြတ်စွာ မြတ်နိုးတော် မူရာဟု ဆိုသင့်၏။ |
| ဘီစီ ၂၄၉ | အသောကခေတ်-အသောကသည် အရှေ့ဘက်မုခ်ဝ တွင် ကျောက်တိုင်စိုက်ခဲ့၏။ |
| အေဒီ ၁ ရာစု | (သာသနာ ၆၀၀)ကုသခေါ် ကုသျှမင်းခေတ်။ ကုသျှမင်းဆက် တန်ခိုးထွားချိန်ဖြစ်၏။ ကုသျှ ဆက်သည် ဗုဒ္ဓဘာသာကို အလွန် ကြည်ညို၏။ သာဝတ္ထိကို ဘုရားတန်ဆောင်း၊ ဂူ၊ကျောင်း ပြာသာဒ် ဇရပ်စသည်တို့ဖြင့် မွမ်းမံ ပြင်ဆင်ဆောက် လုပ်၏။သဗ္ဗတ္ထိဝါဒီ (Sarvasti Vadin) ခေါ် ဟိနယာန၊ ယခုခေတ်မဟာယာနဂိုဏ်းခွဲတစ်ခု ထွန်း ကားသောခေတ်ဖြစ်၍ သာဝတ္ထိတွင် ယင်းဂိုဏ်း ဝင်များ နေထိုင်ခဲ့၏။ထို့ကြောင့် ဗောဓိသတ္တရုပ် တုများပါ ကိုးကွယ်ကြ၏။ သဗ္ဗတ္ထိဝါဒီဂိုဏ်းဟူ သည် ယနေ့တွင် ကမ္ဘာကျင်ထင်ရှားနေသော ဒလိုင်လာမား၏ ဂိုဏ်းဖြစ်သည်။ ထေရဝါဒနှင့် မဟာယာနတို့ကို ပေါင်းစပ်ထားသောဂိုဏ်းမျိုး ဖြစ်ကြောင်း လေ့လာသိရှိရသည်။ကုသမင်းဆက် တွင် ကနစ်သျှကမင်း (အေဒီ ၁၂၀)သည် |

ဒုတိယအသောကဆိုလောက်အောင် သာသနာပြုခဲ့၍ သဗ္ဗတ္တိဝါဒဂိုဏ်း၏ဒကာဖြစ်ကာ မဟာယာန စတုတ္ထသံဂါယနာတင်ခဲ့သူဖြစ်၏။

အေဒီ၄ရာစု(၃၂၀-၇၂၀)ဂုပတ(ဂုတ္တ)မင်းဆက်။ကုသျှံဆက်နောက် ဂုပတမင်းဆက်တွင် ဟိန္ဒူဘာသာပြန်လည်ထွန်းကားခဲ့သည်။သာဝတ္ထိရှိ ဘုရားကျောင်းကန်တို့ကို ဟိန္ဒူပြဟ္မဏတို့ဖျက်ဆီး၍ ဟိန္ဒူကျောင်းများအစားထိုးလာကြသည်။

အေဒီ ၄၀၅ တရုတ်ရဟန်းတော် ဖာဟီယန် သာဝတ္ထိရောက်၏။

အေဒီ ၆၃၇ တရုတ်ရဟန်းတော် ဟီယန်ဆိုင်ရောက်၏။



Head of the Buddha: hairstyle with large flattened curls, schist, Gandhāra, Belmont Coll., Basle



မြတ်စွာဘုရား ရေသပ္ပာယ်ရာ သာဝတ္ထိ ရေတွင်း



. Head of Buddha image. *Sarnath; now National Museum of India, New Delhi.* Early 6th century.

# လုမ္ဗိနီ

## တည်နေရာ

အိန္ဒိယနိုင်ငံမြောက်ဘက် နီပေါနိုင်ငံအတွင်း တည်ရှိသည်။ အိန္ဒိယ၏ ယူပီ ပြည်နယ်နှင့်မလှမ်းမကမ်း တည်ရှိသည်။ မူလက အိန္ဒိယပိုင်ပင်ဖြစ်သော်လည်း အင်္ဂလိပ်လက်ထက် (၁၈၅၇) ခုနှစ်တွင် နီပေါအစိုးရအား လက်ဆောင်ပေးရာ လုမ္ဗိနီနယ် ပါဝင်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ယခုအခါ နီပေါအစိုးရပိုင် နယ်မြေအဖြစ် တည်ရှိသည်။

## ယခင်နှင့်ယခုအမည်

ယခင်က လုမ္ဗိနီ (သို့) လုမ္မိနီဟုခေါ်၍ ယခုမူ ဒေသအခေါ် (လုမ္မင်ဒေအီ) ဟု ခေါ်သည်။ (လုမ္ဗိနီဟူသောအမည်ကို မဟာယာနဗုဒ္ဓဝင်၌ မယ်တော် မာယာ၏မိခင် မိဖုရားကြီး၏ အမည်ဖြစ်သော လုမ္ဗိနီသည် သာယာလှပသော ဥယျာဉ်တစ်ခုကိုလိုချင်သဖြင့် ဘုရင်ကြီးက ပိုမိုလှပစိုပြည်သော ဤဥယျာဉ်ကို စိုက်ပျိုးတည်ထောင်၍ လုမ္ဗိနီမိဖုရားကြီးအား ပေးခဲ့သည်။ ထိုမိဖုရားကြီး ပိုင်သဖြင့် မိဖုရားကြီး၏အမည်ဖြစ်သော လုမ္ဗိနီဟု ခေါ်ကြောင်းဆိုသည်။) နီပေါလ်ပြည် နေဝါရီလူမျိုးစကားအရမူ လှပသော ဥယျာဉ်ဟုပင် အဓိပ္ပာယ် ရကြောင်းသိရသည်။

## မြင်ကွင်း

လုမ္ဗိနီဥယျာဉ်နေရာသည် အဝင်တစ်ဘက်သာရှိသဖြင့် အဝင်ဘက်မှစ၍ မြင်ရသည့်အတိုင်း ဖော်ပြထားပါသည်။

### ၁။ ဘုရင်မဟိန္ဒရာကျောက်တိုင်

လမ်းမကြီးမှ လမ်းငယ်သို့ ကွေ့ပြီးလျှင် ဥယျာဉ်အင်္ဂါတ်မှသည် တောင်မှမြောက်သို့ လမ်းအတိုင်းဝင်ရသည်။ လမ်းငယ်၏ဝဲဘက်ရှိ ကျောက်

တိုင်တစ်ခုကို သားနားစွာ ပြင်ဆင်ထားသည်ကို တွေ့ရ၏။ ယင်းမှ နီပေါလ်ဘုရင် မဟိန္ဒရာ(ကွယ်လွန်)သည် ဤဥယျာဉ်သို့ မွမ်းမံပြင်ဆင်ရန်လာရောက်စဉ် (၁၉၅၆)က စိုက်ထူထားခဲ့သော ကျောက်တိုင်ဖြစ်သည်။

## ၂။ စေတီနှစ်ဆူ

ဋ္ဌင်း၏ တောင်ဘက်ကုန်းမြင့်ထိပ်တွင် ကျောက်တိုင်ဟောင်း တစ်ခုရှိသေး၏။ ၎င်းမှာ ၁၈၉၆ ခုနှစ်တွင် ကျောက်စာဌာနမှ တူးဖော်ရရှိသောအုတ်များဖြင့် လုမ္ဗိနီနယ်မြေမှတ်သားရန် တည်ဆောက်ထားသော ကျောက်တိုင်ဖြစ်၏။ အခြားတစ်တိုင်မှာ တောင်ဘက်ဆုံးထိပ် (ဦးသန့်ရေစင်)ရှိသည့်ကုန်းတွင် တစ်ခုရှိသေး၏။ ၎င်းနှစ်ခုကြားတွင် ဗုဒ္ဓမွေးရာနယ်မြေဖြစ်ကြောင်း နယ်နိမိတ်ပြ ကျောက်တိုင်များဖြစ်သည်။ အချို့က ယင်းကို စေတီများဟု ဆိုကြ၏။

## ၃။ ကျောင်းနေရာများ

ဘုန်းကြီးကျောင်းဘက်မှဝင်လျှင် တူးဖော်ဆဲ ကျောင်းနေရာများ တွေ့ရ၏။ အချို့ကျောင်းမှာ ထုံးစံအတိုင်း ကျောင်း၏အလယ်၌ ရေတွင်းရှိကြောင်း တွေ့ရ၏။ ဆက်လက်တူးဖော်ရန်အတွက် သစ်မှတ်တိုင်များတွေ့ရ၏။

## ၄။ ရေကန်

ရေကန်မှာ ဘုရားလောင်း ဖွားသန့်စဉ်က ရေပူ ရေအေးနှစ်သွယ် ကောင်းကင်မှ စီးကျသောနေရာကို ရေကန်အဖြစ် သတ်မှတ်ထားခြင်းဟု ဆိုသည်။

## ၅။ အသောကကျောက်တိုင်

တစ်ခုတည်းသော အဆောက်အအုံ ဖြစ်သည့် (မယ်တော်မာယာနတ်ကွန်း)၏ အတက်အဆင်း၌ ထီးမားသောကျောက်တိုင်တစ်ခုရှိ၏။ ယင်းကို အသောကမင်းသည် နန်းစံနှစ် နှစ်ဆယ်မြောက် ဘီစီ ၂၄၉ တွင် ဘုရားဖူးရောက်စဉ် စိုက်ထူခဲ့ခြင်းဖြစ်၏။ အမြင့် ၁၃ ပေခွဲ၊ လုံးပတ် ၇ ပေ ၃ လက်မရှိကာ မြေ၌ ၁၀ ပေခန့်မြှုပ်၍ စိုက်ထူထား၏။ ဦးထိပ်ပိုင်းမြင်းရုပ်မှာ မရှိပေ။

## ၆။ မာယာဒေဝီနတ်ကွန်း

တစ်ခုတည်းသော အဆောက်အအုံမှာ မာယာဒေဝီနတ်ကွန်း ဖြစ်၏။ အတွင်း၌ မယ်တော်မာယာ သားဖွားခန်း ကျောက်ရုပ်ဟောင်းနှင့် အသစ်

တစ်ခုရှိသည်။ ဒေသခံလူများက မယ်တော်မာယာနယ်အဖြစ်ကိုးကွယ်ကြသည်။ နီပေါလ်(သို့)လုမ္ဗိနီ၏ အထိမ်းအမှတ်မှာ ဘုရားလောင်းဖွားဟန် လက်ညှိုး ထောင်နေသည့်ပုံကို အသုံးပြုကြသည်။

**၇။ လှမ်းတော်မူရာစေတီများ**

အသောကကျောက်တိုင်နှင့် အဆောက်အအုံ၏မြောက်ဘက်တွင် ဘုရားလောင်းဖွားမြင်စက ၇ လှမ်း လှမ်းခဲ့ရာ အထိမ်းအမှတ်စေတီများ ဖြစ်၏။

**၈။ စေတီရာကြီး**

အဆောက်အအုံ၏ နောက်ဘက်တွင် အလယ်မှစေတီရာကြီးနှင့် ဘေးမှ စေတီငယ်ရှစ်ခုနေရာကိုလည်း တွေ့ရသည်။

**၉။ အသောကကျောင်းနေရာ**

မူလတူးဖော်စဉ်က လေးထောင့်ကျောင်းနေရာကြီးတစ်ခု တွေ့ရသည် ဆို၏။ ယင်းမှာ အသောကကျောင်းနေရာဖြစ်ကြောင်း ဆိုကြသည်။ ယခု ဘုရားဖူးများ တည်းခိုရာကျောင်း ဆောက်လုပ်သည့်နေရာဖြစ်၍ ယင်းကျောင်း ဆောက်စဉ်က ဖျက်၍ ဆောက်လိုက်သည်ဆို၏။

**လုမ္ဗိနီဖြစ်ရပ်နှင့် သက္ကရာဇ်များ**

| | |
|---|---|
| ၁။ ဘီစီ-၆၂၃(သို့)၅၆၃ | ဗုဒ္ဓဖွားမြင်တော်မူ။ |
| ၂။ ဘီစီ- ၂၄၉ | အသောကရောက် ကျောက်တိုင် စိုက်ခြင်း စသည်။ |
| ၃။ ဘီစီ- ၄၁၉ | ဖာဟီယန်ရောက်။ |
| ၄။ ဘီစီ- ၆၃၇ | ဝှင်ဆန်ရောက်။ |
| ၅။ ဘီစီ-၁၈၅၇ | လုမ္ဗိနီဒေသကို အိန္ဒိယပိုင်အဖြစ်မှ နီပေါလ်အစိုးရပိုင်အဖြစ်သို့ အင်္ဂလိပ်အစိုးရပေးအပ်။ |
| ၆။ ဘီစီ-၁၈၉၆ | ကာနင်ဂန်တူးဖော်၍ မှတ်တိုင် စေတီငယ် နှစ်ခုစိုက်။ |
| ၇။ ဘီစီ -၁၉၅၆ | ၂၅၀၀ အထိမ်းအမှတ် အဖြစ် ဘုရင်မဟိန္ဒြက ကျောက်တိုင်စိုက်။ |




လှည်းဦးမိုး မြေပုံ [ တောင်းသုံး ]



လုမ္ဗိဏီဥယျာဉ်ရှိ ဘုရားလောင်း ဖွားတော်မူဟန်



# ကုသိနာရုံ

**တည်နေရာ**

ဥတ္တရာပရာဒေ့ရှ်(ယူ–ပီ)ပြည်နယ် ဒီအိုရီးယားခရိုင် ဂေါရက္ခပူရ်မြို့ ၅၃ ကီလိုမီတာ၊ ကာစိယာမှ ၅ ကီလိုမီတာ အကွာအဝေး၌တည်ရှိသည်

**ယခင်နှင့်ယခုအမည်**

မူလလက်ထက်တော်က မလ္လာမင်းတို့၏ မင်းနေပြည်ဖြစ်ခဲ့သည်။ ယခုမူ ဒေသအခေါ်အရ ကုသျိနဂရ် ဟုခေါ်၍ ဗုဒ္ဓဘာသာမြန်မာ့အခေါ်အရ ကုသျိနာရာမ (သို့)ကုသိနာရုံဟုခေါ်သည်။ ကျေးရွာငယ်အဖြစ်သို့ ပြောင်းလဲနေသည်။

**ကုသိနာရုံ**

ဂေါရက္ခပူရ်မှ ကာစိယာသွား ကားလမ်းမ၏ ကုသျိနာဂရ်ရွာ၏ လမ်းဆုံမှလမ်းအတိုင်းသွားလျှင် မကြာမီ တရုပ်ကျောင်းတစ်ခု တွေ့ရသည်။ ယင်း၏နောက်တွင် မြန်မာကျောင်းတည်ရှိသည်။ ယင်းမြန်မာကျောင်း၏ တောင်ဘက်တွင် ကုသိနာရုံဘုရားဝင်းရှိ၏။

**၂။ ပရိနိဗ္ဗာန်စံတော်မူပုံရုပ်တု**

မြန်မာကျောင်း၏ဂိတ်ငယ်မှဝင်သွား၍ အတန်ငယ်သွားပြီးလျှင်(သို့) လမ်းမကြီးမှတိုက်ရိုက်ဝင်သော် ရှေ့တည့်တည့်သို့သွားလျှင် ရှေ့မှတန်ဆောင်ပုံနှင့် မြင့်မားသည့်စေတီကြီးကို နောက်ခံကားအဖြစ် မြင်ရ၏။ယင်းမှာ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပင်ဖြစ်သည်။ အာရုံခံတန်ဆောင်းထဲတွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူနေသည့် ပုံတော်သည် ဇရာဒုဗ္ဗလ သက်ကြီးရွယ်အိုနာတာရှည်ရောဂါသည်တစ်ဦး၏ ဘဝနိဂုံးချုပ်ပုံကို အသက်ဝင်အောင် ပီပြင်

စွာဖော်ပြနိုင်သည်။ မျက်နှာတော်အနေသည် နှာခေါင်းတော်၏ပွယောင်းပုံ နားရွက်တို့နောက်ကပ်နေပုံ၊ မျက်လုံးတို့အားပျော့ပုံ၊ ပါးတစ်ခြမ်းဒိထွက်နေပုံနှင့် ခြေဖမိုးတော်တို့ဖူးယောင်နေပုံတို့မှာ အလွန်တရာ သဘာဝကျပေသည်။ သေချာစွာကြည့်လေ အသက်ဝင်လေပင်။ ထို့ကြောင့် မြင်ရသူများအဖို့ ရှေရင်ဆို့ကာ မျက်ရည်မိုးဖြိုင်ဖြိုင် စွေဖြိုးရသောနေရာဖြစ်သည်။ ဤဆင်းတုတော်ကို အေဒီ ၅ ရာစုက ဟရိဗလဆွာမိကလူဒါန်း၍ ဗိသုကာ ဒိနဆိုသူက ထုလုပ်ခဲ့သည်ဆို၏။ မူလကရုပ်ပွားတော်နှင့်ပလ္လင်တော်နှစ်ခုလုံး ကျောက်တုံးတစ်ခုတည်းမှ ထုလုပ်ထားသည်ဆို၏။ ရုပ်ပွားတော်မှာ ဖဝါးတော်မှဉဿျောင်တော်ထိ ပေ ၂၀။ ပခုံးတော် ၅ ပေ၊ ၆ လက်မ။ ညောင်စောင်းမှာ ၂၃ ပေ၊ ၉ လက်မ။ ၂ ပေ ၁ လက်မရှိ၏။ ညောင်စောင်း၏အခြေတွင် ဆရာဇီဝက အရှင်အာနန္ဒာ သုဘဒ္ဒပုံစသည်တို့ ထွင်းထုထားသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည့်ပုံစံအတိုင်း မြောက်သို့ဦးခေါင်းတော်ပြု၍ အနောက်သို့မျက်နှာမူကာ (နေရဗာန်) ပုံပင်ဖြစ်၏။ ဤနေရာကို အိန္ဒိယကျောက်စာဌာနမှ ၁၈၅၂ ခုမှ စတင်တူးဖော်ခဲ့ရာ ၁၉၁၂ ခုတွင် အပြီးသတ်ခဲ့၏။ ၁၈၃၃ တွင် ကြီးကြပ်သူမစ္စတာ အေးစီကာလိုင်သည် တစ်စစီဖြစ်နေသော ဤရုပ်တုတော်ကို ပြန်လည်ဆက်စပ်ထားခဲ့သည်။ မူလကတန်ဆောင်းမှာ မတ်ရပ်လှည့်ပတ်ကြည့်ရှုရုံမျှသာဖြစ်သော်လည်း ၁၉၅၆ (သာသနာ ၂၅၀၀) နှစ်တွင် အစိုးရက ဤသို့သင့်တော်သော အဆောက်အအုံအဖြစ် ပြောင်းလဲဆောက်လုပ်ပေးခဲ့လေသည်။

## ၂။ မဟာပရိနိဗ္ဗာနစေတီတော်

ဤစေတီတော်သည် မြတ်စွာဘုရား (အင်ကြင်းပင်ပျို) နှစ်ပင်ကြား ပရိနိဗ္ဗာန်ပြုတော်မူရာဌာန၌ တည်ထားခဲ့ခြင်းဖြစ်သည်။ (ဟူယင်ဆန်မှတ်တမ်းအရ အသောကမင်းကြီးတည်ခဲ့ပြီး ပေ ၂၀၀ ခန့် မြင့်သည်ဆို၏။) ၁၈၇၆ တွင် အစိုးရဌာနမှ တူးဖော်စဉ် စေတီတွင်းမှ ကြေးအိုးကြီးတစ်လုံးရခဲ့၏။ အထဲတွင် စာပါသောကြေးပြားတစ်ချပ်နှင့် ကုမာရဂုတ္တခေတ် (၄၁၃-၄၅၅ အေဒီ) သုံး ဒင်္ဂါး ၆ ပြားတွေ့ရသည်။ ကြေးပြားပါစာအရ ဤစေတီတော်ကို ဟရိဗလဆွာမိက ပြုပြင်ခဲ့ကြောင်းသိရသဖြင့် အေဒီ ၅ ရာစုတွင်လည်း ထပ်မံပြင်ဆင်ခဲ့၏။ ၁၉၁၂ ခုတွင် မြန်မာနိုင်ငံ ဟင်္သာတမြို့ အရေးပိုင် ဦးဖိုးကြူးက ငွေ ၁၈၀၀၀ အကုန်ခံကာ ထပ်မံပြင်ဆင်ခဲ့ပြီး၊ ၁၉၂၇ တွင် ၁၁၀၀၀ အကုန်ခံ၍ ထီးတော်တင်လျက် ရွှေချခဲ့သည်။ ယခုလည်း အစိုးရက ထပ်မံပြင်ဆင် တည်ဆောက်ဆဲဖြစ်သည်။

၃။ စေတီကြီးရာ

ငင်းစေတီကြီး၏ (အရှေ့)ကျောဘက်တွင် စေတီဟောင်းနေရာကြီး တစ်ခု တွေ့ရ၏။ ၎င်း၏ အုတ်မြစ်မှာလည်း မငယ်လှပေ။

၄။ ၅+၆+၇ အခြားနေရာများ

စေတီကြီး၏တောင်ဘက်တွင် အဆောက်အအုံနေရာများသည် အာရုံခံတန်ဆောင်းများနှင့် စေတီများဟု ယူဆရသည့်နေရာများပင် ဖြစ်သည်။

၉+၁၀

စေတီကြီး၏ အရှေ့ဘက်နှင့်မြောက်ဘက် (ချိုင့်ကျင်းထဲ)တွင်လည်း ကျောင်းအဆောက်အအုံနေရာများနှင့် စေတီငယ်ရာအချို့ တွေ့ရသည်။

၁၁။ ရေတွင်း

လမ်းဘေးတွင် ရေတွင်တစ်ခုရှိ၏။ငင်းမှရေကို ဂျပန်ငထိုင်း ;စသော ဗုဒ္ဓဘာသာအချို့က ရောဂါပျောက်သည်ဆိုကာ ယူကြသည့်ရေတွင်းဟုသိရ၏။အချို့ကလည်း(အမှတ် ၁၂) ကျောင်းနေရာကြီးထဲမှ ရေတွင်းဟုဆိုကြသည်။

၁၂

ဆင်းတုတော်မျက်နှာမူရာ(အနောက်ဘက်လမ်းငယ်ကို)ကျော်လွန်လျှင် မြင့်မားသောကျောင်းနေရာကြီးတစ်ခုရှိ၏။ ဤနေရာ၌ တစ်ချိန်က မဟာပရိနိဗ္ဗာနဝိဟာရစသော ကျောင်းတော်ကြီးများ တည်ရှိခဲ့ကြောင်း သိရသည်။ အေဒီ ၅ ရာစုတွင် ကျောင်းတိုက်များစည်ကားခဲ့ကြောင်း သိရသည်။ ၁၂ ရာစုတွင် မူဆလင်တို့၏ဖျက်ဆီးမှုကြောင့် ကျောင်းကန်ဘုရားအားလုံး (ဘိက္ခုနမမှာ)နှင့်ကိစ္စချောခဲ့ပေသည်၊

၁၃။ ရေသုံးသပ်ရာကန်နှင့် ဆင်းတုတော်

ငင်းစေတီဝင်းမှထွက်၍ ဝဲဘက်သို့ တေဇော မာတ်လောင်ရာကုန်းသို့ သွားရာလမ်းအတိုင်းသွားလျှင် လမ်း၏ထောင့် (လမ်း၏ယာဘက်)တွင် ရေကန်ငယ်တစ်ခုနှင့်|အဆောက်အအုံတစ်ခုရှိ၏။ အဆောက်အအုံထဲတွင် သပ္ပာယ်သော ဆင်းတုတော်တစ်ဆူရှိ၏။ ငင်းကန်သည် ;မြတ်စွာဘုရား ကုသိနာရုံသို့ကြွစဉ်က နောက်ဆုံး ရေသုံးသပ်တော်မူရာ ရေကန်ဟုဆိုကြသည်။ ရုပ်ပွားတော်မှာ အေဒီ ၁ ရာစု လက်ရာဖြစ်၏။

## ၁၄။ ဘေဇောမတ် လောင်ရာကုန်း

ရှေ့သို့ဆက်သွားလျှင် လမ်း၏ဝဲဘက်တွင် ကုလား ဗုဒ္ဓဘာသာကျောင်း၊ ဂျပန်ဘုရားကျောင်း (ဆောက်လုပ်ဆဲ)တို့ကို ဖြတ်ကျော်ပြီးနောက် လမ်း၏ ဝဲဘက်တွင် ကုန်းမို့မို့ကြီးတစ်ခုကို စည်းရိုးခတ်ထားကာ တွေ့ရ၏။ ၎င်းသည် ဘုရားရှင် တေဇောဓာတ် လောင်ကျွမ်းတော်မူရာ နေရာဖြစ်၏။ ၎င်းနေရာသည် စေတီပျက်ကြီးပင်ဖြစ်၏။အသောက၏ လက်ရာဖြစ်ဟန်တူသည်။ ပရိနိဗ္ဗာန်ပြုစဉ်က မလ္လာမင်းတို့၏ ဥယျာဉ်ထုံး၍ မကိုဋ္ဌ သရဖူဆောင်းရာ မင်္ဂလာနေရာတွင် ဘုရားရှင်၏ ရုပ်ကြွင်းတော်သည် တေဇောဓာတ် လောင်ကျွမ်းတော်မူရာ ဌာနဖြစ်ခဲ့သည်။ ဤနေရာ၌ စေတီတည်ထားခဲ့ခြင်းဖြစ်၏။ ၎င်းကုန်းထိပ်တွင် ၁၉၅၆ (၂၅၀၀ သာသနာ)မတိုင်မီက ညောင်ပင်ကြီးတစ်ပင်ရှိရာ တရုပ်ဘုန်းကြီးတစ်ပါးသည် ကျောင်းအဖြစ် သစ်ပင်ပေါ်တွင် တက်ရောက်နေခဲ့သည်။ ၁၉၅၆ တွင် သက်ဆိုင်ရာဌာနက ၎င်းအား လမ်း၏ယာဘက်ရှိ ကျောင်းကို ဆောက်လုပ်ပေးကာ ဤစေတီကို သုတ်သင်ရှင်းလင်းခဲ့ခြင်းဖြစ်၏။ ထိုစေတီကို အင်္ဂါရစေတီဟု ခေါ်ကြသည်။ ဘုရားရှင်တေဇောဓာတ် လောင်ကျွမ်းသည့် မီးသွေးများကို ဌာပနာသောကြောင့် လည်းကောင်း၊ မီးသွေးအစုအပုံများရှိသောကြောင့် လည်းကောင်း ဤအမည်တွင်ကြောင်း သိရသည်။

### ကုသိနာရုံ၏ သက္ကရာဇ်နှင့်ဖြစ်ရပ်များ

| | |
|---|---|
| ဘီစီ ၄၈၃(သို့)၅၁၈ | မေလခန့် (ကဆုန်) လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံခဲ့သည်။ ပရိနိဗ္ဗာန်စံပြီး ၁၄ ရက်အကြာ ကဆုန်လပြည့်ကျော် ၁၃ ရက်ခန့်တွင် တေဇောဓာတ် လောင်ခဲ့သည်။နယုန်လဆန်း ၅ ရက်နေ့၌ ဓာတ်တော်များဝေခဲ့သည်။ |
| ။ ၂၅၀ | အသောကသည် ပရိနိဗ္ဗာန စေတီနှင့် အင်္ဂါရ စေတီကြီးများ ဆောက်လုပ်ခဲ့သည်။ |
| အေဒီ ၅ ရာစု | မဟာဝိဟာရကျောင်းနေ ရဟန်းတော် ဟရိဗလဆွာမိက စေတီတော်ကြီးပြုပြင်ခဲ့၏။၎င်းသည်ပင် ပရိနိဗ္ဗာန်စံပုံ ရုပ်တုတော်ကြီးကို လှူဒါန်းခဲ့သည်။ |
| အေဒီ ၇ ရာစု | ဟုယင်ဆန်ရောက်ခဲ့၏။ |
| ။ ၁၈၅၂ | ကျောက်စာဌာနမှ ဆာအလက်ဇန္ဒာ ကာ်နင်ဟန်က စတင်တူးပေါ်၏။ လူအရိုးနှင့်ပြာများတွေ့ရ၏။ |

။ စ၈၅၃ ကြီးကြပ်သူ မအာဝီကာလိုင်က တာဝ်စစ်ကျိုးပဲ့နေသော ဆင်းတုတော်ကို ပြန်လည်ဆက်စပ် မွမ်းမံပြင်ဆင်ခဲ့ သည်။

။ ၁၉၁၂ ကျောက်စာဌာနမှ တူးဖော်ခြင်းပြီးစီး၍ မြန်မာနိုင်ငံမှ ဦးဖိုးကြူးက စေတီကြီးကို ပြင်ဆင်ခဲ့သည်။

။ ၁၉၂၇ ဦးဖိုးကြူးကပင် ထီးတော်တင်ခဲ့သည်။

။ ၁၈၆၀ အိန္ဒိယသား မဟာဝီရဘိက္ခုသည် ကုသိနာရုံကိုစောင့် ရှောက်လျက် စတင်သာသနာပြုခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသား ဦးစန္ဒြမုနိက လက်တွဲဆောင်ရွက်ရာမှ မဟာဝီရ ကွယ်လွန်သောအခါ ဆက်လက်နေထိုင် သာသနာပြုခဲ့သည်။

။ ၁၉၅၆ ဆင်းတုတော်၏ တန်ဆောင်းကို အစိုးရက ပြင်ဆင် ဆောက်လုပ်ခဲ့သည်။



**Standing Buddha in a transparent monastic robe with many folds, Gupta, 5th c., Arch. Mus., Mathurā**



ကုသိနာရုံပြည် ဈေးခေတ် မြင်ကွင်း



The Main Gateway to the ancient city of Kusinagara (cir. B.C. 500) in Magadha (Bihar). Adapted from a bas-relief on the Southern Gateway of the Great Stupa at Sanchi, Bhopal State



CONJECTURAL RESTORATION OF THE STUPA, SHRINE, AND MONASTERY AT SARNATH, BENARES. ABOUT 7TH CENT. A.D.

ရှေးခေတ် မိဂဒါဝုန် မြင်ကွင်း



ကုသိနာရုံ၌–ပရိနိဗ္ဗာန်စံတော်မူပုံ



မဟာဗောဓိအသင်းကြီး၏ မူလဂန္ဓကုဋိတိုက်



ဘုရားမြတ်စွာ နေ့ဥက်ဆုံးရေကြည်တော်သုံးရာရေကန်



ဘုရားမြတ်စွာတေဇောခုတ် လောင်ကျွမ်းရာစေတီတော်



ပရိနိဗ္ဗာန်စံတော်မူရာစေတီတော်

# နာလန္ဒာ

**တည်နေရာ**

ဗိဟာပြည်နယ် ပတ္တနာခရိုင် ရာဇဂြိုဟ်၏ မြောက်ဘက်တွင်တည်ရှိ၍ ပတ္တနာ ရာဇဂြိုဟ်ကားလမ်းဘေးတွင် တည်ရှိသည်။

**ယခင်နှင့်ယခုအမည်။**

ရှေးက နာလ-နာလက-နာလကရိမ- နာလန္ဒာဟု ခေါ်ခဲ့ကြသည်။ ယခုမူ နာလန္ဒာ ဟုပင် ခေါ်ကြသည်။ (ရေကန်တွင်းမှ နဂါးကိုအကြောင်းပြု၍ လည်းကောင်း၊ ဘုရားလောင်းဘဝက အလှူဒါနရက်ရောခဲ့သဖြင့် မင်းနေပြည်ကို နာလန္ဒာ–မစဲသောဒါန ဟု လည်းကောင်း ခေါ်တွင်ခဲ့ရာမှ အမည်ပေါ်လာသည်ဆို၏။)

**မြေပုံပါသဘာဝ**

အဝင်လမ်းမသည် အရှေ့ မြောက် (ခပ်စောင်းစောင်း)ဖြစ်၍ အရှေ့ဘက်မှဝင်ရခြင်းဖြစ်သည်။ လမ်းအတွင်း လျှောက်သွားပြီးလျှင် ကျောင်းဆောင်ကြီးများ၏ အောက်ဘက်မှ ဝင်ကာလှည့်လည် ကြည့်ရမည်ဖြစ်သည်။ ပုံပါအတိုင်း ဝဲဘက်အဆောက်အအုံမှာ အမှတ် ၁ ဖြစ်၍ ယာဘက်မှာ ၄ နှင့် ၅ ဖြစ်သည်။ ဗုဒ္ဓဘာသာနေရာနှင့် ပတ်သက်၍ အပျက်အစီး အနည်းဆုံးအဖြစ် တွေ့ရသော ကျောင်းတော်ကြီးများဖြစ်သည်။ (မြေပုံကို မိမိဆွဲခြင်းမဟုတ်၊ ရှေးဟောင်းဌာနမှ စံနစ်ပုံအတိုင်း ရေးဆွဲထားခြင်း ပေါ်ပြူပါသည်။)

**တည်ဆောက်မှုသဘာဝ**

ရှေးခေတ် ဗုဒ္ဓဘာသာ တက္ကသိုလ်ပြိုပြို အဆောက်အအုံများမှာ စံနစ်ကျလှသည်။ အတုယူရန်ကောင်းသည်။ စေတီများတစ်တန်း၊ ကျောင်းများ

တစ်တန်း အကန့်လိုက် တည်ဆောက်ထားပုံမှာ ယခုခေတ် အင်ဂျင်နီယာ အမြင်များ ပါဝင်နေကြောင်း တွေ့ရပေသည်။ အခန်းဖွဲ့စည်းပုံများ၊ အလင်း အမှောင်များ၊ ရေတွင်းများ၊ မီးဖိုဆောင်များ၊ ရေထုတ်ပုံများမှာ စံနစ်ကျလှ သည်။

အမှတ် ၃။

အဝင်ဝ ဝဲဘက် အဆောက်အအုံဖြစ်သည်။ အုတ်မြစ် ၉ ထပ်တွေ့ရ သဖြင့် ၉ ကြိမ်တိုင် ပြန်လည်ဆောက်လုပ်ခဲ့(သို့)အထပ်ထပ်ဆောက်လုပ်ခဲ့သည်။ တိုင်များ၏ အောက်ခံဖိနပ်အဖြစ် ကျောက်များကို အသုံးပြုခဲ့ကြောင်း ကျောက်ဆုံ ကျောက်ခွက်များကို တွေ့ရသည်။ အောက်ထပ် အရှေ့ဘက်ထပ် အခန်းတစ်ခုတွင် ဘုရားဆောင်ဖြစ်ကြောင်း တွေ့ရသည်။ ယင်းရှေ့တွင် အုတ် ခုံမြင့်တစ်ခုရှိရာ စာသင်ရာခန်းမဟု ထင်ရသည်။ အချို့က လေးမြားအတတ် သင်ရာ နေရာဟုဆိုကြသည်။ အဆင်းလှေကား၏ ဝဲဘက်တွင် အခန်းများတွေ့ ရာ ယင်းမှာ ပစ္စည်းထားရာ ဘဏ္ဍာခန်းဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။ နောက်ဆုံးတွင် ပါလခေတ်၊ ဒေဝပါလ (၈၁၀ ၅၀)မင်းသည် သုဝဏ္ဏ ဒီပ (သို့) သုဝဏ္ဏဘူမိ (ဆုမတ္တရာကျွန်း)၏ ဘုရင်တောင်းဆိုချက်အရ ဤကျောင်းကို ပြန်လည်ပြင်ဆင်ပြီး ရွာ ၅ ရွာ အထောက်အပံ့အဖြစ် လှူခဲ့ သည်။

အမှတ် ၄

လှေကားနှင့် ရေတွင်းကို အပေါ်ထပ်မှ အသုံးပြုနိုင်အောင် စီစဉ် ထားသည်ကို လေ့လာနိုင်သည်။ တူးဖော်စဉ်က ကုမာရဂုတ္တ (အေဒီ ၅၁၃- ၅၅)ခေတ်သုံး ဒင်္ဂါးတစ်ပြား တွေ့ရသည်။

အမှတ် ၆

နှစ်လုံးတွဲမီးဖိုကြီးများတွေ့ရ၍ စဖိုဆောင်၊သို့မဟုတ် ဆွမ်းစားကျောင်း သို့မဟုတ် သက်နှီးဆိုးရာ နေရာဟု ခန့်မှန်းကြသည်။

ဆမှတ် ၈

ဆွေးနွေးခန်းပုံစံ ဟောလ်ခန်းကိုတွေ့ရသည်။

**အမှတ် ၉**

မီးဖိုနေရာများတွေ့ရသဖြင့် အကျန်းဆိုးရာ၊ သို့မဟုတ် အခြားမီးနှင့် ပတ်သက်သည့် ဓာတုဗေဒပညာသင်ရာ နေရာဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။

**အမှတ် ၁၀။**

ထိပ်ပိုင်းတွင် ပလ္လင်ဟုထင်ရသော နေရာတွေ့ရသည်။

**အမှတ် ၁၁**

ထိပ်ပိုင်းတွင် ဘုရားဆောင်ကို တွေ့ရပြန်သည်။ စုရုံး ဘုရားဝတ်တက်ရာလော၊ ဥပုသ်ပြုရာနေရာလော ထင်ရှားစွာမသိပေ။

**အမှတ် ၂**

(စေတီ)ကျောင်းဆောင်အမှတ် ၇ နှင့် ၈ ကြားမှ ဖြတ်သန်းသွားရပြီး ယင်းနှစ်ခု၏ အရှေ့ဘက်တွင် တည်ရှိသည်။ ယင်းစေတီမှာ စိတ်ဝင်စားစရာကောင်းသည်။အောက်ခြေပတ်လည် ပစ္စယ်တွင် ကိန္နရာရုပ် မကာရ်းရုပ်စသည်တို့နှင့် ဇာတ်ကွက်များကိုပါ ထုတွင်း၍ အကွက်လိုက် ကပ်ထားသည်။ အကွက်ပေါင်း ၂၀၀ ကျော်ရှိရာ လေ့လာသင့်သည်။

**အမှတ် ၁ အောနှင့်ဘီ**

အော တွင်မီးဖိုရှိလျှင် ရေတွင်းပါ ရှိနေသည်။ အဝင်ဝတွင် အဆောက်အအုံငယ်တစ်ခုကို တွေ့ရသဖြင့် ရိက္ခာခန်းနှင့် စဖိုဆောင်ဟု ထင်ရသည်။ ဘီ ၏ ပုံစံနှင့် အားလုံး အဆောက်အအုံ အနေအထားအရ ဝေယျာဝစ္စလုပ်သူများ နေရာဟု ခန့်မှန်းရသည်။

**စေတီများ အမှတ် ၃**

နာလန္ဒာတစ်ခုလုံး၏အသက်စေတီပင်ဖြစ်သည်။ရှင်သာရိပုတ္တရာမွေးဖွားရာနှင့်ပရိနိဗ္ဗာန်ပြုရာနေရာအထိမ်းအမှတ် စေတီဖြစ်သည်။ စေတီ၏ပုံစံမှာတွေ့နေကျပုံစံမျိုးမဟုတ်ဘဲတစ်မူထူးသည်၊အဆင့်ဆင့်တည်ဆောက်ထားသည်။အပေါ်ပိုင်းမှာ အမိုးမရှိသော်လည်း ခမ်းခမ်းနားနားရှိကြောင်း တွေ့ရသည်။လှေကားဖြင့်တက်ရောက်သွားရပြီး အပေါ်ရောက်လျှင် အားလုံးကိုစီး၍ မြင်ရသည်။ ခုနစ်ကြိမ်ခန့် ထပ်၍တည်ဆောက်ထားကြောင်း တွေ့ရသည်။ မြောက်ဘက်ရှိ လှေကား ၃ ခုမှာ ၅+၆+၇ ကြိမ်မြောက် ကာလများက တည်ဆောက်ထား

သည်။ ထောင့်တွင် မျှော်စင်၃ ခု ပေါ်လျက်ရှိသည်။ အပေါ်ဆုံးတွင် ဘုရားခန်းအဖြစ်ရှိခဲ့သည်။ ယခင်က ဆင်းတုတော်ရှိခဲ့သည်။ စေတီကြီး၏ ပတ်လည်တွင်လည်း စေတီရံများဖြင့် ပြည့်လျက်ရှိ၏။ စေတီရံများတွင် အချို့မှာ ဗုဒ္ဓရုပ်ပွားများ ဘုရားလောင်း ရုပ်တုပုံစံအမျိုးမျိုးများ၊ အထူးသဖြင့် အရှေ့ဘက်စေတီရံကြီး၏ အထက်ဆင့် အနောက်မျက်နှာ မုခ်တွင် အမျိုးသမီးပုံစံ (ဒေဝီ)လည်း တွေ့ရသည်။ ခေတ်အဆက်ဆက် လက်ရာမျိုးစုံနှင့်အတူ (မဟာယာနဂိုဏ်းကို ဖေါက်ပွားထုတ်လုပ်ရာဖြစ်သည့်) နာလန္ဒာ၏ ကိုးကွယ်မှု သောင်းပြောင်းထွေလာများကို တွေ့နိုင်ပေသည်။ မည်သို့ဖြစ်စေ ဤနေရာတွင် ပညာအရာ တေဒဂ်ရတော့်မူသော ရှင်သာရိပုတ္တရာအား ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် တက္ကသိုလ်ကြီးတစ်ခုအဖြစ် ကမ္ဘာကျော်စေခဲ့သည်မှာ ဗုဒ္ဓဘာသာအတွက် ဂုဏ်ယူအံ့ဖွယ်ရာ အကြောင်းတစ်ခု ဖြစ်ပေသည်။

**အမှတ် ၁၂ စေတီ**

စေတီ၏ နံရံပတ်လည်တွင် ရုပ်တုများရှိသည်။ စေတီမှာ ၅၂×၅၀မီတာ ပတ်လည်ရှိသည်။ ဤစေတီရှေ့နှင့် ဝဲယာတို့တွင် ဆင်းတု ရုပ်ပွား စေတီငယ်များ၊ ကျောက်စေတီငယ်စသည် ရှေးဟောင်း အပျက်အစီးများကို တွေ့နိုင်သည်။

**အမှတ် ၁၃ စေတီ**

စေတီ၏ရှေ့တွင် ဘုရားကျောင်းပျက်တစ်ခု တွေ့ရသည်။ စေတီရှေ့တွင် အရံစေတီငယ်များ တွေ့ရသည်။ ထူးခြားချက်မှာ သံရည်ကျိုသော မီးဖိုကြီးတွေ့ရခြင်းပင်ဖြစ်သည်။ နာလန္ဒာ၏ မှတ်တမ်းများအရ ကြေးသံခဲ စသောသတ္တုများ အရည်ကျိုခြင်းအတတ်များပါဝင်ပြီး ဆင်းတုတော်များ သွန်းလုပ်သည်ဆို၏။

**အမှတ် ၁၄ စေတီ**

အတွင်းပိုင်းတွင် နံရံပန်းချီအချို့ တွေ့ရသည်။ ပလ္လင်ကြီးတစ်ခုရှိပြီး ဂူဘုရား စေတီပင်ဖြစ်၏။

**အခြား မှတ်ချက်**

ယင်းကိုလွန်လျှင် တောအုပ်ကလေးတစ်ခုရှိရာ ယင်းအတွင်း၌ ဗုဒ္ဓဆင်းတုတော်ကြီးတစ်ခုရှိသေး၏။ ရွာရှိလူများက သူတို့ယုံကြည်သလို ကိုးကွယ်ကြ

သည်။ (စာပြုသူ သွားရောက်လေ့လာစဉ်က အဆောက်အအုံအား ပြင်ဆင်နေသည်ကို တွေ့ရ၏။)

### ထူးခြားချက်

နာလန္ဒာ၏ ထူးခြားချက်မှာ အဆောက်အအုံ တိုက်ပုံဟန်များပင်ဖြစ်၏။ ပုံစံတူများ ဖြစ်ဟန်တူသည်။ ကျောင်းသည်လည်း တစ်ပုံစံတည်းဖြစ်သကဲ့သို့ စေတီများသည်လည်း တစ်ပုံစံတည်းပင်ဖြစ်ဟန်တူသည်။ ထို့ပြင် ကျောင်းသို့မျက်နှာမူရာ အရပ်နှင့် စေတီတို့တည်ရှိပုံသည် အလွန်ပန်းတင့်စွာ တည်ရှိနေခြင်းသည် အလွန်ချီးကျူး အံ့သြဖွယ်ဖြစ်သည်။ အဆောက်အအုံဆောက်လုပ်လိုသူများ အတုယူဖွယ်ပင်ဖြစ်ပေသည်။

### နာလန္ဒာ၏ ဖြစ်ရပ်နှင့် သက္ကရာဇ်များ

| | |
|---|---|
| ဘီစီ ၂၅၀ (ခန့်) | ရှင်သာရိပုတ္တရာမွေးဖွားရာနှင့်၊ ရိနိဗ္ဗာန်ပြုရာအသောကမင်း၊ ရှင်သာရိပုတ္တရာ စေတီတည်ဆောက်။ |
| အေဒီ ၅ ရာစု | ဆာကရ်ဒိကျမင်း စတင်၍ ကျောင်းဆောက်။ |
| အေဒီ ၆ ရာစု | သမုဒ္ဒဂုပတာ းမင်း စသည်က ဆက်လက်ဆောက်လုပ်။ |
| ။ ၅ ရာစု | ပုရာနဝဏ္ဏမင်း ကြေးနီဆင်းတုတော်လှူ။ |
| ။ ၆၀၆-၇၅၇ | ကြေးဝါကျောင်းတော်ဆောက်၍ ရွာပေါင်း ၁၀၀ လှူခဲ့။ |
| ။ ၆၃၃ | ယိကျင်ရောက်ရှိ၍ ရဟန်း ၃ ထောင်ကျော်ရှိကြောင်းတွေ့။ |
| ။ ၄၁၉ | ဖာဟီယန်ရောက် စေတီရှိကြောင်း မှတ်တမ်းတင်။ |
| ။ ၆၃၃ | ဝှင်ဆန်ရောက် ၇ နှစ်ကြာနေခဲ့။ နာလန္ဒာ ပညာသင်မှူးများ မှတ်တမ်းတင်၊ ရဟန်းသာမဏေတစ်သောင်းခန့် ပညာသင်ကြောင်း။ ကျောင်းကြီး ၆ ကျောင်းမှာ ၄ ထပ်ရှိကြောင်းစသည်။ |
| ။ ၆၄၅ (ခန့်) | ဟာသမင်းသည် နာလန္ဒာကို အလွန်ချီးမြှောက်ခဲ့။ |
| ။ ၇၇၀-၈၁၈ | သမုဒ္ဒဂုပတားမင်းသည်သည်း ချီးမြှောက်ထောက်ပံ့။ |
| ။ ၁၂ ရာစု | မူဆလင် လက်အောက်ရောက်၍ မီးရှို့ဖျက်ဆီးခံရ။ ရဟန်းများ အသတ်ခံရ။ |

။ ၇၇၀–၈၁၀ သုဝဏ္ဏဒီပ (ဆုမတြာ) မင်း တောင်းဆိုဝယ်ယူမှုအရ ရွာ ၅ ရွာ နာလန္ဒာသို့လှူခဲ့သည်။

။ ၁၈၀၀–၂၅ ဘူချနင်ဟာမိလ်တန်ရောက်။

။ ၁၈၆၀ ကာနင်ဂန်က နာလန္ဒာဖြစ်ကြောင်း ထုတ်ဖော်ကြေညာ၍ ဆက်လက်တူးဖော်သည်။

## နာလန္ဒာကျောင်းအုပ်ဆရာကြီးများ

၁။ နာဂဇ္ဇုန (အေဒီ ၁၇၅) – မဟာယာန စတင်တည်ထောင်မှု။

၂။ အရိယဒေဝ

၃။ အသင်္ဂနှင့် ဝသုဗန္ဓုညီနောင် အေဒီ–၃၅၀ – ယောဂါစာရဝိညာဏဝါဒတည်တွင် နာမည်ကျော်အဘိဓမ္မကောသကျမ်းပြု။

၄။ ဒိနာဂ (အေဒီ ၄၂၅) – အိန္ဒိယတက္က ဗေဒပညာရှိဘွဲ့ရ။

၅။ ဓမ္မပါလ ( )

၆။ သီလဘဒြ ( ) – ဝှင်ဆန်ရောက်ချိန်ကျောင်းအုပ်ဆရာကြီး။

၇။ ဓမ္မကိတ္တိ (အေဒီ ၆၀၀) – ဟိန္ဒူပညာရှင်အား ဝါဒစစ်ပွဲဖြင့် အနိုင်ယူနိုင်သူ။

၈။ သန္တရက္ခိတ ( ) – တိဗက်နိုင်ငံသားများအား ဗုဒ္ဓဘာသာအဖြစ် ပြောင်းလဲစေခဲ့၍ ပိဋကကို ဟိဗက်ဘာသာပြန်ဆိုသူ။

၉။ ပဒမသမ္ဘဝ ( ) – တိဗက်လားမားဘာမသာကို တီထွင်သူ။

# နာလန္ဒာ မြေပုံ







နာလန္ဒရှိ၊ နာလန္ဒတက္ကသိုလ် ကျောင်းတော်ရာများ

၃၂



(ဗုဒ္ဓဂယာ)

ဥရုဝေဠတော ကဿပညီနောင်များကို ချွေချွတ်သည့်နေရာ

၃၃



မြတ်ဗုဒ္ဓ၏ ပထမဆုံးကျောင်းတော်ဝေဠုဝန်(ရာဇဂြိုဟ်)



နာလန္ဒတက္ကသိုလ်ရှိ-ရှင်သာရိပုတ္တရာစေတီ

# ရာဇဂြိုဟ်၊

## တည်နေရာ

ဗိဟာပြည်နယ်မြို့တော် ပတ္တနာမြို့၏ တောင်ဘက် ၁၀၁-ကီလိုမီတာ (၆၅-မိုင်) ဂါယာမြို့အနောက်မြောက်ဘက် ၇၀ကီလိုမီတာခန့် ဝေးသော နေရာ၌ တည်ရှိသည်။ လက်ရှိမြို့၏ အကျယ်အဝန်းမှာ ၄ ဒသမ ၈မိုင်ပတ်လည်ရှိသည်။ ရာသီဥတုမှာ ကျောက်တောင်ထူထပ်သော ဒေသဖြစ်သည့်အလျောက် ဆောင်းတွင်းတွင် ၈၂·ဒသမ ၁(ဖ) မှ ၅၁ဒသမ ၁ထိ၊ နွေတွင် ၁၀၃မှ ၆၄ ဒသမ ၃(ဖ)ထိ အပူအအေးရှိသည်။

## အမည်များ

ဟိန္ဒူဘာသာအရ ဝသုမတီနှင့် ဗေရဟာဒြထဟု ခေါ်သည်။ တောင်များ ငန်းရံသောကြောင့် ဂိရိဗ္ဗဇ (တောင်ခြံ) ရာဇဂဟဟု ခေါ်ခဲ့ရာမှ ယခုအခါ ရာ့ဂျ်ဂီးရ်ဟု ခေါ်လေသည်။

## တောင်အမည်နှင့်အကွာအဝေးများ

ဗုဒ္ဓဘာသာစာပေအရ တောင်ငါးလုံးကာရံ ရာဇဂြိုဟ်ဟုဆိုကာ ဝေဘာရ ပေပုလ္လ-ဣသိဂိလိ—ဂိဇ္ဈကုဋ်—ပဏ္ဍဝ ဟု ခေါ်သည်။ သို့သော် ဂျိန်းဘာသာမှ မှည့်ခေါ်သော ဝေဘာရ—ဝိပုလ ရတန—ဆဏ္ဍ— ဥဒယ ဆိုနာ ပေါင်ဟူသော အမည်များသာ ဒေသခံလူများ ခေါ်ဝေါ်ကြသည်။ တောင်များ၏ အကွာအဝေးမှာ (အိန္ဒိယ ကြေးမုံ ကျမ်း၌) ဝေဘာရမှ ဝေပုလထိ ပေ—၁၂၀၀၀။ ဝေပုလမှ ဂိဇ္ဈကုဋ်ထိပေ-၄၅၁၀။ ၎င်းမှ ပဏ္ဍဝထိ ပေ-၅၀၀။ ၎င်းမှ ဣသိဂိလိထိ ပေ—၇၀၀၀၊ ၎င်းမှ ဝေဘာရထိ ပေ ၃၀၀၀ ရှိသည်ဟု ဖော်ပြထားသည်။

## ရာဇဂြိုဟ်နှင့်ဘာသာတရား

ရာဇဂြိုဟ်သည် ဂျိန်းနှင့် ဗုဒ္ဓဘာသာတို့ အားပြိုင်ရာနေရာ ဖြစ်ခဲ့သည်။ ဗုဒ္ဓနှင့်ခေတ်ပြိုင် အခြားသောတိတ္ထိဆရာတို့လည်း ရှိနေခဲ့သည်။ ဂျိန်းတို့၏ တိတ္ထကရအမှတ်စဉ် (၂၀) ဖြစ်သော မုနိသုဝြရသည် ရာဇဂြိုဟ်၌ မွေးဖွားခဲ့သည်။ ဂျိန်းဘုရား မဟာဝီရသည် ရာဇဂြိုဟ်၌ ၁၄–နှစ် နေခဲ့သည်။ မဟာဝီရ၏ တပည့်ကြီး (၁၁) ဦးသည် ရာဇဂြိုဟ် တောင်ထိပ်၌ ကွယ်လွန်ခဲ့သည်။ ရာဇဂြိုဟ်ပတ်လည် တောင်ထိပ်များ၌ ဂျိန်းဘုရား ကျောင်းဟောင်းသစ်များစွာရှိသည်။ ဗုဒ္ဓသည်တောထွက်ကာစကပင် ရာဇဂြိုဟ်သို့ရောက်၍ ဘုရင် ဗိမ္ဗိသာရ၏ ပင့်ဖိတ်မှုကို ခံယူခဲ့ရသည်။ ဗုဒ္ဓဖြစ်ပြီး မိဂဒါဝုန် ပထမဝါကပ်ပြီးနောက် ကဿပညီနောင် ရသေ့တစ်ထောင်တို့ကို ချွတ်ကာ ရာဇဂြိုဟ် ဝေဠုဝန်၌ ဒုတိယမှ စတုတ္ထဝါထိ နေခဲ့သည်။ ထို့နောက် ၁၁+၁၇+၂၀–ဝါမြောက်တို့ကို သီတင်းသုံးခြင်းဖြင့် (၂+၃+၄+၁၁+၁၇+၂၀) မြောက် ဝါဆိုသီတင်းသုံးသဖြင့် သာဝတ္ထိပြီးလျှင် အများဆုံး သီတင်းသုံးရာ နေရာဖြစ်ခဲ့သည်။

## မြို့သက်တမ်း

ဗုဒ္ဓမပွင့်မီ ရှေးအထက်ကျော်ကာလမှစ၍ ဇရာသန္ဓမင်းက စတင်တည်ခဲ့သည်ဟု ဆိုသည်။ ဗုဒ္ဓလက်ထက် ဗိမ္ဗိသာရနှင့် အဇာတသတ်ထိ ထင်ရှားသော မဂဓနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သည်၊ ကာလသောက လက်ထက်ရောက်လာသော အခါ ယခု ဗိဟာပြည်နယ်မြို့တော်ဖြစ်သော ပဋ္ဋနာ (ပါဋလိပုတ်)သို့ မဂဓ၏ မြို့တော်အဖြစ် ပြောင်းရွှေ့ခဲ့သဖြင့် ရာဇဂြိုဟ်ခေတ် မှိန်ခဲ့သည်။

## ယခုရာဇဂြိုဟ်နှင့်ရှေးရာဇဂြိုဟ်တို့ တည်နေရာ

ယခုရာဇဂြိုဟ် (ရာဂျဂီးရ်) မှာ မြို့ကြီးမဟုတ်ဘဲ ကျေးရွာကြီး အဆင့်သာ ရှိသည်။ သို့သော် ရေပူစမ်းနှင့် မြို့ဟောင်းကြောင့် နာမည်ကြီးနေသေးသည်။ ယခု ရာဇဂြိုဟ်မှာ ရှေးရာဇဂြိုဟ်၏မြောက်ဘက်တွင် တည်ရှိပြီး မြို့ဟောင်းများနှင့် အနည်းငယ် အလှမ်းကွာဝေးသည်။ ပတ္တနာဘက်မှလာလျှင် ရာဇဂြိုဟ် မြို့သစ်ကို ပထမတွေ့ရမည်ဖြစ်ပြီး ဂယာဘက်မှလာလျှင် တောင်များ ပတ်ဝိုင်းနေသော ရာဇဂြိုဟ်မြို့ဟောင်းကိုပထမ တွေ့ရမည်ဖြစ်သည်။

မြေပုံ ပါနေရာများ၏ သဘာ၀

ပတ္တနာ (ပါဠလိပုတ်) ဘက်မှလာလျှင် ရာဇဂြိုဟ်သစ်ကို ကျော်လွန်ပြီး နောက် လမ်း၏ယာဘက်တွင် ခံတပ်၊ သို့မဟုတ် နန်းသစ်မြို့ရိုးကို တွေ့ရမည်။ မြို့ရိုးအတွင်းမှလည်း ကားလမ်းဖြတ်ဖောက်ထားသည်ကို တွေ့ရမည်ဖြစ်ပြီး၊ ၎င်းလမ်းသည် ဂယာနှင့်ရာဇဂြိုဟ်သို့ ဆက်သွယ်ရာလမ်းဖြစ်သည်။ မြို့ရိုး၏ရှေ့ (လမ်း၏ဝဲဘက်) ကုန်းမြင့်ပေါ်တွင် (ဘုရားဖူးအဖွဲ့ညဥ့်အိပ်တည်းခိုရာ မြန်မာ ကျောင်းရှိသည်။ ထိုမှ ရှေ့ဆက်လျှင် မြေပုံပါအတိုင်း ရောက်နိုင်သည်။

## ၁။ အဇာတသတ်နန်းသစ်

မြန်မာကျောင်း၏ရှေ့တွင် ကျောက်မြို့ရိုးပတ်လည်ကို တွေ့ရခြင်းသည် အဇာတသတ် နန်းသစ်ပင်ဖြစ်၏။ အဇာတသတ်သည် အဖေကို သတ်ပြီးသော အခါ ကောသလ၏တိုက်ခိုက်မှုကြောင့် စဏ္ဍပဇ္ဇောတမင်းကလည်း ရာဇဂြိုဟ်ကို တိုက်သောအခါ ခုခံရန်အတွက် မြို့ပြင်ထွက်၍ ခံတပ်မြို့ တည်ဆောက်သည်ဟု လည်း ယူကြ၏။ ထို့ပြင် အဇာတသတ်သည် မြို့တွင်း၌ မီးလောင်လျှင် မြို့ပြင် ထွက်ရန် အမိန့်သတ်မှတ်ထားသဖြင့် ၎င်း၏နန်းတော်မှစကာ မီးလောင်သဖြင့် မိမိအမိန့်အတိုင်း မြို့ပြင်ထွက် နန်းသစ်တည်ကြောင်းလည်း ဆိုကြ၏။ မြို့ရိုးမှ ကျောက်တုံးများကို အခြေခံပြီးအုတ်များဖြင့် ထပ်ဆင့်ပြုလုပ်ထားသည်။ ၁၅- ပေမှ ၁၈ပေခန့် မြင့်ကြောင်း တွေ့ရပြီး ၃- မိုင်ခန့် ရှိမည် ထင်ရ၏။

## ၂။ မြို့သစ်ပြင်ပစေတီရာ

မြို့သစ်၏ အနောက်ဘက်၌ စေတီစေတီဟောင်းရာ တစ်ခုရှိကာ ဖာဟီ ယန်က အဇာတသတ်စေတီဟု ဆို၏။ ဟိယန်ဆိုင်က အသောကမင်း တည်ခဲ့ သည်ဟု ဆို၏။

## ၃။ အဇာတသတ်စေတီရာနှင့်သချိုင်း

မြို့သစ်ရာ၏ အရှေ့တောင်ဘက်ကွင် လမ်း၏ဝဲဘက်၌ ကုန်းမြင့်ငယ် တစ်ခုရှိ၍ အပေါ်တွင် ကျောက်တိုင်များ စိုက်ထူထား၏။ ၎င်းကိုလည်း အဇာ တသတ်စေတီဟု ဆိုကြ၏။ ဓာတ်တော်များ ဌာပနာရာ စေတီဟုလည်း ဆိုကြ ၏။ အပေါ်ပိုင်းမှာ ဘာသာခြားများက သချိုင်း ပြုလုပ်ထားသည်။

## ၃။ ဝေဠုဝန်ကျောင်းတော်ရာ

လမ်း၏ယာဘက် (နန်းသစ်နှင့် ရေပူစမ်းကြားတွင်)တွင် ဝါးပင်များ အုပ်ဆိုင်း ပေါက်ရောက်နေသော ခြံကျယ်ကြီးသည် ဝေဠုဝန်ကျောင်းတော် ဖြစ်၏။ ဗုဒ္ဓမြတ်စွာ မိဂဒါဝုန်မှ ပထမဝါကျွတ်ပြီးနောက် ပထမဆုံးအကြိမ် ရာဇဂြိုဟ်သို့ကြွတော်မူစဉ် ဘုရင်ဗိမ္ဗိသာရက ဤဥယျာဉ်ကို ကျောင်းတော် အဖြစ် လှူဒါန်းစဉ်က လျှော်လှူပ်ခဲ့ရသော ဗုဒ္ဓ၏ ပထမဆုံးကျောင်းတော်ပင် ဖြစ်၏။ ထိုကျောင်းတော်နေရာတွင် ပထမဆုံး သံဃာအစည်းအဝေးနှင့် ဥပုသ် ပြုခြင်းကို ပြုလုပ်တော်မူခဲ့၏။ ထိုကျောင်း၏ နောက်တွင် ဂျပန်ဝေဠုဝန် ကျောင်းလည်းရှိ၏။

## ၅။ ကျောင်းတွင်းရှိရေကန်နှင့်စေတီရာ

ဝေဠုဝန်ကျောင်းအတွင်းပိုင်းတွင် ရေကန်ကြီးတစ်ခုရှိ၍ ကရန္ဒရေကန် ဟု ဟူယင်ဆန်က ဖော်ပြခဲ့၏။ စေတီရာမှာ အပေါ်ပိုင်းမှာသန့်ရှင်း ပြုလုပ်ထား ၏။ ထိုစေတီရာမှာ ရှင်မောဂ္ဂလာန်၏ ဓာတ်တော်များအား ဘုရားရှင်ကိုယ် တိုင် ဌာပနာရာ အထိမ်းအမှတ် စေတီဟောင်းအဖြစ် မှတ်ယူကြ၏။

## ၆။ ရေပူစမ်းနှင့်ဝေဘာရတောင်

ဝေဠုဝန်ကျောင်း နယ်နိမိတ်အဆုံး တောင်ဘက်တွင် ရေပူစမ်းရှိ သည်။ ၎င်း၏ရှေ့တွင်ဆိုင်မျိုးစုံရှိ၏။ ရေပူစမ်းမရောက်မီ တံတားငယ် နှစ်ခုဖြင့် ဖြတ်ကူးရာ ချောင်းငယ်မှာ တပေါဒါ (တပဃဒ) ရေပူမြစ် ခေါ်သည်။ ယခု အခါ ရေခမ်းခြောက်နေကြောင်း တွေ့ရ၏။ တံတား၏အထက်တွင် အုတ် တိုင် အခန်းများဖြင့် မွမ်းမံထားသော ရေပူစမ်းအိုင်များ ရှိ၏။ ရေပူများမှာ ရေမမြင်ရသော ဝေဘာရ ကျောက်တောင်မှထွက်၍ စီးဆင်းနေခြင်း ဖြစ်၏။ ဟိန္ဒူတို့၏ ဇာတ်ခွဲခြားမှုစံနစ်အရ ဇာတ်မြင့်-လတ်-နိမ့်အားဖြင့် သုံးဆင့် ထားကာ ဇာတ်အလိုက်နေရာခွဲခြား ရေချိုးကြ၏။ ၎င်းရေကိုချိုးလျှင် ရောဂါ မှန်သမျှ ပျောက်ကင်းကြောင်း ယူဆကာ နယ်အရပ်ရပ်မှ လာရောက်ရေချိုးကြ သဖြင့် စည်ကားလှ၏။ ထိုရေပူစမ်း စခန်းမှ အထက်သို့တက်လျှင် ဝေဘာရ တောင်ပင် ဖြစ်သည်။

## ၇။ ပိပ္ပလိဂူ(သို့)ဇရာသန္ဓကီဘိုင်ထပ်

ရေပူစမ်းမှအထက်သို့ ဝေဘာရတောင်အတိုင်း လှေကားမှတက်လျှင် ယာဘက်တွင် ကျောက်တုံးများ ဆင့်စီထားသော လေးထောင့်ပုံစံကျောက်

ဂူငယ်တစ်ခု ရှိ၏။အလျား ၇၅–ပေ၊အနံ၇၁–ပေ၊ အမြင့် ၂၂ ပေမှ၂၈–ပေထိရှိကာအတွင်း၌ လေးထောင့်တွင် လိုဏ်ငယ် လေးခုရှိ၏။၎င်းကိုဗုဒ္ဓဘာသာဝင်များက ပိပ္ပလိ (ရှင်မဟာကဿပ)သီတင်းသုံးရာဂူ ဟု ဆို၏။ ဟိန္ဒူများက ဇရာသန္ဓမင်းကြီးထိုင်ခဲ့ရာ ဇရာသန္ဓကီဘိုင်ထပ်ဟု ခေါ်သည်ဆို၏။သမိုင်းပညာရှင်အချို့က တောင်ထိပ်မှိုရှိုးနှင့် တည့်နေသဖြင့် ပြအိုး ဟုလည်း ယူဆကြ၏။

## ၈။ ပထမသံဂါယနာတင်ရာသတ္တပဏ္ဏိလိုဏ်ဂူ

ပိပ္ပလိဂူမှအထက်သို့ အတော်ဝေးလှမ်းစွာ တက်သွားလျှင် ဟိန္ဒူဘုရားကျောင်းနှင့် ဂျိန်းဘုရားကျောင်းနှစ်ခုကို တောင်ထိပ်မြင့်ရာအပိုင်းတွင် ဖြတ်ကျော်ရမည် ဖြစ်၏။၎င်းဂျိန်းဘုရားကျောင်းမှ ယာဘက်အနိမ့်ပိုင်းသို့ ဆင်းသွားလျှင် ပတမသံဂါယနာတင်ရာ သတ္တပဏ္ဏိ(စရည်းပင်ပေါက်ရာ)လိုဏ်ဂူကို တွေ့ရ၏။ဂူရှေ့ရှိမြေကွက်မှာ ပြိုကျနေသဖြင့် အစားထိုးပြုလုပ်ထားသော်လည်း မကျယ်ဝန်းလှပေ။၁၂ ပေမှ ၂၄ ပေထိသာကျယ်၍ –၁၂၀ပေ ရှည်လျား၏။ဆာဂျွန်မာရှယ်၏အဆိုအရမူ ၎င်း၏အောက်ဘက် တောင်ခြေ၌ရှိသော ကျောက်တိုင်အပျက်ကို သတ္တပဏ္ဏိဟု ဆို၏။ဂျိန်းဘာသာဝင်များကမူ သတ္တပဏ္ဏိဂူကို ရောဟနိယဂူဟု ခေါ်ကြ၏။

## ၉။ ဆွန်ဘဏ္ဍာဂူ

ဝေဘာရတောင်၏တောင်ဘက်ခြေရင်း (သတ္တပဏ္ဏိလိုဏ်နှင့်တစ်ဘက်စီ)တွင် ဆွန်ဘဏ္ဍာဟုခေါ်သော ကျောက်ဂူနှစ်ခုရှိ၏။ဗိမ္ဗိသာရမင်း၏ ရွှေတိုက်တော်ဟု ဆိုကြ၏။ကျောက်တောင်ကို တွင်း၍ထားသောဂူဖြစ်ပြီး ဝင်ပေါက်တစ်ခု ပြုတင်းငယ်တစ်ခု ရှိ၏။အရှေ့ဘက်ဂူမှာ ပြိုကျနေပြီဖြစ်၏။အတွင်း၌ ဂျိန်းဘုရားပုံများနှင့် စာအနည်းငယ် တွေ့ရ၏။

ဂျိန်းဘုန်းကြီးအချို့ နေခဲ့ပုံရ၏။အချို့က ဤဂူသည်ပင် ပထမသံဂါယနာတင်ရာဂူဟု ခန့်မှန်းကြသည်။ရှေ့ဥပစာကွက်လပ်မှာ ကျယ်ပြန့်–ပြန့်ပျူးသဖြင့်မဏ္ဍပ်ဆောက်လုပ်ရန်ဖြစ်နိုင်ကြောင်း ခန့်မှန်းကြခြင်း ဖြစ်သည်။(သုဓမ္မဝတီဗုဒ္ဓဝင်၌ ဤနေရာကို သံဂါယနာတင်ရာဟု ဆို၏။)

## ၁၀။ ရဏ်ဘူမိ

ဆွန်ဘဏ္ဍာမှတောင်ဘက် ၃ ကီလိုမီတာခန့်တွင် ဟိန္ဒူဘာသာဝင်တို့အတွက် အရေးကြီးသည့် ရဏ်ဘူမ်ခေါ် စစ်မြေပြင်နေရာရှိ၏။မဟာဘာရတ၌ထင်ရှား၍ (ရာဇဂြိုဟ်ကို ပထမဆုံးတည်ဆောက်ခဲ့သည်ဆိုသော)ဇရာသန္ဓမင်းကြီးနှင့် ဘိမသေနတို့၏ နှစ်ဦးချင်း ခုနှစ်ရက်တိုင် တိုက်ခိုက်ပြီး ဇရာသန္ဓမင်း

ရှုံးနိမ့်ကာ အသတ်ခံရသည့်နေရာ (စစ်မြေပြင်)ဟု ဆို၏။ ဒေသခံများက ငှင်းနေရာကို သခုရ ဟု ခေါ်ကြ၏။ မြန်မာဆရာတော်များ အယူအဆအရ ထိုနေရာသည် ရာဇဂြိုဟ်သို့ ဗုဒ္ဓမြတ်စွာပထမဆုံး ကြွလာရာ ဗိမ္ဗိသာရမင်းကြီး ကြိုဆိုသည့်(ထန်းတောဥယျာဉ်)နေရာဟု ယူဆကြ၏။

## ၁၁။ မဏိယာမတ်

ဆွန်ဘဏ္ဍာမှအရှေ့ (လမ်းမဘက်)သို့သွားလျှင် အမိုးခေါင်စောက် မတ်သည့် အဆောက်အအုံတစ်ခုကို တွေ့မြင်ရမည်။ပေ ၂၀ ခန့်မြင့်သော အုတ် ခုံပေါ်တွင် အဝိုင်းပုံသဏ္ဌာန် ဂျိန်းဘုရားကျောင်းရှိခဲ့ရာ ယင်းကို မဏိယာ မတ် ဟု ခေါ်ခြင်းဖြစ်သည်။မဏိဟူသောနဂါးကို ပူဇော်ရာဌာနဟု ဆိုလို သည်။အေဒီ-၁၈၆၁-၆၂က မစ္စတာကန်နင်ကမ်သည် အနက်-၂၁-ပေထိ တူးဖေါ်ရှာဖွေရာ ယခုအခါအတွင်း၌ ချိုင့်ဝှမ်းအဖြစ် မြင်တွေ့နေရသေး၏။ တူးဖေါ်စဉ်က လဲလျောင်းနေသော မယ်တော်မာယာပုံနှင့် ဗုဒ္ဓရုပ်တုတစ်ခု နဂါးခေါင်းခုနစ်ခုပါသော ဂျိန်းဘုရား ပါရာ္ဗနာထ၏ ပုံတို့ကို ရရှိခဲ့သည်။ ၁၉၀၅ ခုတွင် အပေါ်ရှိ ဂျိန်းဘုရားကျောင်းကိုဖျက်၍ တူးပြန်ရာ (ယခုတွေ့ ရသော) ချိုင့်ကျင်းထဲမှ ရုပ်လုံးရုပ်ကြွများ ပတ်လည်မွမ်းမံထားသည့် အုတ် ခုံကြီးကို တွေ့ရသည်။ ထိုအုတ်ခုံပတ်လည်၌ ပန်းကုံးစွပ်ထားသော သျှိဝလိင် ပုံ၊ လက်လေးဘက်ရှိ ဗိဿနိုးပုံ၊ နဂါးထီး နဂါးမပုံ၊ မဟာပုံ၊ ကျားရေ ဝတ်၍က နေသောသျှိဝပုံ တို့ကိုတွေ့ရသည်။ (ယခုမထင်ရှားတော့ပေ)လက် ရာမှာ အေဒီ ၅ ရာစု ဂုတ္တခေတ်လက်ရာများဖြစ်သည့်ပြင် နဂါးပူဇော်ရာတွင် သုံးသော အိုးကွဲများတွေ့ရသည် ဆို၏။ ထို့ကြောင့် မဏိယာမတ်၊ မဏိနဂါး ၏ နတ်ကွန်းဟု ခေါ်ကြသည်။

မြန်မာဆရာတော်အချို့က အဇာတသတ်မင်း ခေတ်တော်များ မြုပ်နှံ ဝှက်ထားကာ ခေးစက် လှည့်စက်စသည်များ တပ်ဆင်ထားသည့်နေရာဟု ဆိုကြ သည်။ သို့သော် စာပေ၌လာသော နေရာအကျယ်ဝန်း အတိမ်အနက်တို့ နှင့်မှု မညီညွတ်ပေ။ အချို့ကလည်း ပက္ကုသာတိ ခေတ်တော်တိုက်ဟုလည်း ဆိုကြသေး၏။ အဆောက်အအုံ၏ ပတ်ဝန်းကျင်တွင် စေတီဟောင်းရာလို ထင်ရသည်များနှင့် အဆောက်အအုံဟောင်းနေရာများ တွေ့ရသည်။

## ၁၂။ ဂိဇ္ဈကုဋ်တောင်ခြေမှ ဗိမ္ဗိသာရအကျဉ်းထောင်

မဏိယာမတ်မှတောင်ဘက်သို့ (၁၀)ကီလိုမီတာခန့်သွားလျှင် လမ်း၏ ဝဲဘက်တွင် ကျောက်တုံးများ စီးရိုးအဖြစ် ကာရံထားသော ဗိမ္ဗိသာရ

အကျဉ်းထောင်ကို တွေ့ရပေမည်။ စတုရန်း ပေ ၂၂၀ အကျယ်ရှိသည်။ ဤနေရာမှ လက်ထိပ် ခြေထိပ်အဖြစ် အသုံးပြုခဲ့ဟန်ရှိသောကွင်းများ တွေ့ခဲ့သည်ဆို၏။ မိမ္ဗိသာရသည် အကျဉ်းကျနေစဉ် ဂိဇ္ဈကုဋ် တောင်ပေါ်မှ စင်္ကြံကြွနေသော ဗုဒ္ဓကို ဖူးမျှော်ရင်း လောကဓံကို ကြံ့ကြံ့ ခံခဲ့ရာ နေရာ ဖြစ်၏။ ဤနေရာသည် သား၏ရက်စက်မှုကို ခွင့်လွှတ်နိုင်စွမ်းသည့် ကြီးမားသော ဖခင်မေတ္တာနှင့် လင်သားအပေါ် သစ္စာရှိစွာ ကြင်နာခဲ့သော မိဖုရား၊ လောကီဂုဏ်အတွက် ကမ္ဘာတုန်အောင် ရက်စက်ခဲ့သော အဇာတသတ်တို့၏ ကြေကွဲဖွယ်ရာ ဇာတ်လမ်း၏ အရေးပါသော ဇာတ်ဝင်ခန်းနေရာပင် ဖြစ်၏။

## ၁၃။ ဇီဝကဥယျာဉ်

မိမ္ဗိသာရ အကျဉ်းထောင်နေရာမှ ဂိဇ္ဈကုဋ်သို့သွားရာ လမ်း၏ဝဲဘက်တွင် ဇီဝကသရက်ဥယျာဉ် နေရာရှိ၏။ လမ်း၏ယာဘက်တွင်လည်း အဆောက်အအုံဟောင်းနေရာများ တွေ့ရ၏။ ဇီဝကသည် ကျောင်းဆောက်၍ ဤဥယျာဉ်နေရာကို လှူဒါန်းခဲ့၏။ ဤဥယျာဉ်၌ ဗုဒ္ဓသီတင်းသုံးတော်မူစဉ် အဖေကိုသတ်ပြီး၍ ညစဉ်အိပ်မပျော်နိုင်ခဲ့သော သွေးလန့်နေသူ အဇာတသတ်သည် တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းဝယ် ဇီဝက၏ ဦးဆောင်မှုဖြင့် ဗုဒ္ဓထံ ချဉ်းကပ်ခါ သာမညဖလသုတ္တန်ကို နာကြားရပြီးနောက် ဗုဒ္ဓဘာသာဝင် ဥပါသကာအဖြစ် ရောက်ခဲ့၏။ ဤနေရာသည် အဇာတသတ်၏ သမိုင်းကြောင်းကို ပြောင်းလဲစေကာ အဖေသတ်သူအဖြစ် ထင်ရှားနေရာမှ ပထမသံဂါယနာတင် သာသနာပြုဘုရင်တစ်ပါးအဖြစ် ရောက်စေခဲ့ရာ နေရာဟုဆိုလျှင်လည်း မမှားနိုင်းပါပေ။

## ၁၄။ မဒ္ဒကုစ္ဆိ

ဇီဝကဥယျာဉ်မှ ဂိဇ္ဈကုဋ်တောင်သို့ လမ်းအတိုင်း တတ်သွားလျှင် မဒ္ဒကုစ္ဆိကျောင်းနေရာများ တွေ့ရ၏။ မဒ္ဒကုစ္ဆိဟူသည်မှာ အဇာတသတ်သန္ဓေရစဉ်က ဝေဒေဟီ မိဖုရားသည် အနှိပ်သည်ဖြင့် ကိုယ်ဝန်ပျက်ကျစေရန်ကြိုးစားသည့် နေရာဖြစ်၏။ နောင် ကျောင်းဆောက်၍ ဗုဒ္ဓသီတင်းသုံးခဲ့၏၊ ဒေဝဒတ် ကျောက်မောင်းဆင့်လှိမ့်ချခဲ့ရာ ဤနေရာအနီး၌ ဗုဒ္ဓ၏ ခြေမတော်ကို ကျောက်စမှန်သဖြင့် သွေးခြေ(ကြည်) ဥသောကြောင့် မဒ္ဒကုစ္ဆိကျောင်း၌နေပြီးမှ ဇီဝကဥယျာဉ်ကျောင်းသို့ ပင့်ရသည်။ ဤနေရာသည် ဗုဒ္ဓမြတ်စွာအား အသက်အန္တရာယ်ကို မပေးနိုင်ကြောင်း အာဝေဏိကဂုဏ်တော်၏ သက်သေပြ နေရာပင်ဖြစ်သည်။

## ၁၅၊ စေတီရာနှစ်ခု

ရှေ့သို့ဆက်တက်လျှင် ပထမ စေတီရာတစ်ခုသည် မိမ္ဗိသာရ ဂိဇ္ဈကုဋ်တောင်သို့ တက်ရောက် ဘုရားဖူးရာတွင် ရထားမှဆင်းသက်၍ ခြေလျင်သွား

ရာ နေရာဖြစ်၍၊ ဒုတိယစေတီရာမှာ သန်လျက် သရဖူစသည့် မင်းမြောက်တန်ဆာများကို ကိုယ်ရံတော်ဗိုလ်မှူးထံ အပ်နှံရာ အထိမ်းအမှတ်နေရာများဟု ဟူယင်ဆန်က ဆိုခဲ့၏။

## ၁၆။ အာနန္ဒာဂူ

ဆက်၍တက်သွားလျှင် မြောင်းငယ်တစ်ခုကို ကူးဖြတ်သည့် တံတားအား ကျော်ပြီးနောက် တောင်ထိပ်သို့မရောက်မီ ယာဘက်ရှိနေရာတွင် ဂူငယ်တစ်ခုရှိသည်။ ၎င်းသည် မြတ်ဗုဒ္ဓ ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးစဉ် ရှင်အာနန္ဒာ သီတင်းသုံးရာဂူဟု ဆိုကြသည်။

## ၁၇။ တောင်ထိပ်ကျောင်းတော်ရာ

တောင်ထိပ်၌ အုတ်တိုက်ပျက်တစ်ခုရှိကာ ယင်းသည် ဗုဒ္ဓမြတ်စွာ နှစ်သက်တော်မူသည့် ကျောင်းတော်နေရာပင် ဖြစ်သည်။ ၎င်းနေရာမှ ရာဇဂြိုဟ် မြို့ဟောင်းသို့ လှမ်းကြည့်လျှင် အားလုံးကိုစီး၍ မြင်နေရသည်။ ဗိမ္ဗိသာရ၏ အကျဉ်းထောင်နေရာကိုလည်း မြင်ရသည်။

## ၁၈။ ဝိရှသျှန္တိ ဂျပန်စေတီ

ဂိဇ္ဈကုဋ်တောင်၏လက်ဝဲ (မြောက်ဘက်) ဂိဇ္ဈကုဋ်တောင်ထက် မြင့်သော ရတနာဂိရိတောင်ထိပ်တွင် ဂျပန်နိုင်ငံမှ အရှင်ဖိဂျီးတည်သော ငြိမ်းချမ်းရေး စေတီကို အဝေးမှပင် ဖူးမျှော်နိုင်လေသည်။ သာသနာ ၂၅၀၀–ပြည့်တွင် ဟီးရိုးရှီးမားနှင့် နဂါစကီးတို့၏ အနုမြူဗုံးဒဏ်ခံရခြင်းကို သံဝေဂယူ၍ ကမ္ဘာ့ ငြိမ်းချမ်းရေး အထိမ်းအမှတ်အဖြစ် ရူပီး–၂၂ သိန်း အကုန်ခံ တည်ဆောက်ခဲ့သည်။ စေတီ၏ယာ (ဂိဇ္ဈကုဋ်တောင်) ဘက်တွင် ဂျပန်ကျောင်းနှင့် ပန်းခြံများရှိသည်။ ၎င်းနေရာမှ ဂိဇ္ဈကုဋ်တောင်ထိပ်ကို စီး၍မြင်ရသည်။ ဂျပန်စည်သံနှင့် ဘုရားရှိခိုးသံများဖြင့် ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းလှသည်။

### စေတီသို့စက်လှေကား

စေတီသို့ တောင်ခြေမှပင် စက်လှေကားတပ်ဆင်ထား၍ ယှဉ်ကူစွာ တက်ရောက်နိုင်သည်။ ထိုတောင်မှတစ်ဆင့် ဂိဇ္ဈကုဋ်တောင်သို့လည်း ပြန်ဆင်းနိုင်သည်။ ခြေလျင်သွားလျှင်လည်းဂိဇ္ဈကုဋ်မှ ပြန်ဆင်းကာ ဒုတိယစေတီ နေရာမှ တက်လျှင်လည်း ရောက်သည်။



ဆွန်ဘဏ္ဍာခေါ် - ရာဇဂြိုဟ်ရှိရွှေတိုက်တော်



ရာဇဂြိုဟ်ရှိ ဓာတ်တော်များ ဌာပနာခဲ့ရာ စေတီရာ



ရာဇဂြိုဟ် မြန်မာကျောင်းရှေ့ရှိ အဇာတသတ်မင်း၏ နန်းတော်သစ်နေရာ

ရာဇဂြိုဟ်ဆေရှုဝန် ဥယျာဉ်အတွင်းရှိ ရေကန်နေရာ







ရာဇဂြိုဟ်  ဂိဇ္ဈကုဋ်တောင်တွင်ရှိသော ကျောက်တုံးကြီးများ

ရာဇဂြိုဟ်ဂိဇ္ဈကုဋ်တောင်သို့ တက်ရာလမ်းရှိ အဇာတသတ် မဈေးမိ မယ်တော်ကိုယ်ဝန်ကျစေရန် အနှိပ်သယ်ဖြင့် နှိပ်ချသည့်နေရာ အထိမ်းအမှတ်







ရတနာဂီရိတောင်ထိပ်ရှိဂျပန်ပြည်၏ဒါန ဝိရှသျှန္တိ(ကမ္ဘာအေး)စေတီ



ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ ဘုရားရှင်သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်



ဂျပန် ကမ္ဘာအေးဘုရားတည်ရှိရာ ရတနာဂိရိတောင် အဆင်းလမ်းမှ
ဂိဇ္ဈကုဋ်တောင်•မြတ်စွာဘုရားကျောင်းတော်ရာ ရှုခင်း

ာဓကြိုဟ် ဂိဇ္ဈကုဋ် တောင်ခြေရှိ ဆရာဇီဝက၏ သရက်ဥယျာဉ်တွင်းရှိ
ကျောင်းတော်နေရာ

၁၁၀



ဂိဇ္ဈကုဋ်တောင်တက်သည့် ခြေလျှင်လမ်း

ဤလမ်းကို ဗိမ္ဗိသာရက စတင်ဖေါက်လုပ်ခဲ့၍ အသောကမင်းမှ တစ်ဖန်ပြုပြင်ခဲ့သည်ဟူ၏။

၁၉။ ပဏ္ဍဝတောင်ခြေမှ လှည်းဘီးရာ

မြို့ဟောင်း၏တောင် (ဂယာ) ဘက်သို့ ကားလမ်းအတိုင်းသွားလျှင် လမ်းဘေးအကွေ့ဘက်၌ အုတ်တံတိုင်း ခတ်ထားသော နေရာတစ်ခုရှိ၏။ ယင်းနေရာ၌ ကျောက်သားပြင်တွင် ၆ လက်မမှ ၈ လက်မခန့်ထိ နက်ရှိုင်းစွာ ထင်ရှားသော လှည်းဘီးရာကြီးများရှိ၏။ ကျောက်သားများပေါ်တွင် (ယခုထိ မဖတ်ရှုနိုင်သေးသော) စာအချို့ရှိကာ အေဒီ ၅ ရာစု ခေတ်လောက်က ဖြစ်ကြောင်း ခန့်မှန်းကြ၏။ ၎င်းနေရာကို မြန်မာဆရာတော်အချို့က ဘုရားလောင်း တောထွက်ကာစ ရဟန်းအသွင်ဖြင့် ရာဇဂြိုဟ်သို့ ရှေ့ဦးစွာရောက်စဉ်က ဗိမ္ဗိသာရနှင့် မြို့သားအများအပြား လာရောက်တွေ့ဆုံသည့်နေရာဟု ပြောစမှတ်ပြုကြ၏။ တောထွက်ကာစ ဆွမ်းဘုဉ်းပေးသည့် နေရာဟုလည်း ဆိုကြ၏။

၂၀။ တောင်ပေါ်မှ မြို့ရိုးဟောင်း

တောင်ဘက်အထွက် တောင်ပေါ်တွင် ကျောက်စီမြို့ရိုးဟောင်းကြီးကို တွေ့ရ၏။ ရာဇဂြိုဟ်မြို့ဟောင်း၏ တံတိုင်းဟောင်းဖြစ်ပြီး ဇရာသန္ဓမင်းက စတင်ဆောက်လုပ်ခဲ့သောဟူ၏။ ၁၂ ပေခန့်မြင့်ပြီး အလျားကီလိုမီတာ ၅၀ ခန့် ရှိပေမည်။ ကြီးမားသော ကျောက်တုံးကြီးများဖြင့် ပြုလုပ်ထားသည်။

၂၁။ ဝေပုလတောင်ခြေမှ ဒေဝဒတ်၏ ကျောက်ဂူ

ဝေပုလတောင်ခြေ (ကားလမ်း၏ဝဲဘက်)တွင် ကျောက်ဂူတစ်ခုရှိရာ ယင်းသည် ဒေဝဒတ်၏ ကျောက်ဂူဖြစ်သည်ဆို၏။ ဒေဝဒတ်သည် ဤရာဇဂြိုဟ်တွင်ပင် ဗုဒ္ဓမြတ်စွာအား ဂိုဏ်းခွဲ၍ ဘုရားသစ်အဖြစ် ဘွဲ့ထူးခံခဲ့စဉ် ဤနေရာတွင် နေခဲ့သည်ဟု ဆိုကြ၏။ အချို့ကလည်း ဒေဝဒတ်သည် ဤနေရာတွင် လောကီဈာန်ရခဲ့သည်ဆို၏။

၂၂။ သတ္တပဏ္ဏိ စေတီ

ဤစေတီနေရာတွင် ပထမ သံဂါယနာတင်သည်ဟု ယူဆကြသေးသည်။

၂၃။ တပေါဒါရာမကျောင်း

ရာဇဂြိုဟ် ဗုဒ္ဓလက်ထက် ကျောင်းတော်ကြီး ၁၈ ခုအနက် တစ်ခုဖြစ်သည်။

# ရာဇဂြိုဟ်၏ ဖြစ်ရပ်နှင့် သက္ကရာဇ်များ

| | |
|---|---|
| ဘီစီ ၂၃၆၁(ခန့်) | ဘန္ဓုဒရထမင်း စတင်တည်ထောင်၍ မင်းနေပြည်ဖြစ်။ |
| 〃 ၂၀၀၁ | ဇရသန္ဓမင်းကြီး ဆက်လက်မင်းနေပြည်ဖြစ်။ |
| 〃 ၆၀၂ | ဗိမ္ဗိသာရမင်း မင်းနေပြည်။ |
| 〃 ၅၉၄ | ဗုဒ္ဓတောထွက်ခါစ ရဟန်းအဖြစ်နှင့်ရောက်၍ ပဏ္ဍဝ တောင်ခြေတွင် ဗိမ္ဗိသာရနှင့်တွေ့၍ ပင့်ဖိတ်။ |
| 〃 ၅၂၇(သို့)၅၅၇ ၅၂၆ | ဗုဒ္ဓ ရာဇဂြိုဟ်သို့ ပထမဆုံးကြွရောက် ဝေဠုဝန် ဥယျာဉ်ကို ကျောင်းတော်အဖြစ် လှူဒါန်း၍ ပထမဆုံး ကျောင်းတော်ဖြစ်။ |
| ၅၂၅ | ရေစက်ချစဉ် မြေလျှင်လှုပ်။ |
| 〃 ၅၄၆–၉ | ဒေဝဒတ်စင်ပြိုင် ဗုဒ္ဓအဖြစ် ဂိုဏ်းခွဲတောင်။ |
| 〃 ၅၄၇ | ဗိမ္ဗိသာရအား အဇာတသတ်ကွပ်မျက်။ |
| 〃 ၅၄၇–၆ | အဇာတသတ် ဗုဒ္ဓ၏တပည့်အဖြစ်ရောက်။ |
| 〃 ၅၁၇ | ဗုဒ္ဓဓာတ်တော်များကို စေတီတည်ထား။ |
| 〃 ၅၁၇ | ပထမသံဂါယနာတင် (ထေရဝါဒ သာသနာကိုစတင်၍ တည်ထောင်ခြင်းကို ဆိုနိုင်သည်။) |
| အေဒီ ၁၀၆၁ | ကာနင်ဂန် စ တင် တူးဖေါ်။ |
| 〃 ၁၉၅၆ | သာသနာ ၂၅၀၀ အထိမ်းအမှတ် ဂျပန် ငြိမ်းချမ်းရေး စေတီတည်။ |


N
W
E
S
VIPULAGIRI
1063'
RATANAGIRI
CHHATA
GIRI
UDAYA HILL
724
SONA HILL
641'

# ဗုဒ္ဓသာသနိကမြေပုံတော်

အလျားယူဇနာ ၃၀၀-အနံယူဇနာ ၂၅၀-အဝန်းယူဇနာ ၉၀၀ ဟို မဇ္ဈိမဒေသနယ်ပယ် (သီးခြားဖော်ပြချက်)



# မဇ္ဈိမဒေသ-ဗုဒ္ဓဂါယာဘုရားဖူးဘယ်လိုသွားမလဲ

အကယ်၍ ဤစာစောင်ကို ဖတ်ရှုရသူတစ်ဦးသည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသခေါ် ဗုဒ္ဓပွင့်ရာ ဘုရားဌာနများသို့ ဘုရားဖူး လေ့လာရေး သွားလိုသည့် ဆန္ဒပေါ်လာသည်ဆိုအံ့....အောက်ပါ ခရီးစဉ်အတိုင်း သွားနိုင်ကြ ပေသည်။ မိမိတို့သိရှိပြီးသူများ အဖို့မူ မလိုအပ်ပေ။ထို့ပြင် မြန်မာနိုင်ငံမှ သာသနာရေးဦးစီးဌာနနှင့် တိုးရပ်စ်ဘားမား အစီအစဉ်ဖြင့် သွားလာသူများအဖို့လည်း ဤခရီးစဉ်သည် မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော် သိရှိပြီးသူများအနေနှင့်လည်း သွားတတ်ပေပြီ။ ဌာနဆိုင်ရာအစီအစဉ်ဖြင့် လာသူများအဖို့လည်း လေယာဉ်ပေါ်မှ လေယာဉ်ပေါ်အထိ သွားလာရေး စားသောက်နေထိုင်ရေး တည်းခိုရန်နှင့် လှူဒါန်းရန်စသည်တို့ကိုပါ အစစစီစဉ် ပေးထားသောကြောင့် ဤခရီးစဉ် မလိုအပ်ခြင်း ဖြစ်ပေသည်။ ယင်းပုဂ္ဂိုလ်များ အဖို့ ခရီးအတွက် စဉ်းစားစီစဉ်ရန်မလိုပေ၊အခြားကိစ္စများသာ ဆောင်ရွက်ရန် လိုပေသည်။

အကယ်၍ အကြောင်း အမျိုးမျိုးကြောင့်ဖြစ်စေ ပြည်ပနိုင်ငံများ တွင် အမှုထမ်းနေရာမှဖြစ်စေ အကြောင်း အမျိုးမျိုးနှင့် ပြည်ပသို့လည်းကောင်း အိန္ဒိယသို့လည်းကောင်း ရောက်တုန်းရောက်ခိုက် ဗုဒ္ဓဘာသာတို့၏ အာသာဆန္ဒ အလိုအရ ဘုရားဖူးလိုသူများအဖို့ ခရီးစီအစဉ်နှင့် သွားလာတည်းခိုရန် အတွက် အောက်ပါအစီအစဉ်ကို ဖော်ပြလိုက်ပါသည်။

**ကာလကတ္တားမှသွားနည်း။**

အကယ်၍ကာလကတ္တားသို့ လေယာဉ်ဖြင့်ရောက်ရှိလျှင် ကာလကတ္တားတွင် (မြန်မာကျောင်း)ရှိပေသည်။ (မြန်မာကျောင်းတိုင်း၏ လိပ်စာများကို သီးခြား ဖော်ပြထားပါသည်)။ ယင်းလိပ်စာဖြင့်ဖြစ်စေ လေဆိပ်မှဖုန်းဆက် မေးမြန်း၍ဖြစ်စေ သွားရောက်နိုင်သည်။ လေဆိပ်၏ သယ်/ပို့ လေဆိပ်ဘတ်စ်ဖြင့်(မေးမြန်း)စီးလျှင်ကောလိပ်အေးရှ်ရှေ့တွင် ဆင်း၍ လမ်း၏ယာဘက်တွင် (ကြက်လျှာစွန်း)လမ်းဆုံတွင် ဝဲဘက်လမ်း၏တိုက်အဆောက်အအုံ ၃ခုမြောက်သည် မြန်မာကျောင်းပင် ဖြစ်သည်။ ဆိုင်၊ဘုတ်လည်းရှိသည်။ ရှေ့တွင် မြင်းလှည်းဂိတ်+လံချားဂိတ်ရှိသည်။ (ကာလကတ္တားမြေပုံကြည့်ပါ။ )

တက္ကစီဖြင့်သွားလိုလျှင် လေဆိပ်ရှိရဲကို လိပ်စာပြကာ အကူအညီတောင်း၍သာ သွားသင့်သည်။ တစ်ဦး နှစ်ဦးထဲ ဖြစ်လျှင် ဖြစ်စေ အချိန်မဲ့လျှင် ဖြစ်စေ တက္ကစီမစီးသင့်ပေ။ (တက္ကစီခမှာ ၂-၅၃၀ ရူပီးခန့်ဖြစ်သည်။) အခက်အခဲရှိလျှင် ဖုန်းဆက်အကြောင်းကြားပါက ဆရာတော်အနေဖြင့် သင့်သလို စီစဉ်ပေးပေလိမ့်မည်။ ကာလကတ္တား မြန်မာကျောင်းရောက်လျှင် ဆရာတော်အား မေးမြန်း၍ ဂါယာသို့ဖြစ်စေ ဗာရာဏသီသို့ဖြစ်စေ မီးရထားဖြင့် ခရီးဆက်နိုင်သည်။

ကာလကတ္တားမှလာလျှင် ပထမဂါယာသို့ရောက်ပြီး ဒုတိယ ဗာရာဏသီသို့ရောက်ပေမည်။ ဂါယာဘူတာဆင်းကာ (ဗုဒ္ဓဂါယာ—သတ္တဌာန) ဖူးမျှော်ပြီးမှ ဗာရာဏသီ မိဂဒါဝုန်ကိုဖြစ်စေ+ဗာရာဏသီ မိဂဒါဝုန်ဖူးပြီးမှ ဗုဒ္ဓဂါယာသို့ဖြစ်စေ သွားလာနိုင်ပေသည်။ ထို့ကြောင့် မိမိတို့အဆင်ပြေသလို သွားနိုင်ကြ၍ အဆင်ပြေသောခရီးသာ ဖြစ်ပေသည်။

အကယ်၍ မိသားစု ၄–၅ဦးဖြစ်လျှင်မူ မီးရထားဖြင့်သွားလျှင် ခရီးအတန်တန်ဖြစ်ကာ ပင်ပန်းဆင်းရဲပေသည်။ (ယနေ့ခေတ်သည် ရှေးခေတ်နှင့် အစစအရာရာမတူသည်ကို သတိပြုသင့်သည်။) ထို့ကြောင့် ကာလကတ္တားဆရာတော်အား မေးမြန်းလျှောက်ကြား စီစဉ်ပေးရန်တောင်းပန်ကာဆလွန်းကား တက္ကစီဖြင့်ဘုရားဖူးတစ်ပတ်လုံးငှားယူနိုင်သည်။ ၎င်းခရီးသည်သက်သာပေမည်။ ဈေးနှုန်းမှာ (၈၄–ခုဈေးနှုန်း) ၁-ကီလိုမီတာ၊ ၁–၅၀ ရူပီနှုန်းဖြစ်၍ ညအိပ်ခ တစ်ည-၅၀ ရူပီးပေးရသည်။ ဘုရားဖူးတစ်ပတ်မှာ ကာလကတ္တားမှ ကာလကတ္တားသို့ ကီလိုမီတာ ၂၂၀၀ ခန့်ရှိသည်။ မီးရထားစသည်ဖြင့် အတန်တန်သွားလျှင် အဆင့်ဆင့်ဖြစ်ခြင်းကြောင့် ခရီးခက်ခဲ စိတ်ဆင်းရဲစရာများ ကြုံရပြီး ငွေကုန်ကြေးကျလည်း ပိုမိုများတတ်သည်။ အနည်းဆုံး ဆတူလောက်တော့ ကုန်ပေလိမ့်မည်။ စိတ်ဆင်းရဲ လူပင်ပန်းဖြစ်ရပေမည်။

**ဗုဒ္ဓဂါယာသို့။**

ကာလကတ္တားမှဖြစ်စေ ဗာရာဏသီမှဖြစ်စေ ဂါယာဘူတာသို့ ရထားစီးရသည်။ ကာလကတ္တားမှ ည ၇ နာရီ၊ ၈ နာရီ၊ ၉ နာရီတို့တွင် ရထားရှိ၍ အင်္ဂါ ဗုဒ္ဓဟူး စနေနံနက် ၈ နာရီတွင် အေ—စီရထားရှိသည်။ နိုင်ငံကူးလက်မှတ်ဖြင့် လက်မှတ်ကြိုတင်ဝယ်ယူသော တိုးရစ်စ် နေရာတွင် ရနိုင်သည်။

ညရထားများသည် ဂါယာသို့ နံနက်စောစော ၆ နာရီခန့် ရောက်၍ နံနက်ရထားသည် ည ၆ နာရီခန့် ရောက်တတ်သည်။ ဂါယာဘူတာရောက်လျှင် ရိုးရှောခေါ် ဆိုက္ကားဖြင့်(ကချဲဟရီ ကချေရီ)ခေါ် ကရားရုံးဟုလည်းကောင်း၊

မောဒ်ဂါယာကားဂိတ်ဟု လည်းကောင်း ပြောကာစီးပြီး ဗုဒ္ဓဂါယာဂိတ်သို့ သွားရသည်။ ဈေးနှုန်းမှာ ၁–၅၀ရူပီး(သို့)၂–ရူပီးခန့် ပေးရသည်။

ယင်းကချေရိရောက်လျှင်တင်ပေါ်လ်ခေါ် ၃ ဘီးဂိတ်ရှိသည်။ ၃ဘီးဖြင့်ဖြစ်စေ ဘတ်စ်ကားဖြင့်ဖြစ်စေ မြင်းလှည်း–လံချား–ဆိုက္ကားကြိုက်ရာ စီးနိုင်သည်။ ၃–ဘီးမှာ ၁၅°/၂၀°ခန့်ပေးရသည်။ ၃-ဘီး ပါဆင်ဂျာ ၂°/၅၀၊ ဆိုက္ကား ၄°ခန့်ပေးရသည်။ ဗုဒ္ဓဂါယာတွင်လည်း မြန်မာကျောင်းရှိသည်။ မိမိစီးသောယာဉ်အား ပြောလျှင် မြန်မာကျောင်းရှေ့တွင် ချပေးသည်။ (ဘားမိစ်ဝိဟာ)ဆိုလျှင် လူသိများ၍ ထင်ရှားသည်။ မြန်မာကျောင်းရောက်လျှင် ဆရာတော်အား လျှောက်၍ လိုအပ်သည်များကို ကူညီစီစဉ်ပေးပါလိမ့်မည်။

ဗာရာဏသီသို့

ဗာရာဏသီသည် မြို့ကြီးဖြစ်ပြီး ဗုဒ္ဓတရားဦးဟောရာ မိဂဒါဝုန်ခေါ် ဆာရ်နာတ်မှာ ၁၂ ကီလိုမီတာခန့်ဝေးသဖြင့် ဗာရာဏသီမှ တစ်ဆင့် သွားရသည်။ ဗာရာဏသီသို့ ကာလကတ္တားမှဖြစ်စေ၊ ဂါယာမှဖြစ်စေ၊ နယူးဒေလီဘက်မှဖြစ်စေ မည်သည့်နေရာက လာလာ ရောက်သည်သာဖြစ်သည်။ ဗာရာဏသီဘူတာကြီးရောက်လျှင် အနီးဆုံးမှာ (စာရေးသူနေထိုင်ရာ)မြန်မာကျောင်းသစ်ပင်ဖြစ်သည်။ ဘူတာနှင့် ၁ ဖာလုံခန့်သာဝေးကာ ခြေလှမ်း ၃ ထောင်ခန့်သာ လျှောက်ရသည်။ ဤကျောင်းသို့ ခြေလျင်သော်လည်းကောင်း၊ ဆိုက္ကားဖြင့်လည်းကောင်း လွယ်ကူစွာလာနိုင်သည် (သို့သော် ဆိုက္ကားသမားများသည် သူတို့ကော်မရှင်ရသော ဟော်တယ်များသို့ ခေါ်သွားတတ်သည် ဘားရ်မိစ်တင်းပဲလ်မှာ ပိတ်ထားကြောင်းစသည် ပြောတတ်သည်။)ထို့ကြောင့် သေချာစွာပြောသင့်သည်။ (ဗာရာဏသီမြေပုံကြည့်ပါ)ဘူတာမှထွက်လျှင် လမ်းကြီးတစ်ခုဖြတ်နေသည်ကို တွေ့ရမည်။ ယင်းလမ်းကြီး၏ဝဲဘက်သို့(မြောက်ဘက်)အတိုင်းလျှောက်ရသည်။ ဘူတာ၏ မီးရထားဝင်းနယ်မြေဆုံးလျှင် (သို့)ပလက်ဖောင်းထိပ်တွင် ဟိန္ဒူဘုရားကျောင်းငယ်လေးတစ်ခု တွေ့ရမည်။ ယင်း၏မျက်စောင်းထိုးခန့်လောက် (လမ်း၏တစ်ဘက်)တွင် ဓာတ်ဆီဆိုင်တစ်ခုကို ဆိုင်းဘုတ်နီအဝိုင်းအမှတ်အသားနှင့် တွေ့ရမည်။ ဓာတ်ဆီဆိုင်ရှေ့တွင် ဘတ်စ်ကားဂိတ် ဆိုက္ကားဂိတ်တွေ့ရမည်။ ဓာတ်ဆီဆိုင်ဘေး (ယာဘက်)တွင် လမ်း(ကတ္တရာခင်းထားသောကားလမ်းပင်) တစ်ခုတွေ့ရမည်။ ယင်းလမ်း၏တစ်ဘက်(ဓာတ်ဆီဆိုင်နှင့်တစ်ဘက်စီ)တွင် အစိုးရဘတ်စ်ကားဂိတ်ကြီးရှိသည်။ ကုလားသံဖြင့် ရိုးဒ်ဗိစ်ဟု ခေါ်သည်။ ယူပီ ပြည်နယ်တစ်ခုလုံးသို့ ထွက်သော ကားဂိတ်ကြီးဖြစ်၍ လူတိုင်းသိကြသည်။ ဓာတ်ဆီဆိုင်နှင့် ယင်းဘတ်စ်စတေးရှင်ကြီးကြားမှ လမ်းအတိုင်းဝင်လျှင် ဘတ်စ်စတေးရှင်အဆောက်အအုံဆုံးသည်နှင့် လမ်း၏ယာဘက်

တွင် (မြန်မာကျောင်း)ဟူသော ဆိုင်းဘုတ်ကိုတွေ့ရလျှင် ကျောင်းသို့ရောက်ပြီသာဖြစ်သည်။ အကယ်၍ဆိုက္ကားစီးလျှင် တစ်ကျပ်ဖြစ်သော်လည်း ၅ ကျပ်ခန့်တောင်းမည်။ ၂ ကျပ်ခန့်ပေးလျှင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်သည်။ အထုပ်အပိုးနည်းလျှင် (အဆိုပါအတိုင်း)လမ်းလျှောက်လျှင် ရောက်ပေမည်။ ကျောင်းရောက်လျှင် ဆာရ်နာတ်သို့လည်းကောင်း၊ အခြားနေရာများသွားရန်လည်းကောင်း ကူညီစီစဉ်ပေးကြပေမည်။

**ဒေလီမှသွားနည်း**

ဒေလီဘက်မှလာလျှင် ဗာရာဏသီသို့ဖြစ်စေ ဂါယာသို့ဖြစ်စေ တိုက်ရိုက်သွားနိုင်ပြီး ရောက်လျှင် အဆင်ပြေသလို ခရီးလှည့်နိုင်ပေသည်။

**ကုသိနာရုံနှင့်လုမ္ဗိနီသို့**

ကုသိနာရုံသို့ သွားလိုသူများအဖို့မူ ဗာရာဏသီမှပင်သွားရမည်။ ဗာရာဏသီ(မိမိနေရာကျောင်းရှေ့) အစိုးရဘတ်စ်ကားဂိတ်နှင့် ပုဂ္ဂလိကကားဂိတ်မှဘတ်စ်များဖြင့် သွားနိုင်ပေသည်။ ကုသိနာရုံခရီးမှာ အဆိုပါဘတ်စ်ဂိတ်မှဂေါရခပ္ပူရ်မြို့သို့ ဘတ်စ်ကားစီး၊ ၎င်းမှတစ်ဆင့် ကာစိယာသွားမည့်ကားကိုဆက်စီး၍လည်းကောင်း၊ ကာစိယာကားကို ကုသျှိနဂါးရ်ဟုပြောလျှင် ၎င်းရွာ၏ထိပ်တွင်ချပေးမည်။ တိုက်ရိုက်ရောက်သည့်ဘတ်စ်ကားကို ဗာရာဏသီမှပင် စီးသွားလျှင်မူ ပူရန်မလိုတော့ပေ။ ကုသျှိနဂါရ်ရွာရောက်လျှင်မူ ကားလမ်းမမှ ဘုရားရှိရာသို့ ပတ်သွားသော ကားလမ်းတစ်ခုရှိရာ တောက်လျှောက်သွားရန်ပင် ဖြစ်သည်။ မဝေးလှပေ၊ မေး၍လည်းရသည်။ ၅ မိနစ်ခန့်လမ်းလျှောက်လျှင်လည်းရောက်သည်။ ပထမ တရုတ်ကျောင်းကိုမြင်ရပြီး ၎င်း၏နောက်တွင် မြန်မာကျောင်းကို လှမ်းမြင်ရသည်။ ယင်းသို့ရောက်လျှင် ဆရာတော်က ကူညီစီစဉ်ပေးမည်။

လုမ္ဗိနီသို့သွားရန်မှာ ကုသိနာရုံမှပင် ဆက်သွားရသည်။ ကုသိနာရုံဘုန်းကြီးသည် ဤကိစ္စအတွက် လုပ်နေကျအလုပ်သာဖြစ်၍ ကူညီနိုင်ပြီး သူ့ကျောင်းရောက်လျှင်မူ ပူရန်မရှိပေ။ သူစီစဉ်ပေးပေမည်။ လုမ္ဗိနီသည်နီပေါလ်နိုင်ငံတွင်ဖြစ်၍ အိန္ဒိယနှင့်တိုင်းပြည်ချင်း ခြားနားသောကြောင့် (ခေတ်မီထုံးစံအတိုင်း) နီပေါလ်ပြည်ဝင် ဗီဇာနှင့် အိန္ဒိယဗီဇာမှာ နှစ်ကြိမ်(သို့)သုံးကြိမ်ဝင်ခွင့်ပါရန်လိုအပ်သည်။ သို့မဟုတ်လျှင် အခက်အခဲရှိတတ်သည်။ ခေတ်သည် တဖြည်းဖြည်းမြေရာကျဉ်းလာသဖြင့် စည်းကမ်းများသည်လည်း တဖြည်းဖြည်းကျဉ်းကြပ်လာသည်မှာ ကမ္ဘာ့ဓမ္မတာပင်ဖြစ်ကြောင်း ကမ္ဘာသို့ခရီးသွားသူများအနေဖြင့်သဘောပေါက်သင့်ကြပေသည်။

## သာဝတ္ထိသို့

သာဝတ္ထိပြည်မှန်နှင့် ဇေတဝန်သို့သွားလိုလျှင် လမ်းနှစ်သွယ်ရှိ သည်။ ပထမလမ်းမှာ၊ လုမ္ဗိနီမှအပြန်ဝင်လိုလျှင် ဂေါရခ်ပူရမြို့မှဖြစ်စေ နောင် ဂါးရ်မှဖြစ်စေ မီးရထားဖြင့် ဗာလ်ရာမ်ပူရ်ဘူတာသို့ စီးရသည်။ ဒုတိယလမ်းမှာ ဗာရာဏသီမှသွားလျှင်မူ မိမိနေထိုင်ရာကျောင်းရှေ့ ဘတ်စ်ကားဂိတ်မှပင် ဗာလ် ရာမ်ပူရ်မြို့သို့ တိုက်ရိုက်ဘတ်စ်ကားရှိသည်။ ဗာလ်ရာမ်ပူရ်သို့ မီးရထားဖြင့်ဖြစ်စေ ဘတ်စ်ကားဖြင့်ဖြစ်စေ ရောက်လျှင်ပင် (မြန်မာကျောင်း) ရှိသည်။ (ဘုန်းကြီး တော့မရှိတော့ပေ)။ စောင့်ရှောက်နေသောအမျိုးသမီးရှိပြီး တည်ခိုနိုင်ပေ သည်။ မြန်မာစကားတော့ မတတ်ပေ။ ၎င်းအားပြောလျှင် သာဝတ္ထိသို့လမ်း ညွှန်နိုင်ပေသည်။ ဗာလ်ရမ်ပူရ်ရောက်လျှင် ဆဟဲက်မဟဲက်သွားရန် ကားကိုမေး လျှင် အလွယ်တကူ သိနိုင်ပေသည်။ ကားဖြင့်သွားလျှင် သာဝတ္ထိသို့ တိုက်ရိုက် မရောက်ပေ။ လမ်းထိပ်တွင် ချပေးပေမည်။ ဗာလ်ရာမ်ပူရ်မှ ဆဟဲက်မဟဲက်ခေါ် သာဝတ္ထိသို့ ၁၇ ကီလိုမီတာဝေးသဖြင့် ၁၅ ကီလိုမီတာခန့် အရောက်တွင် လမ်းဝဲဘက်၌ စေတီပျက်ယောင်တောင်ကုန်းမို့မို့တစ်ခုကို ကွင်းပြင်ဝယ် ထီးမားစွာ တွေ့ရမည်။ ယင်းသည် သရက်ဖြူပင်နေရာဖြစ်သည်။ ယင်း၏ အရှေ့ ၂ ကီလိုခန့်တွင် ထိုင်းလင်းကျောင်း ဂျပန်ခေါင်းလောင်းကြီးများ တွေ့ရလျှင် ယင်းသည် သာဝတ္ထိလမ်းဆုံ ရောက်ပြီဖြစ်သည်။ ယင်းနေရာမှ ဆင်း၍ ၂ ကီလိုမီတာခန့် ဆက်သွားလျှင် ဇေတဝန်ကျောင်းဝင်းကို ထိပ် တိုက်တိုးတော့သည်။ ဆိုက္ကားစသည် စီးစရာမရှိပေ။ ယင်းတွင်လည်း မြန်မာ ကျောင်းရှိသေးသည်။ (ဘုန်းကြီးတော့မရှိပေ။) ကလျာဏ်ဆင်းနှင့် ကျော်သန်း တို့ ညီနောင်နှစ်ဦး နေထိုင်ကြသည်။ မြန်မာများဖြစ်၍ မြန်မာစကား အလွန် ကျွမ်းကျင်ပေသည်။ သူတို့လည်း ကူညီနိုင်ကြသည်။

## ရာဇဂြိုဟ်သို့

ရာဇဂြိုဟ်ကို ရာဂျ်ဂီရိဟုခေါ်သည်။ ဗုဒ္ဓဂါယာမှ လည်းကောင်း ဂါယာမှ လည်းကောင်း၊ ပတ္တနားမှ လည်းကောင်း သွားနိုင်သည်။ ရာဂျ်ဂီရိ ဟုပြောကာ စီးရသည်။ ရောက်လျှင် ဘားရ်မိစ်မန္ဒိရ် ဟု မေးလျှင် လူတိုင်းလို သိကြသဖြင့် လွယ်ကူစွာ ရောက်နိုင်သည်။ ယင်းကျောင်းရောက်လျှင် ဆရာ တော်၏ ဧည့်ဝတ်ကျေပွန်မှုကြောင့် ရောက်သူတိုင်း ချမ်းသာစွာ တည်းခိုနိုင်ပြီး အစစကူညီပေလိမ့်မည်။

## နာလန္ဒာသို့

ရာဇဂြိုဟ်ရောက်လျှင် နာလန္ဒာသို့ ကားဖြင့်ဆက်သွားရုံပင်ဖြစ်သည်။ ဂါယာဘက်မှလာလျှင် ရာဇဂြိုဟ်ကိုကျော်ဖြတ်ပြီးမှ နာလန္ဒာရောက်နိုင်သည်။ (ဤခရီးသည် အဆင်ပြေသည့်လမ်းဖြစ်သည်) ပတ္တနားမှလာလျှင်မူ နာလန္ဒာကို ကျော်ဖြတ်ပြီးမှ ရာဇဂြိုဟ်သို့ရောက်ပေမည်။ နာလန္ဒာရောက်လျှင် နဝ နာလန္ဒာခေါ် နာလန္ဒတက္ကသိုလ်တွင် ဆရာတော် ဒေါက်တာဇာဂရနှင့် ပညာ သင်ကျောင်းသားအဖြစ် မြန်မာရဟန်းများနေကြသည်။ ကူညီလမ်းညွှန်နိုင်ကြ သည်။

ဤသည်မှာ တစ်ဦးချင်း မိမိတို့အစီစဉ်ဖြင့် ဘုရားဌာနများသွားလို လျှင် အဆင်ပြေစေရန် လက်လှမ်းမှီသမျှ လမ်းညွှန်လိုက်ရခြင်း ဖြစ်သည်။ အဆင်ပြေရာ မိမိနှစ်သက်ရာတို့ဖြင့်သာ သွားရောက်နိုင်ကြပေသည်။ အိန္ဒိယ ဘုရား ဌာနတို့တွင် တည်ခိုရန်အတွက် ပူရန်မလိုပေ။ နေရာတိုင်းတွင် မြန်မာ ကျောင်းများရှိပေသည်။ ရှေးဆရာတော်များနှင့် မြန်မာများသည် ဘုရားဖူး များ လွယ်ကူစွာတည်းခိုနိုင်ရန်အလို့ငှါ မြန်မာကျောင်းများ တည်ဆောက် တားကြကာ ယခုလက်ရှိ ဘုန်းကြီးများက ဆက်လက် စောင့်ရှောက် ကူညီ လျက်ရှိကြပေသည်။

* * *

# အိန္ဒိယနိုင်ငံရှိ-မြန်မာကျောင်းများ၏လိပ်စာများ

## ၁။ ကာလကတ္တား

ဦးကောဝိဒ
မြန်မာဗုဒ္ဓဘာသာကျောင်း
၁၀-အေ၊ အဒင်ဆေးရုံလမ်း
အစ္စလမ်းမီးယားဆေးရုံအနီး
ကာလကတ္တား–၇၀၀၀၇၃
ဖုန်း–၂၇–၃၇၃၁

U Ko Wida
Burmese Buddhist Temple
10 A Eden Hospital Road
Near Islamia Hospital
Calcutta 700073
Phone 27-3731.

## ၂။ ဗုဒ္ဓဂါယာ

ဦးဉာဏိန္ဒ
မြန်မာကျောင်း
ဗုဒ္ဓဂါယာ၊ ဂါယာမြို့၊ ဗိဟာ
ပြည်နယ်
ဖုန်း–၂၁

U Nya Neinda
Burmese Vihar
Buddha Gaya , Gaya District Bhihar
Phone 21

## ၃။ ဗာရာဏသီ

အရှင်ဂမ္ဘီရဗုဒ္ဓိ
မြန်မာကျောင်းသစ်
အက်စ်–၁၇/၃၃၀–အေ၊
မာလ်ဒါဟီယာ
ဗာရာဏသီမြို့ ၂၂၁၀၀၂၊
ယူပီပြည်နယ်
ဖုန်း-၄၄၆၀၄

Ashin Gambhira Buddhi
Burmese Buddhist Temple
S 17/330 A Maldahia
Varanasi 221002 U P
Phone 44604

၄။ **ဆီဂရာကျောင်း**
(ဆာဦးသွင်ကျောင်း)
ဦးကိတ္တိမာ
မြန် မာ (ဆာ ဦး သွင်)
ကျောင်း
ဆီ ဂ ရာ ရပ်၊ ဗာ ရာ ဏ သီ–
၂၂၁၀၀၁
ယူပီ–ပြည်နယ်
ဖုန်း– ၅၂၅၁၉

U Kittima
Boudh Mandir
D 84/135 Vidyapith Road
Sigara Varanasi 221001 U. P.
Phone 52519

၅။ **မိဂဒါဝုန်ကျောင်း**
ဦးတိက္ခိန္ဒြိယ
မြန်မာကျောင်း
ဆာရနာတ်၊ ဗာရာဏသီမြို့
၂၂၁၀၀၇

U Tik Khein Driya
Boudh Mandir
Sarnath P.O.
Varanasi.

၆။ ရာဇဂြိုဟ်
ဦးဇယန္တ
မြန်မာကျောင်း
ရာဇ္ဂျီဂိရိမြို့၊ ဗီဟာပြည်နယ်

U Jayanta
Burmese Temple
Raj Giri Nalanda Dist.
Bhihar.

၇။ **နာလန္ဒတက္ကသိုလ်**
ဒေါက်တာ ဦးဇာဂရာဘိဝံသ
နဝနာလန္ဒာမဟာဝိဟာရ
နာလန္ဒာ၊ ဗီဟာပြည်နယ်

Dr. U, Jaeara Bhi Wunsa
Navanalanda Maha Vihara
Nalanda, Rajgiri, Bhihar

၈။ **ကုသိနာရုံကျောင်း**
ဦးဉာဏိဿရ
ကုသီနဂါး မြန်မာကျောင်း
ကုသီနဂါရ် ဒေအိုရိယခရိုင်
ယူပီပြည်နယ်
ဖုန်း–၃၁

U Nya Ne Swara
Burmese Mandir
Kushinagar Deoria Dist. U.P.
Phone 31

| | |
|---|---|
| ၉။ **ပတ္တနားကျောင်း**<br>ဦးသိရိဇေယျ<br>၁၀ - ရာဇိန္ဒရာနဂါးရ်<br>ရာဇိန္ဒရာလမ်း<br>ပတ္တနား | U Thirizeya<br>Burmese Temple<br>10 Rajendra Nagar<br>Rajendra Marg<br>Pattna. |
| ၁၀။ **နောင်ဂါးရ်ကျောင်း**<br>ဆရာတော်ဘုရားကြီး ဦးနန္ဒဝံသ<br>မြန်မာကျောင်း<br>မီးရထား ဘူတာရုံအနီး<br>တေတရီဘဇား<br>ဘတ်စ်တီး ခရိုင်၊ နောင်ဂါးမြို့<br>ယူပီ—ပြည်နယ် | U Nadawuntha<br>Burmese Temple<br>Near Railway Station<br>Tetri Bazaar P.O.<br>Basti Dist , Naugar U.P |
| ၁၁။ ဗာလ်ရာမ်ပူကျောင်<br>ကျောင်းဘုန်းကြီးမရှိ<br>မီးရထား ဘူတာရုံလမ်း<br>ဗာလ်ရမ်ပူမြို့၊ ဂွန်ဒါခရိုင်၊ ယူပီ<br>ပြည်နယ် | Burmese Temple<br>Railway Station Road<br>Malrampur Gonda Dist. U.P |
| ၁၂။ **သာဝတ္ထိကျောင်း**<br>ကျောင်း ဘုန်းကြီးမရှိ<br>မြန်မာကျောင်း<br>ဆာဟဲက် မဟဲက်(ဆာဝရ်ဝစတီး)<br>ဂွန်ဒါခရိုင်၊ ယူပီ—ပြည်နယ် | Burmese Temple<br>Sahek Mahek ( Sarvasti )<br>Gonda Dist U.P |

---

စာမျက်နှာ ၈၇ ၇၆ ပ

နာလန္ဒ တက္ကသိုလ် မှ တူ [illegible]



မိဂဒါဝုန် ချောက်ခဏ္ဍီ စေတီတော်



# ဗာရာဏသီ–အရှင်ဂမ္ဘီရဗုဒ္ဓိ

# ၏

# ကိုယ်ရေးဖြစ်စဉ်အကျဉ်း

အရှင်ဂမ္ဘီရဗုဒ္ဓိကို ပဲခူးတိုင်း သနပ်ပင်မြို့နယ်၊ တာဝ ရေတံခါးကျေးရွာ။ ဦးဘိုးရွှေ-ဒေါ်ဖွား အေးတို့မှ, အငယ်ဆုံးသားအဖြစ် ၁၉၄၂ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ငယ်စဉ်တွင် ယင်းကျေးရွာ ရွှေနန်းရိပ်သာကျောင်း၊ ဦးရီး ဆရာတော်ထံ ပညာသင်ကြားခဲ့သည်။ စာမေးပွဲ ပညာများကို ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်မှ ဓမ္မာစရိယ ပါဠိ ပါရဂူဘွဲ့ရသည်အထိ အောင်မြင်ခဲ့ပြီး စာပေများကို ပို့ချခဲ့သည်။

၁၉၆၅-တွင် ဦးရီး ဆရာတော် ပျံလွန်သဖြင့် တာဝ ရေတံခါးရွာ, ရွှေနန်းရိပ်သာ ကျောင်းတွင် ကျောင်းထိုင် ပဓာန ဖြစ်ခဲ့သည်၊ ထိုစဉ် ဘုန်းတော်ကြီး မူလတန်းကျောင်း ဖွင့်လှစ်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများ သင်ကြားပေးခြင်း၊ ဒေသတွင်းရှိ အစ္စလာမ်လူငယ်များအား ဗုဒ္ဓဘာသာအဖြစ် ပြောင်းလဲစေခဲ့ခြင်း ကျောက်သဘော်ဝါဒ ခုခံကာကွယ်ရေးအတွက် တာဝတိုက်နယ်နှင့် သနပ်ပင်မြို့နယ်လုံးဆိုင်ရာ ကျောင်းပေါင်းစုံ ပါဝင်သည့် (ဂိုဏ်းပေါင်းစုံ ညီညွတ်ရေး သံဃာ့အဖွဲ့ကြီး) တွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ တရားဟောခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

၁၉၇၄–တွင် ဝေါမြို့မှ ပင့်ဆောင်သဖြင့် ဝေါမြို့ သုခိတာရုံကျောင်းကို ပရိယတ္တိ စာသင်တိုက်အဖြစ် စတင် ထည်ထောင်ခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ပျိုးခင်းအမည်ဖြင့် စုပေါင်း ပညာသင်စံနစ်တွဲဘက်မူလတန်းကျောင်း ဖွင့်လှစ်ခြင်း အထက်တန်းကျောင်းတွင် ကျောင်းသူ ကျောင်းသားများအား ဘာသာရေးသင်တန်း ပို့ချခြင်း၊ ဗုဒ္ဓဘာသာ သဘောတရားရေးရာ သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ တရားဟောခြင်း၊ ဝေါ၊ ပဲခူး၊ သနပ်ပင် (၃) မြို့နယ် ဂိုဏ်းပေါင်းစုံ သံဃာများအတွက် သာသနာ့မူလ ပရိယတ္တိစာပြန်ပွဲနှင့် စာမေးပွဲကို တည်ထောင်ကျင်းပခြင်း၊ ဝိုင်-အမ်-ဘီ-အေ အသင်းကြီး၏ မင်္ဂလာ ဗုဒ္ဓဝင် စာမေးပွဲလက်ခံ၍ ဝေါမြို့ အထက်တန်းကျောင်းသူ ကျောင်းသားများအပါအဝင် သင်တန်းပေးပြီး စာမေးပွဲတွင် ပါဝင်စေခဲ့ခြင်း၊ ပဲခူးတိုင်း ပြည်သူ့ကောင်စီ၏ လက်မှတ်ဆက်ကပ်သဖြင့် ပဲခူးတိုင်း ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ မွန်ပြည်နယ် ကျိုက္ခမိမြို့၏ ဝိဝါဒါဓိကရုဏ်းတွင် ဝိနည်း ဓိုရ်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတော် ဝိနည်းဓိုရ်အမှတ် (၃) အဖွဲ့၏ ကြောင်ပန်းတောရ ဝိပဿနာဝါဒ ဝိနိစ္ဆယတွင် စောဒကအဖွဲ့ တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၂ ဩဂုတ်လ ၂၁-ရက်နေ့တွင်အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ မြန်မာကျောင်းသစ်(ဆေးဝင်ဘာ) ကျောင်းသို့ သာသနာပြုရန် ထွက်ခွာခဲ့ပါသည်။ အိန္ဒိယနိုင်ငံ ဗာရာဏသီ မြန်မာ ကျောင်းအား မြန်မာပိုင်-သာသနာ့မြေ အဖြစ်မှ မပျောက်ပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းခြင်း၊ မဒရပ်စ်မြို့တွင် မြန်မာ ဗုဒ္ဓဘာသာ ကျောင်းအသစ်ဆောက်လုပ်ခြင်း၊ အမြင့် ဉာဏ်တော်ပေ-၈၀ ရှိ စေတီတော်ကြီးနှင့် အမြင့် ၇ ပေရှိ မုဒြာ ၄ မျိုး ဆင်းတုတော်ကြီးများ တည်ထားဆဲဖြစ်ခြင်း၊ ဗုဒ္ဓ မူလတန်းကျောင်း အမည်ဖြင့် ကျောင်းဖွင့်လှစ်၍ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများသင်ကြားပေးခြင်း၊ ဘာသာရေးဆွေးနွေးခြင်း၊ တရားဟောခြင်း၊ စသည်တို့ဖြင့် သာသနာပြုခဲ့ရာ အနောက်နိုင်ငံသား (၂၇၉) ဦးနှင့် အိန္ဒိယသား (၂၀၀၀) ကျော်တို့ကို ဗုဒ္ဓဘာသာအဖြစ် ရောက်စေ ခြင်း၊ လေမုန်တိုင်းကြောင့် ဒုက္ခရောက်လာသူ မြန်မာ့ရေမျော ရေလုပ်သားများအား ကယ်ဆယ်ကျွေးမွေးစောင့်ရှောက်၍ နိုင်ငံတော် သံရုံးအား ကူညီခြင်း စသည်တို့ကို ဆောင်ရွက်ဆဲ ဖြစ်သည်။

တစ်ဖက်မှာလည်း ဗာရာဏသီမြို့ ဆန်ဆကရိ (တ်) တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့နှင့် ကာသီဝိဇ္ဇာ တက္ကသိုလ်မှ အင်္ဂလိပ် ဒီပလိုမာဘွဲ့တို့ကို ရရှိခဲ့ပြီး ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ်တွင် ပီအိပ်ချ်ဒီ (ပါရဂူ) ဘွဲ့ အတွက် ကျမ်းပြုနေပါသည်။

ထို့ပြင် မြန်မာ့ ဓလေ့ ဗုဒ္ဓဘာသာကို ကမ္ဘာသူ ကမ္ဘာသားများ သိရှိနိုင်ရန် ရည်သန်၍ (The Light of Dhamma) အမည်ရှိ မ_ဂဇင်းကို ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။

# တင်ရွှေစာအုပ်တိုက်တွင်ရရှိနိုင်သောစာအုပ်များ

မှာကြားလိုသောစာအုပ်များ

| | | | | |
|---|---|---|---|---|
| ၁။ | အသက်လေးဆယ်ကျော်လျှင် | | ၆၅ ကျပ် | (　　) |
| ၂။ | ကမ္ဘာတွင် စံပြုထားသောမှတ်တမ်းများ | (ပထမတွဲ) | ၅၀ ကျပ် | (　　) |
| | | (ဒုတိယတွဲ) | ၅၈ ကျပ် | (　　) |
| ၃။ | အထွေထွေဗဟုသုတလေ့လာနည်းပညာ | (ပထမတွဲ) | ၄၀ ကျပ် | (　　) |
| | | (ဒုတိယတွဲ) | ၄၀ ကျပ် | (　　) |
| ၄။ | လူငယ်များအတွက် ဉာဏ်စမ်းပညာ | (ပထမတွဲ) | ၃၅ ကျပ် | (　　) |
| | | (ဒုတိယတွဲ) | ၃၅ ကျပ် | (　　) |
| ၅။ | နိုင်ငံတကာအင်္ဂလိပ်စာ (**Toefl**) | (ပထမတွဲ) | ၅၀ ကျပ် | (　　) |
| | | (ဒုတိယတွဲ) | ၃၅ ကျပ် | (　　) |
| ၆။ | အခြေခံ ကုထုံးကုနည်းများ | (ပထမတွဲ) | ၄၈ ကျပ် | (　　) |
| | | (ဒုတိယတွဲ) | ၄၈ ကျပ် | (　　) |
| ၇။ | လက်တွေ့အသုံးချအဆင့်မြင့်ဖိုမပညာ | (ပထမတွဲ) | ၄၈ ကျပ် | (　　) |
| | | (ဒုတိယတွဲ) | ၅၂ ကျပ် | (　　) |
| ၈။ | သင့်ရင်သွေး | (ပထမတွဲ) | ၃၅ ကျပ် | (　　) |
| | | (ဒုတိယတွဲ) | ၃၅ ကျပ် | (　　) |
| ၉။ | သားသမီးနီးလိုဝေးလိုသော် | | ၃၂ ကျပ် | (　　) |
| ၁၀။ | စိတ်ပညာစမ်းသပ်နည်း | | ကျပ် | (　　) |
| ၁၁။ | **Ceraebral Malaria** | | ၂၀ ကျပ် | (　　) |
| ၁၂။ | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ | | ၄၀ ကျပ် | (　　) |
| ၁၃။ | နိုင်ငံတကာအဆင့်ဉာဏ်စမ်းပဟေဠိ (**Computer** အဆင့်ရည်မှန်းသူများအတွက်) | | ၃၀ ကျပ် | (　　) |
| ၁၄။ | ဉာဏ်စမ်းပညာပေါင်းချုပ် (**I.Q**) | | ၃၅ ကျပ် | (　　) |
| ၁၅။ | ကိုယ်ဝန်ဆောင်လက်စွဲ | | ၃၈ ကျပ် | (　　) |
| ၁၆။ | ငှက်ဖျားရောဂါ | | ၅၅ ကျပ် | (　　) |
| ၁၇။ | အဆင့်မြင့်ဉာဏ်စမ်းပညာ | | ၄၈ ကျပ် | (　　) |
| ၁၈။ | ကမ္ဘာ့အမြင့်ဆုံး မင်ဆာအဆင့်ဉာဏ်စမ်းပညာ | | ၃၀ ကျပ် | (　　) |
| ၁၉။ | အရေပြားရောဂါများ | | ကျပ် | (　　) |
| ၂၀။ | လက်တွေ့အသုံးချဆေးဝါးဗေဒ | | ၄၅ ကျပ် | (　　) |
| ၂၁။ | မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း (ပ+ဒု+တ+စ+ပဉ္စမ) ဆဋ္ဌမတွဲထွက်ပြီ | | ၄၈ ကျပ် | (　　) |

စာအုပ်များမှာကြားရန်

# ဆီးချိုရောဂါ

## ဆရာဝန်တင်ရွှေ + ဒေါက်တာဝင်းမြင့်

ဆီးချိုရောဂါကုထုံးမှာ ခေတ်ကာလအလျောက် ပြောင်းလဲလျှက်ရှိ၏၊ တစ်ချိန်ကဆိုလျှင်-

**အဆီ**

အဆီပါသော အစားအစာကိုရှောင်ဖို့ မည်သူကမျှ တိုက်တွန်းခြင်း မရှိခဲ့ကြချေ။ ယခုခေတ်ကျမှ ဆီးချိုရောဂါသည်များသည် လေဖြတ်၊ နှလုံးသွေးကြောပိတ် ရောဂါများကြောင့် အဓိက သေဆုံးနေကြသည်ကို တွေ့ကြရပြီး ဝက်သား၊ အုန်းသီး နှင့် အခြားသွေးထဲ၌ ကိုလက်စတီရောဓါတ်ကို တိုးစေသော အစားအစာများကို ရှောင်ကြရမည်ဟု ဆိုလာကြသည်။

**ထမင်း**

တစ်ချိန်ကကုထုံးက ထမင်းနှင့်ဂျုံကို တတ်နိုင်သမျှ လျှော့စားစေခဲ့ကြသည်၊ ယခုခေတ် ကျပြန်တော့ မိုနိုဆက်ကရိုက် **monosaccharides** ဟုခေါ်သောသကြား ဂလူးကို့စ် တို့ကိုသာ အဓိက ရှောင်စေပြီး ပေါလီဆက်ကရိုက် **polysaccharides** ဟုခေါ်သော ကမင်း၊ ဂျုံ ၊ ကန်စွန်းဥ၊ အာလူး တို့ကို ကြပ်ကြပ်မတ်မတ်ရှောင်ဖို့ မပြောကြတော့ပဲ အမျှင်ဓါတ်ကြွယ်ဝသော အစားအစာကို တးသုံးကြဖို့ဆိုလာကြသည်။

သွေးထဲမှ သကြားဓာတ်ကို လျှော့ကျစေသော ဆေးဝါးများကို ပုံမှီအားထားလာကြသည်။

**ဆေးဝါး**

ခေတ်ကာလဒေသကုပင် ဆီးချိုရောဂါက ဆေးသစ်ဝါးသစ်တွေလည်း အပြိုင်ပေါ်လာခဲ့ပြန်သည်။ ထို့ကြောင့် ဆီးချိုရောဂါသည်တစ်ယောက်သည် ရောဂါကို အမြဲတန်းသိမ်းပြီးနေထိုင်ပါက အထူးမပင်ပန်းပဲ ဘဝသက်တမ်းစေ့ နေထိုင်နိုင်သောခေတ်ကို ရောက်ပါပြီ။

မြန်မာနိုင်ငံတွင် ဆီးချိုရောဂါဖြစ်ပွားသည့်နှုန်းသည် မနိမ့်ပါ၊ အသက် ၄၀ ကျော်လာပြီး လူကြီးများတွင် လူတစ်ရာလျှင် နှစ်ယောက်ရှိနေမလားမသိပါ။ ရောဂါသည်အတော်များများမှာ သူတို့၌ ဤရောဂါစွဲကပ်နေမှန်း မသိကြသောကြောင့် ဖြစ်ရသည်။

ဤစာအုပ်ငယ်က ဤသို့ငုပ်နေသောရောဂါသည်များအား ဖော်ထုတ်ရာတွင် အကူအညီပေးပြီး ရောဂါဖြစ်ပွားနေသူတိုင်းကို သိပ္ပံနည်းကျ နေထိုင်သွားနိုင်ကြ အောင် အထောက်အကူပြုပါလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်ကို ရေးသားရာတွင် စာရေးသူတစ်ဦးသည် တာဝန်အရ နိုင်ငံခြားသို့ သွားရောက်ခွင့်ရခဲ့စဉ် အမေရိကန် ဂျွန်ဟော့ပကင်းတက္ကသိုလ် ဆီးချိုရောဂါအထူးကုဌာန၊ ဗြိတိန်နိုင်ငံ ယူနီဗာစီတီကောလိပ် ဆီးချိုရောဂါအထူးကုဌာနများသို့ ရောက်ပါသည်။ ထိုစဉ်စုဆောင်းရရှိသော တရုက်တတမ်းများကို အခြေပြု၍ ဤစာစုကို ရေးသားပါသည်။ လက်တွေ့အသုံးဝင်သော ဆေးနှင့်ယှဉ်သည့် စာတစ်အုပ်ဖြစ်ပါလိမ့်မည်ဟု မျှော်လင့်ပါသည်။

**စာရေးသူများ**

ဒုတိယ အကြိမ် ပုံနှိပ်ခြင်း ထွက်ပါပြီ

သူနာပြုဆရာမများနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်း
များအတွက်

# ရောဂါကုထုံးကုနည်းများ

**SYNOPSIS OF MEDICAL TREATMENT FOR NURSES AND PARAMEDICAL WORKERS**

ဆရာဝန်တင်ရွှေ
M.B.B.S, D.P.T.M. (RGN)
D.C.M.T. PhD. (LONDON)

ဤစာအုပ်တွင်

- နေ့စဉ် တွေ့ကြုံရတတ်သော ရောဂါများ ဖြစ်ပွားရသည့် အကြောင်းရင်း:၊ အဓိက လက္ခဏာများ: ကာ ကွယ် နည်း။ စသည်တို့ကို သက်ဆိုင်ရာ သင်တန်းများ၌ သင်ယူခဲ့သည်ကို ပြန်လည် အမှတ်ရစေရန် အကျဉ်းချုံး၍ ဖော်ပြပါသည်။
- ရောဂါ တစ်မျိုးလျှင် အားထားလောက်သည့် အဓိက ဆေး တစ်မျိုး နှစ်မျိုးကိုသာ လက်တွေ့ အသုံးပြုနိုင်ရန် ဖော်ပြပါသည်။
- အဖွမ်းထက်ပေမဲ့ အန္တရာယ်မကင်းသော ဆေးများကိုအရမ်း မသုံးစွဲမိစေရန် လမ်းညွှန်ပါသည်။
- ဆရာဝန်လက်လှမ်း မမီသော ဒေသ၌ ခေတ်မီ သိပ္ပံပညာကို အကောင်းဆုံး အသုံးပြုနိုင်မည်ဆိုပါက ဤစာအုပ်၏ဦးတည် ချက် ပြည့်မြောက်ပါမည်။

ဤစာအုပ်ရေးသားရာတွင်—

မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ ဆေးပညာပါရဂူများ စုပေါင်းရေးသား ကြပြီးဆေးပညာပါရဂူ ဆရာဝန်ကြီးဒေါက်တာ ဦးကျော်ဝင်း M.B.B.S, F.R,C.P.E, D,T·M&H. က တာဝန်ယူတည်းဖြတ်သည့် (Text Book of Internal Medicine) ဒုတိယအကြိမ် ပုံနှိပ်ခြင်း (၁၉၈၆ စာအုပ်ကို အဓိကထား၍ မှီငြမ်းကိုးကားပါသည်။

# THE GUINNESS BOOK OF RECORDS

## ဂင်းနစ် စံပြုထားသော ကမ္ဘာ့မှတ်တမ်းစာအုပ်
## ဤစာအုပ်တွင်

ကမ္ဘာ့အမြင့်ဆုံးစေတီတော် = ရန်ကုန်မြို့ရွှေတိဂုံစေတီတော်၊
ကမ္ဘာ့အကြီးဆုံးစာအုပ် = မန္တလေးမြို့ ကုသိုလ်တော်ဘုရားမှ ပိဋကတ်ကျောက်စာများ၊
ကမ္ဘာ့အကြီးဆုံးခေါင်းလောင်း = မင်းကွန်းခေါင်းလောင်း-

စသည့် မြန်မာအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးမှ စံပြုထားရသော ကိစ္စအဝဝကို ၁၉၆၅–ခုနှစ်မှစပြီးမှတ်တမ်းတင်ပေးထားပါသည်။

စာပေအဖြစ် မှတ်တမ်းတင်ရုံမက ဓာတ်ပုံ၊ ရုပ်ပုံ ပုံတူများကိုပါ စုဆောင်းထားရှိပြီး အမေရိကန်နိုင်ငံတွင် ပြတိုက်အဖြစ် ပြသထားပါသည်။ နှစ်စဉ် ကမ္ဘာ့စံစာအုပ်ကြီးကို ရုပ်ပုံများစွာဖြင့် ထုတ်ဝေပါသည်။ ကမ္ဘာပေါ်တွင် အရောင်းရဆုံးစာအုပ်တစ်အုပ် ဖြစ်ပါသည်။ နောက်ဆုံးထုတ်စာအုပ်မှ ရုပ်ပုံအချို့ကို ဗဟုသုတယူနိုင်ရန် ဤစာအုပ်တွင် ဖော်ပြပါသည်။ ''ဂင်းနစ် ကမ္ဘာ့စံချိန်''ကို ဘာသာမျိုးစုံသို့ ပြန်ဆိုထားရှိပြီး

စာမူခွင့်ပြုချက် ၂၀ ဇွ၈ (၁၁)
ပထမတွဲ ၃၀ ကျပ်
ဒုတိယတွဲ ၃၈ ကျပ်
(ဒုတိယတွဲ ထွက်ပါပြီ)

# စာအုပ်စင်
## ကိုကြီးဖြိုး

### မြတ်ဗုဒ္ဓ သာသနာပုံတော် သမိုင်း (ပထမတွဲ) (ဒုတိယတွဲ) (တတိယတွဲ)

**ဆရာဝန်တင်ရွှေ ရေးသည်။**
**တင်ရွှေစာပေ၊ ၃၉၊ဦးကြွယ်ထိုးလမ်း၊ ကြည့်မြင်တိုင်၊ရန်ကုန်မြို့က ထုတ်ဝေသည်။**
**တန်ဖိုး ကျပ် ၄၀။**




ဗုဒ္ဓဘာသာဝင်တို့ အတွက် လွန်စွာပင် အကျိုးရှိ လှသော စာအုပ် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓ၏ နေရာ တော်များကို သွားရောက် ဖူးမြော်လိုကြ စမြဲ ဖြစ်သည်။ သို့သော် သွားရောက်ဖူးမြော် ရေး မှာ များစွာ မလွယ်ကူလှ၊ ယင်း မလွယ်ကူမှုကို ဤစာအုပ်က တစ်နည်း တစ်ဖုံ ဖြည့်ဆည်းပေးသည်။

ဤစာအုပ် ဖတ်ရင်း ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖူး ခရီး ထွက်သကဲ့သို့ ရှိနိုင်ကြသည်။ ဗုဒ္ဓနှင့်သက်ဆိုင်သော နေရာပေါင်း များစွာသို့ ရောက်နိုင်ကြသည်။ ဤစာအုပ်တွင် ဖော်ပြထားသည့် ရှားပါးသော ဓာတ်ပုံများက စာဖတ်သူအား နေရာ အများ အပြားသို့ ခေါ်ဆောင်သွားပါလိမ့်မည်။

စာအုပ်ကိုအတွဲ သုံးတွဲတစ်ပြိုင်တည်းထုတ်ဝေ ထားသည်။ စာသား အကြောင်းအရာထက် ဓာတ်ပုံအကြောင်းအရာတို့ကို ဦးစားပေးထားသည်။ ဆရာဝန်တင်ရွှေသည် ရှားရှားပါးပါး ဓာတ်ပုံများ မြောက်မြားစွာကို စုဆောင်းပြီး တကူး တကန့် ကြိုးစားဖော်ပြထားသည်။ ထုတ်ဝေလိုက်သော အတွဲ သုံးတွဲ တွင် ပထမတွဲ၌ မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၌ နိုင်ငံတကာသို့ ဗုဒ္ဓ သာသနာပြန့်ပွားခဲ့ရာမှဘုရား၊ တရား၊ သံဃာတို့၏ အသွင်၊ တတိယတွဲတွင် အိန္ဒိယတိုက်ငယ်၌ ဗုဒ္ဓဘာသာ သာသနာတော် ပြန့်ပွားခဲ့ပုံတို့ကို အသီးသီး တင်ပြထားသည်။

စာရေးသူကအတွဲပေါင်း (၉)တွဲ အထိ ထုတ်ဝေမည်ဟု ကြော်ငြာထားရာစောင့်မျှော်ဖတ်ရှုကြရန်ဖြစ်သည်။

[illegible] [illegible]




# မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း (စတုတ္ထတွဲ) (ပဉ္စမတွဲ) (ဆဋ္ဌမတွဲ)

**ဆရာဝန် တင်ရွှေ ရေးသည်။**
**တင်ရွှေ စာပေ၊ ၃၉ ဦးကြွယ်ဟိုးထမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။**
**တန်ဖိုး ၄၈ ကျပ်စီ**




ဆရာဝန် တင်ရွှေသည် ယခုနှစ် ဆန်းပိုင်းက မြတ်ဗုဒ္ဓသာသနာပုံတော် သမိုင်း ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ စာအုပ် သုံးအုပ်ကိုထုတ်ဝေခဲ့ သည်။ ယခု ယင်း စာအုပ်များနှင့် ဆက်စပ်ဖတ်ရှုကြရန် စတုတ္ထတွဲ၊ ပဉ္စမတွဲ၊ ဆဋ္ဌမတွဲစာအုပ် သုံးအုပ်ကို ဆက်လက်ထုတ်ဝေလိုက် ခြင်းဖြစ်သည်။ နိုင်ငံတကာသို့ဗုဒ္ဓဘာသာသာသနာတော်ပြန့်ပွားရောက်ထွန်းကားပုံများကို ဦးတည်ရေးသားထားသည့် ဆရာဝန် တင်ရွှေ၏ စာအုပ်များတွင် စတုတ္ထတွဲ၌မဟာယာနဗုဒ္ဓဘာသာနှင့် တရုတ်နိုင်ငံအကြောင်းကိုဖော်ပြထားသည်။ တရုတ်နိုင်ငံမင်းဘုရင် (အေဒီ၅၈-၇၅)ခုနှစ်ကာလက တရုတ်ပြည်ကို အုပ်စိုးစဉ် ဘုရင်၏ ကိုယ်စားလှယ်များ တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ အတွေးအခေါ် စတင်ယူဆောင်ခဲ့ကြသည်။ နောင်နှစ်များ ကြာသောအခါအိန္ဒိယ နိုင်ငံမှရဟန်းတော်ဘင်ပါး ဗုဒ္ဓဘာသာကျမ်းစာများနှင့် အတူ ရောက်ရှိသွားခဲ့ ပြန်သည်။ ယင်းအခြေအနေများကို အကြောင်းပြုပြီး တရုတ်နိုင်ငံတွင် ဗုဒ္ဓဘာသာတပြည်းပြည်းထွန်းကားလာပုံများကို ရေးသားထားသည်။



# ငှက်ဖျားရောဂါ

ဆရာဝန်တင်ဖေ

နိုင်ငံတော်လုံခြုံရေးအတွက် အသက်ပေး ကာကွယ်နေကြသော ရှေ့တန်းရောက် တပ်မတော်သားများအတွက် အထူး။

ဤကမ္ဘာကြီးတွင် နှစ်စဉ်ငှက်ဖျားရောဂါဖြစ်ပွားနေသူ ၁၅ သန်း ရှိ၍ ကလေး ၃ သန်းခန့်မှာ ဤရောဂါကြောင့် နှစ်စဉ် ဖိတ်စင် လျက်ရှိပါသည်။ (UNICEF 1988)

ငှက်ဖျားသည် ကျန်းမာရေးအမြင်အရ အမျိုးသား ရန်သူနံပတ်တစ်ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကြောင့် နှစ်စဉ်သေဆုံးရသူ သုံးထောင်ကျော်ရှိသည် (မြန်မာနိုင်ငံ ဆေးရုံများ စာရင်းမှ)

* ဤရောဂါကြောင့် သေဆုံးရသူ နည်းပါးစေရန် ကျေးလက်ဒေသ၌နေ ထိုင်ကြသော ကျန်းမာရေးဝန်ထမ်းကြီး ငယ်နှင့် လူထုလုပ်သားများ၏ဉာဏ်ချည်စွမ်းပကားကို အားထားရပါသည်။

* ကျေးလက်မှ ကျန်းမာရေးလုပ်သား များ ဖတ်ရှုလေ့လာနိုင်ရန်။

* နိုင်ငံတော်၏စီးပွားရေးစီမံကိန်းများ အောင်မြင်ရအောင် တောထဲတွင် တာဝန်ထမ်းဆောင်နေကြသော သစ်တော/သစ်ထုတ်လုပ်ရေးလုပ်သားများ၊ သတ္တုရှာဖွေရေးလုပ်သားများ၊ အကျဉ်းဦးစီးဌာနမှ လုပ်သားများ စသည်-တို့အာတွက်အာထူး

# လိင်မှုတစ်ဆင့် ကူးစက်သောရောဂါများ

## ဆရာဝန်တင်ရွှေ-ဆေးပညာစာအုပ်သစ်

ဤစာအုပ်ကို စာအုပ်ဝေဖန်ရေး ပညာရှင် ‘နေကြာ’ က ဤသို့မြင်ပါသည်။

ဆရာကြီး ဆရာဝန်တင်ရွှေ သည် ကျန်းမာရေး ပညာပေးနှင့်စပ်လျဉ်း၍ စေတနာပါပါ စာပေဝါသနာဇဥ်ရှိရှိဖြင့် အမျိုးမျိုးသော စာအုပ်များကို ပြုစုထုတ်ဝေခဲ့သူဖြစ်သည်။ ယခုလည်း ‘လိင်မှုတစ်ဆင့် ကူးစက်သောရောဂါများ (ကာလသားရောဂါများ) စာအုပ်ကို ပြုစုရေးသားထုတ်ဝေလိုက်ပြန်ပေပြီ။

သို့သော် ဆရာက ‘ယခင်ကာလသားရောဂါများ စာအုပ်ကို ခေတ်ရောဂါသစ်များနှင့် ပေါင်းစပ်ကာ ပြန်လည်ထုတ်ဝေပါသည်’ဟုရှိးသားစွာထုတ်ဖော် ကြော်ငြာထား၍ဖတ်ရှုသူတို့က ဆရာ့စေတနာကို နားလည်ကြရပေသည်။

ဤစာအုပ်တွင် နိဒါန်း၌ အရွယ်မရောက်သေးသူ လုလင်နှင့်လုံမပျိုတို့အတွက် ဖို-မ သဘာဝပညာပေးမှုနှင့် ကာလသားရောဂါအကြောင်းကို သွန်သင်ပညာပေးရန် အထူးတိုက်တွန်းထားပါသည်။ ‘ဆစ်ဖလစ်ကာလသားရောဂါ၊ ဂနိုးရီးနီယား၊ ကလာမီဒီးယား ရောဂါသစ်၊ ဗိုင်းရပ်ပိုးများကြောင့် ဖြစ်ပွားရသော ရောဂါများ၊ အေအိုင်ဒီအက် (သို့) ခုခံအား ကျဆင်းမှုရောဂါ’ စသည်တို့ကို ခေါင်းစဉ်ငယ်ပေါင်း များစွာဖြင့် အသေးစိတ် ရှင်းလင်း တင်ပြထားပေသည်။

နောက်ဆုံး ဆရာ့စေတနာ ထင်ရှားစေသည်မှာကား ‘ကုထုံးကုနည်းများ’ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားခြင်းပင် ဖြစ်သည်။

ဤစာအုပ်ကို ဖတ်ရှုရခြင်းဖြင့် စစ်မဖြစ်မီ ကာလက ဆရာကြီးသိန်းဖေမြင့် ရေးသားခဲ့သော ‘တက်ခေတ်နတ်ဆိုး’ ရသစာပေဝတ္ထုကို သတိရမိစေပါသည်။

ဆရာကြီး ဆရာဝန် တင်ရွှေ၏ ... ‘လိင်မှုတစ်ဆင့် ကူးစက်သောရောဂါများ’(ကာလသား ရောဂါများ) စာအုပ်သည် လောကီ လူမှုနှင့် မကင်းနိုင်သည့် လူသားတိုင်း လက်ကိုင်ပြု ပညာယူရမည့် စာအုပ်ဖြစ်ပေသည်။

# တစ်သက် မခွဲ
# ရွေလက် တွဲလိုလျှင်

- အသည်းတဲနှင့်အောင်ချစ်ကြလို့ မောင်တင်ထမ်း မယ်တစ်ရွက် လက်တွဲကာ ဘဝကို ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ပြီး အိမ်ထောင်ပြုခဲ့ကြသည်ဆိုသော အိမ်ထောင်အချို့ ပြန်ကွဲနေကြသည်။ ရင်နင့်စရာ....

- ဗိုက်နာလျှင်၊ ဝမ်းပျက်လျှင်၊ ဖျားနာလျှင် ကုသစရာဆေးများ ရှိသလို အိမ်ထောင် မကွဲရအောင် ကြိုတင် ကာကွယ်ရန် ကွဲခါနီးအဆင့်မှ ပြန်လည် အဖတ်ဆယ်ရန် နည်းလမ်းများ ရှိသည်။

- နိုင်ငံ တကာမှ တင်ရှား ကျော်ကြား သည့် Marriage Guidance — Counsellor ပညာရှင်တို့ လမ်းညွှန်ချက်များကို စာအုပ်ထဲတွင် စုပေါင်းအကျဉ်းချုံး မြန်မာပြန်ဆို ပေးထားပါသည်။

- ကမ္ဘာကျော် အိမ်ထောင်ရေး ကျမ်းတစ်ရာကို တစ်ပြိုင်တည်း ဖတ်ရှုရသလို အကျိုးရစေမည်။

- မြန်မာစာပေ၌ ထွက်ပေါ်လေ့ မရှိသော ဘာသာရပ် ဖြစ်၍ မာတိကာကို ဖတ်ရှုပါ။ မိမိ၏ အိမ်ထောင် ရွေးရေးအတွက် တကယ် အကျိုးရှိမည် ထင်ပါမှ ဝယ်ပါ။

ပထမအကြိမ် ပုံနှိပ်စဉ်က ဝယ်မရလိုက်သူများအတွက်
ပထမတွဲ　　အမျိုးသားများအတွက်
ဒုတိယတွဲ　　အမျိုးသမီးများအတွက် မကြာမပြန်ထွက်ပါတော့မည်။



